# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## ဒုတိယပုံမှန်အစည်းအဝေးနှင့်
## အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)

# မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဇွန်လ

ya 1

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# မှတ်တမ်း

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၁၂. ၅. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာအား လွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃ |
| | (ဆ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၄ |
| | (ဇ) | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁-၁၁-၂၀၁၅)ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၄ |
| | (ဈ) | ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၇ |
| | (ည) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်း။ | ၇ |
| | (ဋ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၀ |


ya 2

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဌ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၃ |
| (ဍ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၅ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၅ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၆ |
| (တ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၆ |
| (ထ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း (၄)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆ |
| (ဒ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း (၈)ခုအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁ |
| (ဓ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း (၇)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၄ |
| (န) | ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာတောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြ ညှိနှိုင်းဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးရန် ”** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၄၄ |
| (ပ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၄၆ |


ya 3

စဉ် အကြောင်းအရာ စာမျက်နှာ

အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။

(ဖ) ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ခေတ်မီကလေးကစားကွင်း အမည်ခံ (အကြွေစေ့လောင်းကစားဆိုင်) များအား လုပ်ငန်းလိုင်စင် ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း ”** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၄၆

(ဗ) အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ ၄၈

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။

(ဘ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၄၈

၂။ **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၁၃. ၅. ၂၀၁၆)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၉

(ခ) တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၄၉

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၅၀

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၅၀

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၅၁

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမျိုးခိုင်၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့တင်ပြခြင်း။ ၅၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောညီဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်း။ | ၅၄ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ အတွင်းရေးမှူး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၅၈ |
| (ဈ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက မေးမြန်းသည့် မေးခွန်း (၉)ခုအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆၀ |
| (ည) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းသည့် မေးခွန်း (၆)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၂ |
| (ဋ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၈၀ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၈၀ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၈၀ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၈၀ |
| (ဏ) | ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန် "** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၈၂ |
| (တ) | အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၈၄ |
| (ထ) | ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းဆိပ်ကျေးရွာ ကျပ်သန်း(၆၀၀)တန် ဆေးရုံသစ် သောက်သုံးရေရရှိရေးအတွက် ဆေးရုံဝင်းအတွင်းမှာသာ တူးသင့်ပါကြောင်း "** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၈၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဒ) ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာတောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြ ညှိနှိုင်းဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးရန် "** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၈၅ |
| | (ဓ) ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ခေတ်မီကလေးကစားကွင်း အမည်ခံ(အကြွေစေ့လောင်းကစားဆိုင်)များအား လုပ်ငန်းလိုင်စင်ချထား ပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း "** အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ | ၈၇ |
| | (န) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၉၃ |
| ၃။ | **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၁၆. ၅. ၂၀၁၆)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၉၄ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၉၄ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၉၅ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၉၅ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၉၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (စ) | ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က (၈-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၉၆ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရေးရာ ကော်မတီ(၄)ခု ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။ | ၁၀၀ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။ | ၁၀၃ |
| (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်၊ ရေတာရှည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်း။ | ၁၀၅ |
| (ည) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) က လွှတ်တော်သို့တင်ပြခြင်း။ | ၁၀၉ |
| (ဋ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးကြည်ဇင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၁၁ |
| (ဌ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် ထပ်ဆင့်မေးခွန်း (၅)ခုအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၃ |
| (ဍ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း (၇)ခုအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၃ |
| (ပ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၃၃ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၃၃ |
| (တ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၃၃ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၃၃ |
| (ဒ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၄)က မေးမြန်းသည့် မေးခွန်း (၆)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၄ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (စ) | ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ယခုလတ်တလော ပြည်မြို့နယ်တွင် စိစစ်ပေါ်ပေါက်လျက်ရှိသည့် အရည်အသွေးပြည့်မီခြင်း မရှိသည့် ကျောင်းဆောင်များအတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အရေးယူ ပေးပါရန်နှင့် ယခုဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်မည့်တင်ဒါများကိုလည်း သေချာစွာစိစစ်ပြီးမှ ချထား ပေးပါရန် တိုက်တွန်းကြောင်း "** အရေးကြီးအဆိုကို တင်သွင်းခြင်းနှင့် အတည်ပြုခြင်း။ | ၁၃၉ |
| | (န) | ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန် "** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၁၄၅ |
| | (ပ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၄၈ |
| ၄။ | | **အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၁၇. ၅. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၄၉ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၄၉ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၅၀ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၅၀ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၅၁ |
| | (စ) | တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအမည် ပြောင်းလဲပေးရန် တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ | ၁၅၁ |
| | (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်း (၁)ခုအား တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင် တစ်ဦးက ဖြေကြားခြင်း။ | ၁၅၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၅၄ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၅၅ |
| (ည) | တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၅၅ |
| (ဋ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး(၂)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း။ | ၁၅၅ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း။ | ၁၅၆ |
| (ဍ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(၂)ဦး၏ အမည်စာရင်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ | ၁၆၂ |
| (ဎ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ | ၁၆၂ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ | ၁၆၅ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း။ | ၁၆၆ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၆။ | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေ သကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဗိုလ်မှူးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးတင်မျိုးနောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးရဲမောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးဇေယျာဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးရန်နိုင်စန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ဒုတိယပုံမှန်အစည်းအဝေး**

ပထမနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မေလ ၁၂ ရက် ]**

**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၃. ၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန]နှင့် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးသည် ကျန်းမာရေးမကောင်းပါသဖြင့်လည်းကောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်နှင့် ဗိုလ်မှူးမြတ်လှိုင်တို့သည် အရေးကြီးတာဝန် ထမ်းဆောင်ရန် ရှိပါသဖြင့် (၁၂-၅-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယမပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာအား လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(က)၊ (ခ) တို့အရ နိုင်ငံတော်သမ္မတဦးထင်ကျော် ပြောကြားသည့် မိန့်ခွန်းနှင့် သဝဏ်လွှာအား မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်က (၃၀-၃-၂၀၁၆)ရက်နေ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ပြောကြားသည့်မိန့်ခွန်းနှင့် (၁-၅-၂၀၁၆)ရက်နေ့ အလုပ်သမားနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပေးရန် ဖြစ်ပါတယ်။

**ဝန်ကြီးချုပ်**။ ။(တိုင်းဒေသကြီးဝန်ကြီးချုပ် မိန့်ခွန်းအား နောက်ဆက်တွဲဖြင့် ဖော်ပြပါသည်။)

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁-၁၁-၂၀၁၅)ရက်မှ (၃၀-၄-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁-၁၁-၂၀၁၅) ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ရွှေ(တရားလွှတ်တော်တရားသူကြီးချုပ်)**။ ။ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ (၁. ၁၁. ၂၀၁၅)နေ့မှ (၃၀. ၄. ၂၀၁၆) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ကို တရားသူကြီးချုပ်နဲ့ တရားလွှတ်တော်တရားသူကြီး (၂) ဦးတို့ဖြင့် ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သည် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများကို (၃. ၅. ၂၀၁၁) ရက်နေ့မှစ၍ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး (၂) ဦးတို့ဖြင့် ကြားနာဆောင်ရွက်လျှက်ရှိပြီး (၂၇. ၃. ၂၀၁၆)ရက်နေ့တွင် တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်းမှာ အသက် (၆၅) နှစ် ပြည့်သွားသည့်အတွက် တာဝန်မှအနားယူခဲ့ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

အစီရင်ခံခဲ့သည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော်တွင်စစ်ဆေးစီရင်ခဲ့သော ပြစ်မှုများနှင့်စပ်လျဉ်း၍ (၁. ၁၁. ၂၀၁၅)နေ့စာရင်းဖွင့်လက်ကျန်မှာ (၄၆၁ )မှုဖြစ်ပြီး စွဲဆိုတင်ပို့မှုမှာ (၄၀၄) ဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၈၆၅)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၄၈၂)မှုဖြစ်သဖြင့် (၃၀. ၄. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၃၈၃)မှု ဖြစ်ပါတယ်။

ဆက်လက်၍ တရားမမှုခင်းများနှင့် ပတ်သက်လို့တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏

(၁. ၁၁. ၂၀၁၅ )နေ့တရားမမှုခင်း စာရင်းဖွင့်လက်ကျန်မှာ ( ၂၂၂ )မှုဖြစ်ပြီးစွဲဆိုတင်ပို့မှုမှာ ( ၂၀၂ )မှု ဖြစ်သဖြင့် စစ်ဆေးရန်ရှိသည့် အမှုပေါင်းမှာ(၄၂၄)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၂၃၆)မှု ဖြစ်သဖြင့် (၃၀. ၄. ၂၀၁၆ ) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၈၈)မှု ဖြစ်ပါတယ်။

ပြစ်မှုနှင့်တရားမမှုများကို စုစုပေါင်းဖော်ပြရလျှင် (၁. ၁၁. ၂၀၁၅) နေ့စာရင်းဖွင့်လက်ကျန်မှာ(၆၈၃) မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုပေါင်းမှာ (၆၀၆) မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်း (၁၂၈၉)မှု ရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၇၁၈)မှု ဖြစ်သဖြင့် (၃၀. ၄. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်အမှုမှာ (၅၇၁)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းမှာ( ၅၆ %) ရှိကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများရဲ့ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တရားရုံး၊ တောင်ငူခရိုင် တရားရုံး၊ ပြည်ခရိုင်တရားရုံး၊ သာယာဝတီခရိုင်တရားရုံးများမှ စီရင်ခဲ့သည့် (၁. ၁၁. ၂၀၁၅) ရက်နေ့မှ (၃၀. ၄. ၂၀၁၆) ရက်နေ့အထိ ကာလအတွင်း စစ်ဆေးစီရင်ခဲ့သော ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများ စစ်ဆေးကြားနာစီရင်နိုင်မှု အခြေအနေကို တင်ပြပါမယ်။

ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံးများ၏ (၁. ၁၁. ၂၀၁၅)ရက်နေ့ စာရင်းဖွင့် လက်ကျန်မှာ(၂၂၄)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုပေါင်းမှာ (၅၅၂)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၇၇၆)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု(၄၈၉)မှု ဖြစ်သောကြောင့် စာရင်းပိတ်လက်ကျန်မှာ (၂၈၇)မှု ရှိပါတယ်။

တရားမမှုများနှင့်စပ်လျဉ်း၍ (၁. ၁၁. ၂၀၁၅) ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ (၉၈၄)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၆၁၅)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၅၉၉)မှု ရှိပါတယ်။ စစ်ဆေး ပြီးပြတ်မှုမှာ(၅၆၈)မှု ဖြစ်သောကြောင့် (၃၀ . ၄. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၀၃၁)မှုဖြစ်ပါတယ်။

ပြစ်မှုနှင့် တရားမစုစုပေါင်းကို ဖော်ပြရလျှင် (၁. ၁၁. ၂၀၁၅)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ (၁၂၀၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၁၆၇)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၂၃၇၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၀၅၇)မှုဖြစ်သဖြင့် (၃၀. ၄. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၃၁၈)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းမှာ ( ၄၄ % )ရှိကြောင်းတင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး (၂၈) ရုံးတွင် ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ (၁. ၁၁. ၂၀၁၅) ရက်နေ့ စာရင်းဖွင့် လက်ကျန်အမှုမှာ(၄၂၄၃)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၂၀၀၄)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၆၂၄၇)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၂၂၀၇)မှု ဖြစ်သောကြောင့် (၃၀. ၄. ၂၀၁၆)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၄၀၄၀)မှု ဖြစ်ပါတယ်။

တရားမမှုများနှင့်စပ်လျဉ်း၍ (၁. ၁၁. ၂၀၁၅) ရက်နေ့ စာရင်းဖွင့်လက်ကျန် အမှုမှာ(၃၀၈၅)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၇၃၂ )မှု ဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၄၈၁၇)မှု ဖြစ်ပါတယ်။

စစ်ဆေးပြီးပြတ်မှုမှာ (၁၇၄၈)မှု ဖြစ်သဖြင့် (၃၀. ၄. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၃၀၆၉)မှု ဖြစ်ပါတယ်။

ပြစ်မှုနှင့်တရားမမှုများကို စုပေါင်းဖော်ပြရလျှင် (၁. ၁၁. ၂၀၁၅) ရက်နေ့ စာရင်းဖွင့်လက်ကျန် အမှုပေါင်းမှာ( ၇၃၂၈ )မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁၃၇၃၆)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၂၁၀၆၄)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၃၉၅၅)မှု ဖြစ်သောကြောင့် (၃၀. ၄. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၇၁၀၉ )မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ (၆၆%) ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈) မြို့နယ်မှာ ဖြစ်ပွားတဲ့ မော်တော်ယာဉ်ဥပဒေကို ဖောက်ဖျက်ကျူးလွန်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှု (၅၉၃) မှုကိုစစ်ဆေးစီရင်ခဲ့ပါတယ်။ အစီရင်ခံသည့်ကာလအတွင်း သက်သေဦးရေ( ၂၇၅၈၈)ဦးစစ်ဆေးခဲ့ပြီး သက်သေစရိတ်ငွေ (၇၇၉၉၂၀ဝိ/-) ကျပ်ထုတ်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး တရားစီရင်ရေးလုပ်ငန်းနဲ့ တရားရုံးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းနဲ့ပတ်သက်လို့ တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများနဲ့ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများသည် တရားရုံးများလက်စွဲအပိုဒ် ၉၉၇အရ ပုံမှန် စစ်ဆေးခြင်းနဲ့ ရှောင်တခင်စစ်ဆေးခြင်း များကို အစီရင်ခံတဲ့ကာလအတွင်း ရုံးစစ်ဆေးရေးစီမံချက်နဲ့အညီ တာဝန်ခွဲဝေချထားတဲ့ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။

စီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ ခရိုင်ရုံးများသည် မိမိတို့ ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများအား တရားရုံးများလက်စွဲအပိုဒ် ၉၉၇ နှင့်အညီ ရုံးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/ ၂၀၁၃) နှင့်အညီ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးတင်ဟုန်သည် (၁၁. ၁၂. ၂၀၁၅) နေ့တွင် ပဲခူးအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်ချက် များအား မှာကြားထားခဲ့ပါတယ်။

ဆက်လက်ပြီး ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်လို့ တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ် တရားရုံးများရဲ့ ဝန်ထမ်းအင်အား အခြေအနေကို တင်ပြရမယ်ဆိုလျှင် တရားရေးအရာရှိ ခွင့်ပြုအင်အားမှာ (၁၄၇) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ ( ၁၀၃ )ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၄၄) ဦးဖြစ်ပါတယ်။ အခြားအဆင့် ဝန်ထမ်း ခွင့်ပြုအင်အားမှာ (၅၈၃) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၃၉၄) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၁၈၉) ဦး ဖြစ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော်သို့ တယ်လီဖုန်းနှင့် ဖက်စ် ဖြင့်တိုင်ကြားသည့် တိုင်ကြားစာ မရှိပါကြောင်း တင်ပြအပ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ဝန်ထမ်းများအပေါ် အရေးယူ အပြစ်ပေးခြင်း မရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဘတ်ဂျက်နှင့်ထောက်ပံ့ရေးရာကိစ္စရပ်များနှင့် ပတ်သက်လို့ တင်ပြပါမယ်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သာယာဝတီခရိုင် တရားရုံး၊ သာယာဝတီမြို့နယ်တရားရုံး အဆောက်အအုံများ ဆောက်လုပ် ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ခွင့်ပြုချက်နှင့်အညီ ဆောက်လုပ်လျှက်ရှိပြီး ဇီးကုန်းမြို့နယ်တရားရုံး အဆောက်အဦအား (၉. ၃. ၂၀၁၆) နေ့တွင် ဖွင့်လှစ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်း /ခရိုင် /မြို့နယ်တရားရုံးအဆင့်ဆင့်တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့နှင့် အညီ တရားစီရင်ရေး တရားရုံးစီမံခန့်ခွဲရေးစသည့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ မှုခင်းများကိုဥပဒေနှင့်အညီမှန်မှန်နှင့် မြန်မြန်ထိရောက်စွာ စစ်ဆေးရေးအတွက်လည်းကောင်း၊ အနီးကပ်ကြီးကြပ်လမ်းညွှန်ဆောင်ရွက် လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၄-၂၀၁၆) ရက်မှ (၃၀-၄-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း[တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါသည်။)

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ဉက္ကဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။ဥပဒေပြုရေးကော်မတီ၏ အစီရင်ခံစာ

**နိဒါန်း**

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၆၇ အပိုဒ်(က)(ခ)(ဂ) နှင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၆၂။ နည်းဥပဒေခွဲ(က)နှင့်(ခ)အရ ၂၀၁၆ခုနှစ်၊ မတ်လ(၁၀)ရက်နေ့တွင် အဖွဲ့ဝင် (၁၁)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။
- ဤကော်မတီအနေဖြင့် ၂၀၁၆ခုနှစ်မတ်လ(၁၆)ရက်နေ့တွင် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ်လ(၁၇)ရက်နေ့တွင် ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် ဧပြီလ(၇)ရက်နေ့တွင်တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီ၏ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များအနက် နည်းဥပဒေခွဲ(ခ)ပါဥပဒေများနှင့်သက်ဆိုင်သောကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းအသစ်များတင်သွင်းနိုင်ရန် ရည်ရွယ်ပါသည်။
- ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းတွင်အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများနှင့်ပါတ်သက်၍ ဥပဒေနှင့်အညီဆွေးနွေးသုံးသပ်ရန်နှင့်လိုအပ်သည့်အချက်များ တွေ့ရှိပါက ပြင်ဆင်ရေးဆွဲသွားရန် ရည်ရွယ်ပါသည်။
- ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သောတာဝန်များကို ကော်မတီ၏လုပ်ပိုင်ခွင့်များနှင့်အညီအကောင်ထည်ဖော်ဆောင်ရွက်သွားရန်ရည်ရွယ်ပါသည်။

**လုပ်ငန်းဆောင်ရွက်ချက်များ (၄) (၅) (၆)**

- ၁၆. ၃. ၂၀၁၆ ရက်နေ့တွင် ဥပဒေပြုရေးကော်မတီကလုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၁၆ အားပဲခူးတိုင်းဒေသကြီးလွှတ်တော်ဉက္ကဌ၊ ဒုတိယဉက္ကဌ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့်ဥပဒေပြုရေးကော်မတီဉက္ကဌ အပါအဝင်အဖွဲ့ဝင်(၁၁)ဦးလုံးတက်ရောက်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ (မူကြမ်း)အားပြင်ဆင်ဖြည့်စွက်နိုင်ရန်ရည်ရွယ်ခဲ့ပါသည်။ပထမအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းကာလအတွင်းအတည်ပြုရန် ကျန်ရှိသည့် ပဲခူးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ကာလနှင့်လျော်ညီပြီး အချက်အလက်များ ပိုမိုပြည့်စုံစေရေးအတွက် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်(၃)ခု ချမှတ်ခဲ့ပါသည်။
    - တာဝန်ခံသည့်ဝန်ကြီးဌာန ဖော်ပြချက်များနှင့်ပတ်သက်၍ ဖွဲ့စည်းပေါ်ထွက်လာမည့် အစိုးရသစ်ဖွဲ့စည်းမှုအား စောင့်ဆိုင်းရန်၊

- ရေးဆွဲထားသည့်ဥပဒေမူကြမ်းပါ၊အခန်း(၃)မတည်ငွေနှင့်အမြတ်ငွေခွဲဝေမှု၊ အခန်း(၄) ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း၊ အခန်း(၅) ဘဏ်လုပ်ငန်းများ၊ အခန်း(၇) အထွေထွေ အပိုင်းပါ ပြဋ္ဌာန်းချက်များကိုကြားနာမှုဆောင်ရွက်ရန်။
- ဘဏ်လုပ်ငန်းအခန်း(၃)ပါပြဋ္ဌာန်းချက်များမှ(၁)နှစ်စဉ်ချေးငွေ(၂)နှစ်တိုးချေးငွေ(၃) နှစ်ရှည်ချေးငွေပါပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍အကျယ်ဖွင့်ဆိုရန်အား ဆုံးဖြတ်ခဲ့ပြီး ဥပဒေပြုရေးကော်မတီအစည်းအဝေး ၁/၂၀၁၆အားရုပ်သိမ်းခဲ့ပါသည်။

- ၁၇၊ ၃၊ ၂၀၁၆ရက်နေ့တွင် ဥပဒေပြုရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၆အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများအပါအဝင်(၁၁)ဦးလုံး တက်ရောက်ခဲ့ပါသည်။ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ဥပဒေ(မူကြမ်း)အားပြင်ဆင်ဖြည့်စွက်နိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းကာလအတွင်း အတည်ပြုရန် ကျန်ရှိသည့် ပဲခူးတိုင်းဒေသကြီးအသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ကာလနှင့်လျော်ညီပြီး အချက်အလက်များ ပိုမိုပြည့်စုံစေရေးအတွက် ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ပဲခူးတိုင်းဒေသကြီးအသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ဥပဒေ(မူကြမ်း)ပါ ဖော်ပြချက်များအားနည်းနေပါသဖြင့် ဤဥပဒေအားပြန်လည်ရေးဆွဲရန် လက်ရှိဥပဒေအားကျောရိုးအဖြစ်သာ အသုံးပြုရန်နှင့် ဆိုင်ရာဆက်စပ်အသင်းအဖွဲ့များကို တိုင်ပင်ညှိနှိုင်းဆွေးနွေး၍ နောက်တစ်ကြိမ် ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေးတွင် အကြံပြုချက်များ စာတမ်းများတင်ပြရန် ဆုံးဖြတ်ခဲ့ပြီး ဥပဒေပြုရေးကော်မတီ ၂/၂၀၁၆အား ရုပ်သိမ်းခဲ့ပါသည်။

- ၇၊ ၄၊ ၂၀၁၆ ရက်နေ့တွင်ဥပဒေပြုရေးကော်မတီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃/၂၀၁၆အား ပဲခူးတိုင်းဒေသကြီး ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးအပါအဝင်အဖွဲ့ဝင်(၉)ဦး တက်ရောက်ခဲ့ပြီး၊ ဥပဒေပြုရေးကော်မတီသို့တိုင်ကြားထားသည့်တိုင်ကြားစာ(၂) စောင်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး အောက်ပါအစည်းအဝေးဆုံးဖြတ်ချက် (၃)ချက်ချမှတ်ခဲ့ပါသည်။ (က)တိုင်ကြားစာ (၂)စောင်အားလက်ခံရရှိကြောင်း ကာယကံရှင်ထံ အကြောင်းပြန်ကြားရန် (ခ)တိုင်ကြားစာ (၂)စောင်နှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အား လိုအပ်သလိုတွေ့ဆုံမေးမြန်းပြီး တွေ့ရှိချက်များကို ဥပဒေပြုရေး ကော်မတီသို့ပြန်လည်ပေးပို့ရန် (ဂ) သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ တွေ့ရှိချက်များအား ပဲခူးတိုင်းဒေသကြီး ဥပဒေပြုရေးကော်မတီသို့ မေလ(၁)ရက်နေ့ နောက်ဆုံးထားပေးပို့ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး ဥပဒေပြုရေးကော်မတီအစည်းအဝေး ၃/၂၀၁၆ အားရုပ်သိမ်းခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်များ**

ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍အောက်ပါရှေ့လုပ်ငန်းစဉ်များကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ(မူကြမ်း)နှင့် ပဲခူးတိုင်းဒေသကြီး အသေးစားပုဂ္ဂလိကငွေစုငွေချေးဥပဒေ(မူကြမ်း)တို့အား ဆုံးဖြတ်ချက်များနှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်၊
- ရည်ရွယ်ချက်ပါလုပ်ငန်းစဉ်များကို အကောင်ထည်ဖော်ဆောင်ရွက်သွားရန်။

**နိဂုံး**

- ဥပဒေပြုရေးကော်မတီ၏သက်တမ်းကာလအတွင်းပြည်သူလူထု၏အကျိုးစီးပွားကိုကာကွယ်မြှင့်တင်နိုင်မည့်ဥပဒေများပေါ်ပေါက်လာစေရေးအတွက်ကော်မတီ၏တာဝန်များ၊လုပ်ပိုင်ခွင့်များနှင့်အညီကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး[ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ]**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် တိုင်းရင်းသားလူမျိုးစုများစွာဖြင့် ပေါင်းစုနေထိုင်လာသော နိုင်ငံတစ်ခုဖြစ်ပေသည်။ နိုင်ငံတော်အတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုအား ၁၉၄၇ ပင်လုံညီလာခံကြီးက သက်သေထူခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားကာ လက်နက်ကိုင် ပဋိပက္ခများ ယနေ့ထိတိုင်ဖြစ်ပေါ်လျှက်ရှိပါသည်။ ခေတ် အဆက်ဆက် အစိုးရများလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုများ၏ အားနည်းချက်များကို သင်ခန်းစာယူ၍ ယခုအစိုးရသစ်လက်ထက် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအသစ်တစ်ခု တိုးချဲ့ဖွဲ့စည်းခဲ့သည်ကို ကြိုဆိုပါသည်။ ပြည်ထောင်စုလွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းရာတွင် တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာ

ကော်မတီဖွဲ့စည်းသကဲ့သို့ တိုင်းဒေသကြီးအဆင့်တွင် တိုင်းရင်းသားအရေး၊ ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ တစ်ရပ်ဖွဲ့စည်းရန် ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၁၀. ၃. ၂၀၁၆ ရက်နေ့တွင် အဆိုတစ်ရပ်တင်သွင်းခြင်းကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို ပဲခူးတိုင်းဒေသကြီး မြို့နယ်အသီးသီးမှ လွှတ်တော် ကိုယ်စားလှယ် (၇)ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၂)ဦး၊ စုစုပေါင်း (၉)ဦးဖြင့် တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူ၍ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

## ကော်မတီဖွဲ့စည်းခြင်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် - ၂/၂၀၁၆ ဖြင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို လွှတ်တော်၏ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၈-ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ - ၁၆၇၊ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၄-ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ - ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) အရလည်းကောင်း၊ ၂၀၁၆-ခုနှစ်၊ မတ်လ (၁၀)ရက်နေ့မှ စ၍ အောက်ပါပုဂ္ဂိုလ် (၉)ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| - | ဦးဇော်မင်းဦး (ခ) ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးရဲမောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

## ကော်မတီ၏လုပ်ငန်းတာဝန်များ

- ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ အပြန်အလှန် ရိုင်းပင်းကူညီရေး တို့ကို အလေးထားဆောင်ရွက်ရမည်။
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေယဉ်ကျေးမှုအနုပညာများ ဖွံ့ဖြိုး တိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။
- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊

လမ်းပန်းဆက်သွယ်ရေးတို့ ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

- တိုင်းဒေသကြီးအဆင့်တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းခြင်း၊ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြရမည်။
- ကော်မတီလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ခေါ်၍ ဆွေးနွေးမေးမြန်းနိုင်ခြင်းတို့ဖြစ်သည်။

**ကော်မတီ၏လုပ်ဆောင်ချက်များ**

- ကော်မတီ စတင်ဖွဲ့စည်းအတည်ပြုသောနေ့မှ ယနေ့အထိ ကော်မတီအစည်း အဝေးများ (၄)ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ ပထမအကြိမ် အစည်းအဝေးကို ၃၁. ၃. ၂၀၁၆ ရက်နေ့တွင် ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးမှ -
  - ပဲခူးတိုင်းဒေသကြီးအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ နေ့ထူး နေ့မြတ်များ အခမ်းအနားများသို့ ကော်မတီမှ တက်ရောက်နိုင်ရေး။
  - တိုင်းရင်းသား လူမျိုးများနှင့်ပတ်သက်သည့် လူဦးရေအချက်အလက်များရရှိရေး။
  - တိုင်းရင်းသားများ၏ ဘာသာစကားနှင့် စာပေသင်ကြားရေးတို့အား ဆွေးနွေးခဲ့ပါသည်။
- ဒုတိယအကြိမ် ကော်မတီအစည်းအဝေးကို ၇. ၄. ၂၀၁၆ နေ့တွင် ကျင်းပခဲ့ပြီး
  - တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိနိုင်ရေး အတွက် တိုင်းအဆင့် တိုင်းရင်းသားခေါင်းဆောင်များအား ဖိတ်ကြားတွေ့ဆုံ ဆွေးနွေးရန်။
  - စာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေအား ကျောင်းချိန်အတွင်း သင်ကြားနိုင်ရေး။
  - တိုင်းရင်းသား ဘာသာရပ်သင် ဆရာ/ဆရာမများ၏ သတ်မှတ်ထောက်ပံ့ငွေ အပြည့်အဝ ရရှိရေးတို့ကို ဆွေးနွေးခဲ့ပါသည်။
- တတိယအကြိမ် အစည်းအဝေးကို ၂၂. ၄. ၂၀၁၆ နေ့တွင် ကျင်းပခဲ့ပြီး ယင်း အစည်းအဝေးတွင် အထူးဖိတ်ကြားထားသော တိုင်းရင်းသားခေါင်းဆောင်များ တက်ရောက်ခဲ့ပါသည်။

  တိုင်းရင်းသားခေါင်းဆောင်များ ဆွေးနွေးချက်များမှာ -
  - တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်သည့် အချက်အလက်များကောက်ယူရေး။
  - အစိုးရစာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေအား ကျောင်းချိန်အတွင်း သင်ကြားခွင့် ရရှိရေး။
  - တိုင်းရင်းသားစာပေ တတ်မြောက်သည့် ဘွဲ့ရများအား ဆရာ/ဆရာမ ဦးစားပေး ခန့်ထားရေး။
  - တိုင်းရင်းသားစာပေ တတ်မြောက်သည့် ဆရာ/ဆရာမများအား တိုင်းရင်းသားစာပေ သင်သည့် ကျောင်းများသို့ ပြောင်းရွှေ့ခန့်ထားပေးရေး။
  - တိုင်းရင်းသားစာပေဆရာဖြစ် သင်တန်းဖွင့်လှစ်ရေး။

- တိုင်းရင်းသားစာပေသင် ဆရာ/ဆရာမများ၏ သတ်မှတ်ထောက်ပံ့ငွေ အပြည့်အဝ ရရှိရေးနှင့်
- မှတ်ပုံတင်အရ လွဲမှားနေသော တိုင်းရင်းသားလူမျိုးများ၏ မှတ်ပုံတင်စာရင်းများ စနစ်တကျ ကောက်ခံရယူပြုပြင်ရေးတို့ ဆွေးနွေးခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ ၂၃. ၃. ၂၀၁၆ နေ့ရက် (၁၃၇၇-ခုနှစ်၊ တပေါင်းလပြည့်နေ့)တွင် ကျင်းပပြုလုပ် သော တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ပအိုဝ့်အမျိုးသားနေ့ အထိမ်းအမှတ် ပွဲတော်သို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးတို့နှင့်အတူ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ ၅. ၅. ၂၀၁၆ နေ့တွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစည်းအဝေးတွင် တတိယအကြိမ် အစည်းအဝေးမှ တိုင်းရင်းသားများ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအား လွှတ်တော်သို့ တင်ပြအစီရင်ခံရန်နှင့် အစီရင်ခံစာတစ်စောင် ပြုစုခဲ့ပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ဖွဲ့စည်းတာဝန် ပေးအပ်သည့်အချိန်မှစ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသား အားလုံး လက်တွဲမဖြုတ်စတမ်း၊ သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားတို့၏ လူမှုဘဝတိုးတက်ရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများရှိရာ မြို့နယ်များအထိ ကော်မတီအဖွဲ့ဝင်တစ်ဦးချင်းစီသော်လည်းကောင်း၊ ကော်မတီဝင် အစုအဖွဲ့ အလိုက်သော်လည်းကောင်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် [ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၁၁-၃-၂၀၁၆)ရက်နေ့ ဖွဲ့စည်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ အစီရင်ခံစာကို အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားသူများအား စုစည်း၍ လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပန်ကြားသူအဖြစ် ဆောင်ရွက်ရန် တာဝန်အရ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှလည်းကောင်း၊ အရပ်သားလွှတ်တော်ကိုယ်စားလှယ်မှလည်းကောင်း၊ သီးခြားစီခွင့်တိုင်ကြားနေခြင်းကို မပြုလုပ်တောဘဲ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်တိုင်ကြားခြင်းကို ဆောင်ရွက်စေပါသည်။
- လွှတ်တော်ကြီး၏ ဂုဏ်သိက္ခာနှင့် အင်္ဂါရပ်များ ခန့်ထည်ပြည့်စုံစေရန်အတွက် ခွင့်တိုင်ကြားခြင်းကို နှုတ်အားဖြင့်လည်းကောင်း၊ ဖုန်းအားဖြင့်လည်းကောင်း၊ ကြုံသလိုပြောဆို ခွင့်တိုင်ကြားခြင်းကို မပြုလုပ်စေတော့ဘဲ ခွင့်တိုင်ကြားခြင်းကို ခွင့်တိုင်ကြားပုံစံတွင် ဖြည့်စွက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း၊ စနစ်တကျခွင့်တိုင်ကြားနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။
- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ချီးမြှင့်ငွေစရိတ်ခံစားခွင့်နှင့်ပတ်သက်၍ ချို့ယွင်းအားနည်းချက်မရှိစေရေး ဆောင်ရွက်ရမည့် တာဝန်အရ အားလုံးအဆင်ပြေချောမွေ့စေရေးကို လွှတ်တော်ရုံးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တွင်း စွမ်းဆောင်ရည်မြင့်မားစေရေးကို တစ်စိတ်တစ်ပိုင်း အကျိုးပြုစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ခွင့်တိုင်ကြားခြင်းကို ကော်မတီအဖွဲ့ဝင် များမှ အလှည့်ကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်သူ့ငွေစာရင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

- ကော်မတီ၏ လုပ်ငန်းများ အောင်မြင်ထိရောက်မှုရှိစေရန် သွက်လက်ထက်မြက်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ပြင်ပမှ စာရင်းအင်း ကျွမ်းကျင်ပညာရှင်ဖြစ်သော၊ စာရင်းစစ်လုပ်ငန်းတွင် ဒုညွှန်မှူးအဆင့် အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်ထားနိုင်ရေးကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ ခွင့်ပြုပေးပါရန်နှင့် ခန့်ထားပေးပါရန် တင်ပြအစီရင်ခံအပ်ပါသည်။
- ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာအသီးသီးတို့၏ ဘတ်ဂျက်များမှာ ယခုမှစတင်အကောင်အထည်ဖော်ရန် ပြင်ဆင်နေချိန်ဖြစ်၍ ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းများကိုလည်း စတင်ဖော်ဆောင်ရန်ပြင်ဆင်လျှက်ရှိပါသည်။ အကယ်၍ လုပ်ငန်းများစတင်လုပ်ဆောင်ရန် လိုအပ်ပါက ပြည်သူ့ငွေစာရင်းကော်မတီသည် အခြားကော်မတီများမှလည်းကောင်း၊ ဒေသခံ

လွှတ်တော်ကိုယ်စားလှယ်များမှလည်းကောင်း၊ တွဲဖက်ပြီးကွင်းဆင်းဆောင်ရွက်ရန်လိုအပ်ပါက ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

- ကော်မတီအသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ လွှတ်တော်နှင့် ပတ်သက်သော ကိစ္စများဆောင်ရွက်ရာတွင်လည်းကောင်း၊ စာစီစာရိုက်၊ စာကူးစာပို့ ကုန်ကျစရိတ်များကို တရားဝင်ဘောင်ချာများဖြင့် မှန်မှန်ကန်ကန် တင်ပြလာခြင်းကို စိစစ်ပြီး ပြန်လည်ထုတ်ပေးသင့်ပါကြောင်း တင်ပြအစီရင်ခံပါသည်။
- နိုင်ငံတော်၏ ဘဏ္ဍာငွေများ၊ လေလွင့်မှုမရှိရေး၊ ဆုံးရှုံးမှုမဖြစ်စေရေး၊ ဘတ်ဂျက်လျာထားငွေများကို ထိရောက်မှန်ကန်စွာ သုံးစွဲရေးအတွက် ပြည်သူ့ငွေစာရင်းကော်မတီက ဆောင်ရွက်နိုင်ရန် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်သို့ တင်ပြခြင်းသည် အဓိကကျပါသဖြင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်သို့ တင်ပြခြင်းဖြင့် ပြည်သူ့ငွေစာရင်းကော်မတီကို အားဖြည့်ကူညီရာရောက်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။
- ဝန်ကြီးဌာနအသီးသီးမှ ခွင့်ပြုရန်ပုံငွေများ တောင်းခံရာတွင် အသေးစိတ်တွက်ချက်မှုစာရင်းအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ တင်ပြစဉ် တစ်ပြိုင်တည်း ပြည်သူ့ငွေစာရင်းကော်မတီသို့ မိတ္တူတစ်စုံပေးပို့ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ်  ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၁း၁၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ  နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရွှေတောင်မြို့နယ်၊ တရုတ်မှော်ကျေးရွာအုပ်စုတွင် နယ်မြေမီးသတ်စခန်း ချထားပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ရွှေတောင်မြို့နယ်၊ ကျီးသဲကျေးရွာအုပ်စုတွင် နယ်မြေ မီးသတ်စခန်း ချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၊ တရုတ်မှော်ကျေးရွာအုပ်စုသည် ရွှေတောင်မြို့နယ်နှင့် (၂၄)မိုင် ကွာဝေးသဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများအား ဒေသအရန် မီးသတ်တပ်ဖွဲ့ဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။

၎င်းအုပ်စုတွင် ကျေးရွာခွဲ (၇)ရွာ၊ အိမ်ခြေ (၈၄၃)အိမ်၊ လူဦးရေ (၃၁၄၉)ဦး နေထိုင်လျက်ရှိပြီး တရုတ်မှော် နယ်မြေရဲစခန်း (၁)ခု၊ တိုက်နယ်ဆေးရုံ (၁)ရုံ၊ ဆက်သွယ်ရေးစာတိုက်၊ အ. ထ. က(ခွဲ) စာသင်ကျောင်းနှင့် ကျေးရွာအတွင်း ဆန်စက်၊ ပဲခွဲစက်များမှာ ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။

တရုတ်မှော်အုပ်စုတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် (၄၅)ဦးနှင့် မီးသတ်ရေသယ်ယာဉ်(ပျက်) (၁)စီး၊ ဂျက်လို အပေါ့စား မီးသတ်စက်(၁)လုံး၊ $B_2 9_2$ မီးသတ်စက်တစ်လုံးဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ တရုတ်မှော် ကျေးရွာအုပ်စုသည် ဖွံ့ဖြိုးတိုးတက်ပြီး လူဦးရေထူထပ်များပြားသော ကျေးရွာအုပ်စုကြီး ဖြစ်ပါသဖြင့် မြို့နယ်မီးသတ်စခန်းနှင့် အလှမ်းကွာဝေးသောနေရာတွင် နယ်မြေမီးသတ်စခန်းချထားပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးရန် တင်ပြအပ်ပါသည်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၊ ကျီးသဲအုပ်စုသည် ရွှေတောင်မြို့နယ်နှင့် (၁၀)မိုင် ကွာဝေးသဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများအား ဒေသအရန် မီးသတ်တပ်ဖွဲ့ဖြင့်သာ ဆောင်ရွက်ခဲ့ရပါသည်။

ကျီးသဲအုပ်စုတွင် ကျေးရွာခွဲ (၁၄)ရွာ၊ အိမ်ခြေ (၁၈၅၇)အိမ်၊ အိမ်ထောင်စု (၁၉၂၅)အိမ်၊ လူဦးရေ (၁၀၀၃၂)ဦး မှီတင်းနေထိုင်လျက်ရှိပါသည်။ ကျီးသဲ နယ်မြေရဲစခန်း (၁)ခု၊ တိုက်နယ်ဆေးရုံ (၁)ရုံ၊ ဆက်သွယ်ရေးစာတိုက်၊ အ. ထ. က စာသင်ကျောင်း(၁)ကျောင်း၊ စည်ပင်သာယာဈေး(၁)ဈေးနှင့် ကျေးရွာအတွင်း ဆန်စက်၊ ပဲခွဲစက်များမှာ ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

ကျီးသဲကျေးရွာအုပ်စုတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် (၅၀)ဦး ဗီအိပ် မီးသတ်ရေသယ်ယာဉ် (အပျက်) (၁)စီး၊ အပေါ့စားမီးသတ်စက်(၁)လုံး၊ ဘီဂျေနိုင်ဂျေ အပေါ့စားမီးသတ်စက်(၁)လုံးဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျီးသဲကျေးရွာအုပ်စုသည် ဖွံ့ဖြိုးတိုးတက်ပြီး လူဦးရေထူထပ်များပြားသော ကျေးရွာအုပ်စုကြီး ဖြစ်ပါသဖြင့် မြို့နယ်မီးသတ်စခန်းနှင့် အလှမ်းကွာဝေးသောနေရာတွင် နယ်မြေမီးသတ်စခန်းချထားပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က **" အုတ်ဖို မြို့နယ် အေးမြသာယာကျေးရွာအား မီးသတ်ယာဉ်ပံ့ပိုးပေးရန်နှင့် သန္ဓေမီးသတ်စခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာအား မီးသတ်ယာဉ်ပံ့ပိုးပေးရန်နှင့် သန္ဓေမီးသတ်စခန်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က **"ကျေးရွာအုပ်စု အများစုတွင် ပြည်သူ့ ရဲကင်းမှူး၊ စခန်းမှူး၊ ကျေးရွာစာရေးများ၊ မြေစာရင်းဝန်ထမ်းများသည် အလုပ် စည်းကမ်းပျက်မှုများစွာ ရှိနေပါ၍ ရွှေ့ပြောင်းနေရာချထားမှု အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကျေးရွာအုပ်စုအများစုတွင် ပြည်သူ့ရဲကင်းမှူး၊ စခန်းမှူး၊ ကျေးရွာစာရေးများ၊ မြေစာရင်းဝန်ထမ်းများသည် အလုပ်စည်းကမ်းပျက်မှုများ များစွာရှိနေပါ၍ ရွှေ့ပြောင်းနေရာချထားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ။** ။မေးခွန်းများနှင့် ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဦးညွှန့်ဝေ၊ ရွှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရွှေတောင်မြို့နယ်၊ တရုတ်မှော်ကျေးရွာအုပ်စုတွင် နယ်မြေမီးသတ်စခန်း ချထားပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ် မီးသတ်စခန်းတွင် (5G-1017) ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ် (၁)စီး၊(7I-2491) ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်(၁)စီး၊ (၇ဃ/၄၆၃၇)ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်(၁)စီး၊ (စ/၅၂၀၃) တိုယိုတာမီးသတ်စက်ယာဉ်(၁)စီး နှင့် (၁ခ/၈၂၃၀)နီဆန်းကောင်တာ မီးသတ်ရေသယ်ယာဉ် (၁)စီး စုစုပေါင်းမီးသတ်ယာဉ် (၅)စီးရှိပြီး (၄/၂၀၁၆)လယာဉ်စက်ပြန်တမ်းအရ မီးသတ်ယာဉ်(၅)စီးမှာ "**ကောင်း**" အခြေအနေတွင် ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ တရုတ်မှော်ကျေးရွာအုပ်စုသည် (၁၀)နှစ် တာကာလအတွင်း ကြီးမားသော မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ခြင်းမရှိပါ၊ ရွှေတောင်မြို့နယ်နှင့် (၂၄)မိုင်သာ ကွာဝေးသဖြင့် ရွှေတောင်မြို့နယ် မီးသတ်စခန်းတွင် ဖွဲ့စည်းပုံနှင့်အညီ မီးသတ်ယာဉ်စက်များသတ်မှတ်ညွှန်ကြားချက်ပြည့်မီစွာ မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ်များ ဖြည့်ဆည်းပြီးဖြစ်ပါသဖြင့် တရုတ်မှော်ကျေးရွာအုပ်စု၏ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် လုံခြုံစိတ်ချရသော အနေအထားတွင်ရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ တရုတ်မှော်ကျေးရွာအုပ်စုတွင် နယ်မြေ မီးသတ်စခန်းချထားပေးရန် လတ်တလောအစီအစဉ်မရှိပါကြောင်းနှင့် နယ်မြေမီးသတ်စခန်း ထပ်မံဖွင့်လှစ်ခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ရွှေတောင်မြို့နယ်၊ ကျီးသဲကျေးရွာအုပ်စုတွင် နယ်မြေ မီးသတ်စခန်းချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ရွှေတောင်မြို့နယ်မီးသတ်စခန်းတွင် (5G-1017) ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ် (၁)စီး၊(7I-2491) ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်(၁)စီး၊ (၇ဃ/၄၆၃၇)ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်(၁)စီး၊ (စ/၅၂၀၃) တိုယိုတာမီးသတ်စက်ယာဉ်(၁)စီးနှင့် (၃ခ/၈၂၃၀)နီဆန်းကောင်တာ မီးသတ်ရေသယ်ယာဉ် (၁)စီး စုစုပေါင်းမီးသတ်ယာဉ် (၅)စီးရှိပြီး (၄/၂၀၁၆)လယာဉ်စက်ပြန်တမ်းအရ မီးသတ်ယာဉ်(၅)စီးမှာ **"ကောင်း"** အခြေအနေတွင်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျီးသဲကျေးရွာအုပ်စုသည် (၁၀)နှစ် တာကာလအတွင်း ကြီးမားသောမီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ခြင်းမရှိပါ၊ ရွှေတောင်မြို့နယ်နှင့် (၁၀)မိုင်သာကွာဝေးသဖြင့် ရွှေတောင်မြို့နယ်မီးသတ်စခန်းတွင် ဖွဲ့စည်းပုံနှင့်အညီ မီးသတ်ယာဉ်စက်များသတ်မှတ်ညွှန်ကြားချက် ပြည့်မီစွာ မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ်များ ဖြည့်ဆည်းပြီးဖြစ်ပါသဖြင့် ကျီးသဲကျေးရွာအုပ်စု၏ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် လုံခြုံစိတ်ချရသော အနေအထားတွင် ရှိပါသည်။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျီးသဲကျေးရွာအုပ်စုတွင် နယ်မြေမီးသတ်စခန်း ချထားပေးရန် လတ်တလောအစီအစဉ်မရှိပါကြောင်းနှင့် နယ်မြေမီးသတ်စခန်းထပ်မံဖွင့်လှစ်ခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာအား မီးသတ်ယာဉ်ပံ့ပိုးပေးရန်နှင့် သန္ဓေမီးသတ်စခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အေးမြသာယာအုပ်စု၏ ဒေသန္တရဆိုင်ရာအချက်အလက်များအရ အုတ်ဖိုမြို့နယ်မှ (၇)မိုင်ခန့်နှင့် အိုးသည်ကုန်းမြို့နယ်မှ (၅)မိုင်ခန့်အကွာအဝေးတွင် တည်ရှိပါသည်၊ အေးမြသာယာအုပ်စုနှင့် နယ်မြေထိစပ်လျက်ရှိသော အုတ်ဖိုမြို့နယ် မီးသတ်စခန်းတွင် မီငြိမ်းသတ်ယာဉ်(၃)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီးနှင့် အိုးသည်ကုန်းနယ်မြေမီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ် (၂)စီး၊ မီးသတ်ရေ သယ်ယာဉ်(၂)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၉)စီးရှိပါသဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ပါက အချိန်အနည်းငယ်အတွင်း လာရောက်ကူညီနိုင်သည့် မီးသတ်ဦးစီးဌာနရှုထောင့်အမြင်အရ လွှမ်းခြုံနိုင်သော အနေအထားတွင် တည်ရှိပါသည်။

သာယာဝတီခရိုင်၊ အေးမြသာယာအုပ်စု၏ ဒေသန္တရဆိုင်ရာအချက်အလက်များအရ နယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန် မြေနေရာအကျယ်အဝန်း(၀. ၈၀)ဧကေဂရန် ရရှိပြီးဖြစ်၍ ဖွဲ့စည်းပုံခွင့်ပြုချက်အရ နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်၊ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် မီးသတ်စခန်း တည်ဆောက်ပေးရန် ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက်တွင် မပါရှိပါသဖြင့် သန္ဓေမီးသတ်စခန်းတည်ဆောက်ပေးရန် လတ်တလောအစီအစဉ်မရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ကျေးရွာအုပ်စု အများစုတွင် ပြည်သူ့ ရဲကင်းမှူး၊ စခန်းမှူး၊ ကျေးရွာစာရေးများ၊ မြေစာရင်းဝန်ထမ်းများသည် အလုပ် စည်းကမ်းပျက်မှုများစွာ ရှိနေပါ၍ ရွှေ့ပြောင်းနေရာချထားမှု အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၌ မြို့နယ်(၂၈)မြို့နယ်ရှိပြီး လူဦးရေ (၄၈၆၃၄၅၅)ဦး နေထိုင်လျက်ရှိ ပါသည်။ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (၄)ရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (၂၈)ရုံး၊ မြို့မရဲစခန်း (၂၈)ခု၊ နယ်မြေရဲစခန်း (၆၅)ခု၊ ရဲကင်းရဲစခန်း (၁၇)ခုတို့ဖြင့် ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် (၁) ပြည်တွင်းလုံခြုံရေး (၂) တရားဥပဒေစိုးမိုးရေး၊ (၃) မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ (၄) ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ချထားခြင်းနှင့်ပတ်သက်၍ လစဉ်လဆန်းပိုင်းတွင် (၁)ကြိမ်၊ ဝန်ထမ်းရေးရာကော်မတီ အစည်းအဝေးပြုလုပ်ဆုံးဖြတ်ပြီး ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိပါသည်။ ရဲတပ်ဖွဲ့ဝင်များ တာဝန်ဝတ္တရား ပျက်ကွက်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အားနည်းခြင်းတို့ကြောင့် ၁-၁-၂၀၁၆ ရက်နေ့မှ ၃၀-၄-၂၀၁၆ ရက်နေ့ထိ အရာရှိတပ်ဖွဲ့ဝင် (၅)ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် (၁၀)ဦးအား ပြောင်းရွှေ့တာဝန်ချထား ပေးခဲ့ပါသည်။

သို့ဖြစ်၍ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ အလုပ်တာဝန်အား ပေါ့ဆစွာဆောင်ရွက်မှု၊ စည်းကမ်းပျက်မှုများရှိလာပါက ပြောင်းရွှေ့တာဝန်ချထားသည့်အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ ပါပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၅(ဃ)အရ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၁၈-၃-၂၀၁၅ ရက်နေ့ အစည်းအဝေးတွင် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်လင်းက ယခုကျွန်တော် မေးမြန်းခဲ့သည့် မေးခွန်းကိုဘဲ မေးမြန်းခဲ့ပါတယ်။ ၎င်းမေးခွန်းအပေါ်တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မီးသတ်ယာဉ်တစ်စီးချထားပေးမည်ဖြစ်ကြောင်း ကတိစကားရှိခဲ့ပါတယ်။ သို့သော်လည်းဘဲ ၂၀၁၅-

၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း မီးသတ်ယာဉ်မရရှိခဲ့သလလို၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အစီအစဉ် မရှိသည့်အတွက် ယင်းကတိစကားမှာ လေလိုပြာလို လွင့်သွားပြီလားဆိုသည်ကို မေးမြန်းလိုပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ဦးညွန့်ဝေက တစ်ဆက်တစ်စပ်တည်း မေးခွန်းကိုမေးမြန်းမှာဖြစ်ပါတယ်။ တရုတ်မော်ကျေးရွာ နယ်မြေမီးသတ်စခန်းသည် ဝန်ကြီးပြောပြသည့် မီးသတ်ယာဉ်(၅)စီးမှာ မြို့ပေါ်တွင်သာ ရှိပြီး၊ ရွှေတောင်မြို့နယ်နှင့် တရုတ်မော်တိုက်နယ်သည် (၂၄)မိုင်ကွာဝေးပေမယ့် မိုင်းတွင်းတွင် မော်တော်ကား စီးလုံး(၂၃)မောင်းနှင်ပါတယ်။ နွေရာသီတွင် ကီလို(၄၀)ကျော် ပိုမောင်းနှင်ပါတယ်။ အမှန်တကယ် မီးလောင် ပါက ရွှေတောင်မြို့ပေါ်ကကား (၅)စီးက တရုတ်မော်သို့ (၂)နာရီခွဲ မောင်းနှင်ရမည်ဖြစ်ပါတယ်။ ဝန်ကြီး ဖြေကြားခဲ့သည့် (၁၀)နှစ်တာကာလအတွင်း မီးလောင်မှုမရှိပါ၍ ချထားပေးခြင်း မပြုလုပ်နိုင်ပါကြောင်း ဖြေကြားခဲ့ရာ မိမိတို့အနေဖြင့် မီးဘေးရှောင်မလောင်ခင်တားဆိုသကဲ့သို့ တိုက်နယ်တစ်ခုလုံး မီးလောင်ပြီး ပါမှ မီးသတ်စခန်းချထားပေးပါက အပိုပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ ယနေ့ ဒီမေးခွန်းကို ဖြေကြားရမှာ ဖြစ်ကြောင်း။

နောက်တစ်ခုမှာ ကျီးသဲတွင် တိုက်နယ်ဆေးရုံ၊ စည်ပင်သာယာစာတိုက်၊ စည်ပင်သာယာဈေး၊ အထက (ခွဲ) စာသင်ကျောင်း စသည်ဖြင့် အကုန်ပြည့်စုံနေသည့် တိုက်နယ်အုပ်စုဖြစ်ပါကြောင်း၊ ကျီးသဲတိုက်နယ်သည် ရွှေတောင်နှင့် ကတ္တရာလမ်းဖြစ်သည့်အတွက် ရွှေတောင်ဘက်ကတ္တရာလမ်း ပျက်စီးနေပြီး ကျီးသဲက ကတ္တရာ လမ်းဖြစ်ပါတယ်။ ဒါပေမယ့် မီးလောင်ပါက (၄၅)မိနစ်ခန့် မောင်းရမှာဖြစ်ပါတယ်။ သို့ပါ၍ ၎င်းတိုက်နယ် (၂)ခုကို တင်ပြရာတွင် တရုတ်မော် မီးသတ်စခန်းကို ချပေးရန်၊ မိမိအနေဖြင့် တစ်ဆက်တစ်စပ်တည်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသူရအောင်၏ မေးခွန်းနှင့် ရွှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွန့်ဝေတို့၏ ဆက်စပ်မေးခွန်းများနှင့် ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ရှင်းလင်းရန် ရှိပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။အုတ်ဖိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသူရအောင်၏ မေးခွန်းနှင့် ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွန့်ဝေ တို့၏ ဆက်စပ်မေးခွန်းများကို ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် ပြန်လည်ဖြေကြားပါမည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း(၈)ခုသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက

သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင် ညောင်စာရေး-တရုတ်မော်ကားလမ်း ကျောက်ချော ခင်းရန် ကျန်ရှိသော မိုင်(၁၂/၄)အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ရွှေတောင်မြို့နယ်၊ မြို့မအုပ်စု၊ မြို့မရေကျော်တာပြုပြင်ခြင်းနှင့် တာမြှင့်ခြင်း လုပ်ငန်းကို မိုးမကျမီ စိုက်ရာသီအချိန်မီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ပြုပြင်ရန်ကျန်ရှိသည့် ရွှေတောင်-ရွှေနတ်တောင် (၃/၁. ၃)မိုင် ကတ္တရာ လမ်းဟောင်း ပြုပြင်ခြင်းနှင့် ရွှေနတ်တောင်-ကျီးသဲ (၀/၇)မိုင် ကတ္တရာ လမ်းဟောင်းပြုပြင်ခြင်း လုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးရန် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင် ညောင်စာရေး-တရုတ်မော်ကားလမ်းသည် (၁၉)မိုင် ရှည်လျား၍ ရွှေတောင်မြို့၏ တောင်ဘက်ခြမ်းမြို့ဝင်လမ်း ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၀/၄)မိုင်၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် (၃/၀)မိုင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိ၍ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ယင်းဖော်ပြပါလမ်းအား ကျောက်ချောခင်း ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် မရရှိခဲ့ပါ။

သို့ပါ၍ ကျောက်ချောခင်းရန် ကျန်ရှိသော (၁၂/၄)မိုင်အား ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးရန် တင်ပြအပ်ပါသည်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရွှေတောင်မြို့နယ်၊ မြို့မအုပ်စု၊ မြို့မ ရေကျော်တာသည် ၂၀၁၅-၂၀၁၆ခုနှစ် မြစ်ရေကြီးမှုကြောင့် ကျိုးပေါက်ခဲ့သဖြင့် ကျီးသဲအုပ်စု၊ မြို့မအုပ်စု၊ သရက်သုံးပင်အုပ်စုတို့မှ လယ်ယာမြေများ ဧက(၁၅၀၀)ခန့် ပျက်စီးဆုံးရှုံးသည့်အပြင် ရွှေတောင်-ကျီးသဲ ကတ္တရာလမ်းပေါ်ရေကျော်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါသည်။ ယင်းမြို့မရေကျော်တာ ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်း(၁၂)သန်းဖြင့် ခွင့်ပြုရန် ဆည်မြောင်း ဦးစီးဌာနမှ တင်ပြထားကြောင်းသိရပါသည်။ သို့ပါ၍ ရေကျော်တာ ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်းကို မိုးမကျမီ စိုက်ရာသီအချိန်မီ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးရန် တင်ပြအပ်ပါသည်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင် စေတီတော်သည် မြန်မာပြည်ရှိ ဘုရားစေတီများတွင် ပါဝင်သော စေတီတစ်ဆူဖြစ်ပါသည်။ ယင်းစေတီတော်မြတ်ကြီးသည် ရွှေတောင်မြို့နှင့် လေးမိုင်အကွာတွင်တည်ရှိပြီး ရွှေတောင်မြို့အဝင် တောင်ဘက်တံခါးပေါက်၏ လမ်းဆုံ ကျီးသဲ-ရွှေနတ်တောင်-ရွှေတောင် မော်တော်ကားလမ်း၊ ညောင်စာရေး-ရွှေနတ်တောင်-ရွှေတောင် မော်တော်ကားလမ်းများ ဆုံရာဒေသတွင် တည်ရှိပါသည်။

ရွှေတောင်-ရွှေနတ်တောင် မော်တော်ကားလမ်းသည် လေးမိုင်ရှည်လျားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၀/၃-၇၁)မိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၀/၃)မိုင်အား လမ်းဟောင်းပြုပြင်ခြင်းအနေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ကျန် (၃/၁-၃)မိုင်ကို ပြုပြင်ရန် ကျန်ရှိနေပါသည်။ သို့ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်သည်။ ထို့နည်းတူ ရွှေနတ်တောင်- ကျီးသဲ ကတ္တရာလမ်းသည် (၆/၀)မိုင်ရှည်လျားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က (၅/၃)မိုင် ပြုပြင်ပြီးဖြစ်ရာ ကျန်ရှိသည့် (၀/၇)မိုင် ပြုပြင်ရန် ကျန်ရှိနေပါသည်။

သို့ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အထက်ဖော်ပြပါ ရွှေတောင်-ရွှေနတ်တောင် ကတ္တရာလမ်းဟောင်းပြုပြင်ခြင်းနှင့် ရွှေနတ်တောင်- ကျီးသဲ ကတ္တရာလမ်းဟောင်း ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) **“ အုတ်ဖို မြို့နယ် ရွှေဘိုတန်း-ကျောင်းစုလမ်းပေါ်ရှိ ရွှေဘိုတန်းတံတားအား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့နယ်၊ ရွှေဘိုတန်း-ကျောင်းစုလမ်းပေါ်ရှိ ရွှေဘိုတန်း တံတားအား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ လယ်ယာသုံး စက်ပစ္စည်းများ ရောင်းချမှုကတိစာချုပ်ဖောက်ဖျက်ခြင်း ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ စိမ်းလန်းစိုက်ထွေ သမဝါယမအသင်းသည် ပဲခူးတိုင်း သမဝါယမအသင်းချုပ်ထံမှ 60hp tractor များကို တဆင့်ဝယ်ယူ၍ သုံးစွဲသူများအပေါ် ပြန်လည်ရောင်းချခဲ့ပါသည်။ ဤသို့ ရောင်းချရာတွင် စာချုပ်ပါ စည်းကမ်းချက်များမှာ စတင်ဝယ်ယူစဉ် Down payment အဖြစ် စက်ပစ္စည်းတန်ဖိုး၏ ၁၀%ကို ပေးသွင်းရပါသည်။ ထို့နောက် စာချုပ်ပါစည်းကမ်းမှာ အဆိုပါ ၁၀%ပေးသွင်းပြီး တစ်နှစ်ပြည့်လျှင် စက်ပစ္စည်း

တန်ဖိုး၏ ၅%နှင့် တစ်နှစ်စာအတွက် ကျန် ၉၀%အပေါ် ကျသင့်သည့် အတိုးငွေပေါင်း၍ ထပ်မံပေးသွင်းရပါသည်။ စက်ပစ္စည်းတန်ဖိုး၏ ၈၅%နှင့် အတိုးငွေကို ၆လတစ်ကြိမ်၊ ၁၂လတစ်ကြိမ် ဆပ်သည့်ပုံစံဖြင့် ရောင်းချပေးသည့် ပုံစံစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် အမှန်တကယ်ပေးသွင်းသည့်အချိန်တွင် ၁၀%ပေးသွင်းပြီး တစ်နှစ်ပြည့်လျှင် အစားဝယ်ယူသူအားလုံးကို ဒီဇင်ဘာလတွင် တစ်နှစ်ပြည့်ပြီဖြစ်၍ ၅%ငွေနှင့် အတိုးကို ဇန်နဝါရီလတွင် ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ကျန် ၈၅%ကို ၆လတစ်ကြိမ်အဖြစ် ဖွန်လမှ စတင်ပေးဆပ်ရမည်ဖြစ်ကြောင်း ညွှန်ကြားထောက်ခံခဲ့ပါသည်။ ဤသို့ စာချုပ်ဖောက်ဖျက်ခဲ့သောကြောင့် ၆လတစ်ရစ် ပေးသွင်းရသည့် တောင်သူအချို့မှာ အချိန်ကာလစော၍ ငွေပြန်လည်ပေးဆပ်ရမည့် ပုံစံများ ဖြစ်ပေါ်သည့်အပြင် စာချုပ်အတိုင်းရိုးရှင်းစွာ မှတ်သားထားသူများအတွက် ရှုပ်ထွေးမှုများဖြစ်ပေါ်လာခဲ့ပါသည်။ ဝယ်ယူသူများလိုလားသည်မှာ မူလစာချုပ်အတိုင်းသာပေးဆပ်ရန်၊ ဒီဇင်ဘာလ တစ်နှစ်အဖြစ် သတ်မှတ်ထောက်ခံလျှင်လည်း စာချုပ်အသစ် တိတိကျကျ ပြန်လည်ရေးသားပေးရန် လိုလားပေရာ သက်ဆိုင်ဦးစီးဌာနအနေနှင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ဒိုက်ဦးမြို့နယ် အမရ စံပြကျေးရွာ၊ ရွာလယ်ချောင်းကူးတံတား အသစ်ပြန်လည်တည်ဆောက်ပေးရန်”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အမရ စံပြကျေးရွာသည် ဒိုက်ဦးမြို့နယ် တောင်ဘက်(၆)မိုင်အကွာ ပျဉ်းမလွင်ကျေးရွာအရှေ့ (၄)မိုင်(၄)ဖာလုံအကွာတွင် တည်ရှိသော ကျေးရွာဖြစ်၍ အိမ်ခြေ (၂၇၀)ရှိပြီး လူဦးရေ (၁၃၀၀)ခန့် နေထိုင်လျက်ရှိပါသည်။ ပညာရေးအနေဖြင့် အခြေခံပညာမူလတန်းမှ အလယ်တန်းကျောင်းအထိရှိပြီး ကျောင်းသား၊ ကျောင်းသူ(၂၀၀)ခန့် ပညာသင်ကြားနေပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် ကျေးရွာအား ဖြတ်သန်းစီးဆင်းသွားသော ဂုံညင်းတန်းချောင်းကို ကူးလူးသွားလာရန် အကျယ်(၃)ပေ၊ အရှည်(၁၂၀)ပေ သစ်သားတံတားတစ်စင်းကို အားထားအသုံးပြုနေကြရပါသည်။ ယခုအခါ အဆိုပါတံတားမှာ ပျက်စီးယိုယွင်းနေပြီး သွားလာရန်ခက်ခဲနေပါသည်။ မိုးကာလရေများချိန်တွင် ကလေးငယ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများအတွက် အန္တရာယ်ရှိနေပါ၍ အချိန်မီ ပြန်လည် တည်ဆောက်ရန် လိုအပ်နေပါသည်။ သို့ပါ၍ တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ရန် သိလိုကြောင်းမေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“လက်ပံတန်းမြို့နယ်အတွင်း ဖိုးကတိုးရေကာတာနှင့် ညောင်ကုန်း ရေကာတာများ ၂၀၁၅ခုနှစ် မိုးရာသီက ကျိုးပေါက်ခဲ့၍ လယ်သမားများမှာ အမတော်ကြေးများ ပြန်လည်ပေးဆပ်ရန် အခက်အခဲကြုံတွေ့လျက်ရှိသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက် ပေးနိုင်မည်ကို ”** သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"လက်ပံတန်းမြို့နယ်အတွင်းရှိ ပိုးကေတိုးတာ (၈. ၈)မိုင်ပါ (၅)ခုသည် ၂၀၁၅ခုနှစ် မိုးရာသီရေကြီးရေလျှံမှုကြောင့် တာရေတိုက်စားခြင်း၊ တာလုံးသေး၊ နိမ့်/ ကျိုးပေါက်ခြင်းနေရာများအား ၂၀၁၆ခုနှစ် မိုးရာသီမတိုင်မီ အခိုင်အမာပြုလုပ်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်း၌ တည်ရှိသော ဖိုးကတိုးရေကာတာနှင့် ညောင်ကုန်းရေကာတာများမှာ ၂၀၁၅ခုနှစ် မိုးရာသီက နေရာများစွာ ကျိုးပေါက်ခဲ့ပါသည်။ ထို့ကြောင့် လယ်ယာနှင့် ငါးကန်များစွာ ရေနစ်မြုပ်လျှက်ရှိပါသည်။ သို့ပါ၍ တာကျိုးပေါက်ပြီး ရေနစ်မြုပ် ပျက်စီးသွားသော လယ်ယာမြေများတွင် လုပ်ကိုင်စားသောက်နေသော လယ်သမားများမှာ များစွာအတိဒုက္ခရောက်လျက်ရှိပါ၍ အမတော်ကျေးရွာ များကို ပြန်လည်ပေးဆပ်နိုင်ရန် အခက်အခဲ ကြုံတွေ့လျက်ရှိပါသောကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ မည်ကဲ့သို့ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်း၌ တည်ရှိသော ပိုးကေတိုးတာ (၈. ၈)မိုင် မြင်ကဝကျောက်လှိုင်ဘာ (၇)မိုင်၊ ကျီးပင်ဆိပ်အိုးဘိုတန်းတာ(၅)မိုင်၊ ခမုံညောင်ပင်သာ ဆင်လမ်းတာ(၁၃)မိုင် ဧရာဝတီ အရှေ့ဘက်ကမ်းတာ (၁၁. ၇၅)မိုင်များသည် ၂၀၁၅ခုနှစ် မိုးရာသီ ရေကြီးရေလျှံမှုများကြောင့် တာရေတိုက်စားခြင်း၊ တာလုံးသေး/နိမ့်/ကျိုးပေါက်ခြင်းနေရာများအား ၂၀၁၆ခုနှစ် မိုးရာသီမတိုင်မီ အခိုင်အမာ ဖို့လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် လယ်/ဆည်မြောင်းဝန်ကြီးဌာနမှ မည်ကဲ့သို့စီမံထားသည်ကို သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဦးညွှန့်ဝေ၊ ရွှေတောင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင် ညောင်စာရေး-တရုတ်မှော်ကားလမ်း ကျောက်ချော ခင်းရန် ကျန်ရှိသော မိုင်(၁၂/၄)အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ရွှေနတ်တောင်-ညောင်စာရေး-တရုပ်မှော်လမ်းမှာ(၁၉/၀)မိုင်ရှိ မြေသား/မြေနီလမ်းအား ၂၀၁၃-၂၀၁၄ခုဘဏ္ဍာရေးနှစ်တွင် ကျောက်ချောခင်းခြင်း (၀/၄)မိုင်၊၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောခင်းခြင်း (၃/၀)မိုင်ဆောင်ရွက်ပြီးဖြစ်ပါသည်။၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းခြင်း (၁/၃. ၄)မိုင်အတွက်ကုန်ကျငွေကျပ်(၁၀၁. ၀၄၄) သန်းဖြင့်

လျာထားပြီးဖြစ်ပါသည်။ ကျန်လမ်းမိုင်(၁၄/၀. ၆)မိုင်အား ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေကျပ်(၉၉၂. ၉၂)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ လမ်းအားကျေးရွာအုပ်စု (၁၂)အုပ်စု၊ ကျေးရွာပေါင်း(၇၄)ရွာ၊ ကျေးလက်နေပြည်သူ(၂၂၅၀၅)ဦး အကျိုးပြုသွားလာလျှက်ရှိပါသည်။ ရွှေနတ်တောင်-ညောင်စာရေး-တရုပ်မှော်လမ်း(၁၄/၀. ၆)မိုင်အား ကျောက်ချောခင်းခြင်းအတွက် ကုန်ကျငွေအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ရွှေတောင်မြို့နယ်၊ မြို့မအုပ်စု၊ မြို့မရေကျော်တာပြုပြင်ခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်းကို မိုးမကျမီ စိုက်ရာသီအချိန်မီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာရှိ မြို့မရေကျော်တာအား (၂၀၀၄)ခုနှစ်တွင် အလျား(၃၀၀)ပေ၊ အမြင့်(၁၄)ပေ၊ တာထိပ်အကျယ် (၁၀)ပေဖြင့် ကျေးရွာမှတည်ဆောက်ခဲ့ပြီး ဧရာဝတီမြစ်ရေတက်ချိန်တွင် မိုးစပါးစိုက်ဧက(၇၀၀)နှင့် အခြားသီးနှံ ဧက(၅၀၀)တို့ကိုရေဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ခဲ့ပါသည်။

(၂၀၀၈)ခုနှစ် ဧရာဝတီမြစ်ရေတက်ချိန်တွင် တာကျိုးပေါက်ပျက်စီးခဲ့သဖြင့် မြို့မအုပ်စု၊ နွားခြံကုန်းအုပ်စု၊ ကျီးသဲအုပ်စုနှင့် သရက်သုံးပင်အုပ်စုရှိ ဒေသခံပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်ခဲ့ရာ အလျား(၇၅၀)ပေအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အတွက် လယ်မြေနှင့် အခြားသီးနှံ ဧက(၁၅၀၀)အား ရေဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ခဲ့ပါသည်။

(၂၀၁၅)ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ဧရာဝတီမြစ်ရေ မြင့်တက် မှုကြောင့် မြို့မရေကျော်တာမှာ အလျား(၇၅၀)ပေရှိသည့်အနက် ပေတိုင် (၀)ပေမှ (၂၀၀)ပေအထိ ရေကျော်တိုက်စားမှုကြောင့် ကျိုးပေါက်ပျက်စီးခဲ့ရပြီး ကျန်ရှိသော တာမိုင်များမှာလည်းနိမ့်ကျ၍ တာပုံစံပြည့်မီခြင်းမရှိတော့ပါသဖြင့် တာပုံစံကျပြန်လည်ပြုပြင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

မြို့မရေကျော်တာ ပြန်လည်ပြုပြင်ပေးခြင်းအားဖြင့် ကျီးသဲအုပ်စု၊ မြို့မအုပ်စုနှင့် သရက်သုံးပင် အုပ်စုရှိ လယ်မြေနှင့်အခြားသီးနှံဧက (၁၅၀၀)အား ရေဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် ရွှေတောင်-ကျီးသဲ ကတ္တရာလမ်းပေါ် ရေကျော်ခြင်းမှလည်း ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

မြို့မရေကျော်တာ ပြန်လည်ပြုပြင်ခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၇၅၀)ပေ၊ မြေကြီး(၂၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၂. ၀၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအား (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေထည့်သွင်းလျာထားပြီးဖြစ်ပြီး မိုးမကျမီ စိုက်ရာသီအချိန်မီ လုပ်ငန်းကြိုတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပြုပြင်ရန်ကျန်ရှိသည့် ရွှေတောင်-ရွှေနတ်တောင် (၃/၁. ၃)မိုင် ကတ္တရာလမ်းဟောင်း ပြုပြင်ခြင်းနှင့် ရွှေနတ်တောင်-ကျီးသဲ (၀/၇)မိုင် ကတ္တရာ လမ်းဟောင်းပြုပြင်ခြင်း လုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးရန် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ရွှေတောင်-ရွှေနတ်တောင်ကတ္တရာလမ်းဟောင်းသည် အရှည်(၄)မိုင်၊အကျယ်(၁၂)ပေ ရှိပါသည်။အဆိုပါလမ်းအား ၂၀၁၃-၂၀၁၄ခုဘဏ္ဍာရေးနှစ်တွင် ကတ္တရာခင်းခြင်း (၀/၃. ၇မိုင်)၊၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၀/၃မိုင်) ဆောင် ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်တွင်ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်း (၂/၀မိုင်) ဆောင်ရွက် ရန်လျာထားပြီး ဖြစ်ပါသည်။ ကျန်လမ်းအရှည် (၁/၁. ၃မိုင်)အား ကတ္တရာ ထပ်ပိုးလွှာခင်း မည်ဆိုပါက (၈၇. ၂)သန်း ကုန်ကျမည်ဖြစ်ပါသည်။အဆိုပါလမ်းအား ကျေးရွာအုပ်စု(၁၃)အုပ်စု၊ ကျေးရွာ(၉၀)ရွာ၊ ကျေးလက်နေပြည်သူ(၂၈၅၆၆)ဦး၊မြို့ပြလူဦးရေ(၁၉၃၃၆)ဦး စုစုပေါင်း (၄၇၉၀၂)ဦး အကျိုးပြုသွားလာလျှက်ရှိပါသည်။ ရွှေတောင်-ရွှေနတ်တောင်ကတ္တရာလမ်း (၁/၁. ၃မိုင်)အား ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းအတွက် ကုန်ကျငွေအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။

ရွှေနတ်တောင်-ကျီးသဲကတ္တရာလမ်းဟောင်းသည် (၆/၀မိုင်)ရှိပြီး ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာခင်းခြင်း(၅/၃မိုင်)ဆောင်ရွက်ပြီးဖြစ်ပါသည်။အဆိုပါလမ်းပေါ်ရှိ တံတားအတိုင်းအတာများအားနုတ်ပြီးကျန်ရှိသည့် လမ်းအရှည်မိုင် (၀/၃)မိုင်အတွက် ကုန်ကျ ငွေကျပ် (၂၈. ၂၇၅)သန်းအား ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးတွင်ထည့်သွင်း လျာထား ပြီးဖြစ်ပါသည်။ရွှေနတ်တောင်-ကျီးသဲကတ္တရာလမ်းသည် ကျေးရွာအုပ်စု(၈)အုပ်စု၊ ကျေးရွာပေါင်း(၄၀)ရွာ၊ ကျေးလက်နေပြည်သူ(၁၅၀၀၀)ဦး အကျိုးပြုသွားလာလျှက်ရှိပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) " အုတ်ဖို မြို့နယ် ရွှေဘိုတန်း-ကျောင်းစုလမ်းပေါ်ရှိ ရွှေဘိုတန်း တံတားအား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ အုတ်ဖိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မင်္ဂလာရပ်ကွက်နှင့် နန္ဒင်းကုန်းအုပ်စု၊ ရွှေဘိုတန်းကျေးရွာတို့ကြားရှိ ဂမုန်းချောင်းအား၂၀၀၇ခုနှစ်တွင် ဒေသခံများ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော အုတ်ခုံခံ သစ်သားတံတားဖြစ်ပြီး အရှည် (၆၄') အကျယ် (၉') ရှိ၍ လူနှင့် ဆိုင်ကယ်များသာ သွားလာ၍ရပါသည်။ အဆိုပါတံတားအား ကျေးရွာအုပ်စု (၂)အုပ်စု၊ ကျေးရွာ (၁၅)ရွာ၊ အိမ်ခြေ (၉၁၃)အိမ်၊ လူဦးရေ (၃၆၈၀)ဦး အကျိုးပြု သွားလာလျှက်ရှိပါသည်။ အဆိုပါတံတားအား (၆၄'×၁၄'×၁၂') ကွန်ကရစ်တိုင်၊ သံဘောင်ယက်မ၊ ကွန်ကရစ်အခင်းတံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၆. ၄)သန်းကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လယ်ယာသုံး စက်ပစ္စည်းများ ရောင်းချမှုကတိစာချုပ် ဖောက်ဖျက်ခြင်း" နှင့် စပ်လျဉ်း၍ **အောက်ပါအတိုင်းရှင်းလင်းတင်ပြအပ်ပါသည်** -

(က) ကိုရီးယားနိုင်ငံမှတင်သွင်းလာသော လယ်ယာသုံးစက်ပစ္စည်းများဖြစ်ကြသည့် ဒေဒုံ (Daedong) လယ်ထွန်စက်များအား ပဲခူးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က ရောင်းချရာတွင် 60 Hp ထွန်စက်ဝယ်ထားသော သဲကုန်းမြို့နယ်ရှိ သမဝါယမအသင်းသား စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အသင်းသားအမည် | သမဝါယမအသင်း | ကျေးရွာ | ဝယ်ယူသည့်နေ့ |
|---|---|---|---|---|
| (၁) | ဦးအေးဝင်း | ရွှေကံဆင့်သ/မ | ကံနှစ်ဆင့် | ၁၅. ၅. ၂၀၁၅ |
| (၂) | ဦးခင်မောင်အေး | စိမ်းလန်းသ/မ | ဆင်မီးဖွဲ | ၁၅. ၅. ၂၀၁၅ |
| (၃) | ဦးခင်မောင်ဝင်း | ဆန်းသစ်လွင်သ/မ | လောင်းတီး | ၂၅. ၅. ၂၀၁၅ |
| (၄) | ဦးသိန်းငွေ | သာစည်သ/မ | ဘိုးတော | ၃. ၉. ၂၀၁၅ |
| (၅) | ဦးဝင်းအောင် | ပြည့်လျှံသ/မ | ရွာသစ် | ၂၁. ၉. ၂၀၁၅ |
| (၆) | ဦးဇော်မြင့်အောင် | ပြည့်လျှံသ/မ | ရွာသစ် | ၉. ၁၀. ၂၀၁၅ |
| (၇) | ဦးစိုးမြင့် | ရှားပြင်သ/မ | အင်တိုင်းအင် | ၉. ၁၀. ၂၀၁၅ |
| (၈) | ဦးမြင့်ဇော် | ဖူးပွင့်ဝေဆာသ/မ | လက်ပံလုံးလ | ၂၆. ၁၀. ၂၀၁၅ |

(ခ) ၎င်းလယ်ထွန်စက်ပစ္စည်းများရောင်းချခြင်းကိစ္စတွင် ဝယ်ယူသူ သမဝါယမအသင်းသား အကျိုးကို အဓိကထား၍ Down Payment (ကနဦး)ပေးချေငွေအား စက်တန်ဘိုး၏ (၁၀%) (၁၀ပုံ၁ပုံ) သတ်မှတ်၍ ထပ်မံငွေပေးချေရမည့်ကာလ ဆိုင်းငံ့တစ်နှစ်သတ်မှတ် ပေးချေစေခဲ့ပါသည်။

(ဂ) ယင်းသို့ဆိုင်းငံ့တစ်နှစ်ဆိုသော်လည်း ထွန်စက်များစတင်ရောင်းချစဉ်က ၂၀၁၅ ခုနှစ်၊ ဧပြီ၊ မေလများ၌ Us $ ဈေးမှာ ကျပ်တစ်ထောင်အောက်တွင်ရှိ၍ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမျိုး၌ Us $ ဈေးမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀ကျော်အထိတက် လာခဲ့ပါသည်။

(ဃ) ယင်းသို့ဒေါ်လာဈေးနှုန်းများတက်လာခဲ့သော်လည်း ရောင်းချပေးသော စက်များအတွက် ဈေးနှုန်းပြင်ဆင်ခြင်းမပြုဘဲ အကြွေးများအမြန်ပေးဆပ်စေရေးကို ဦးတည်၍ စည်းရုံးရေး နည်းလမ်းအသုံးပြုကာ တစ်တိုင်းလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(င) ယင်းသို့ဆောင်ရွက်ခြင်းမှာ အကြွေးများအမြန်ပြေလည်စေပြီး အတိုးသက်သာမှုကိုဝယ် ယူသူအသင်းသားက ရရှိစေလို၍လည်းကောင်း၊ ဒေါ်လာဈေးပြောင်းလဲမှုကြောင့်အထက်

အဆင့်ဆင့်တွင်ဖြစ်ပေါ်နေသော အခက်အခဲများ အထိုက်အလျောက်ပြေလည်စေ၍ လည်းကောင်း ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

(စ) ဝယ်ယူသူအသင်းသားအနေဖြင့် နားလည်မှုရှိစွာဖြင့် ပေးသွင်းပြီးကြသူများရှိသကဲ့သို့ အခက်အခဲများ တင်ပြကြသူများလည်းရှိပါသည်။ ယင်းသို့အခက်အခဲရှိသူများအား အတင်းအကြပ်တောင်းခံခြင်းမပြုဘဲ၊ သက်ဆိုင်ရာမြို့နယ်အဆင့်သမဝါယမအသင်းစုများက ၎င်းတို့တစ်နှစ်ပြည့်လျှင် ပေးသွင်းရမည့်အရင်း၏ ၅%ကို တတ်နိုင်သမျှစိုက်ထုတ် ပေးသွင်းစေခဲ့ရာ ယင်းသို့စိုက်ထုတ်ပေးသွင်းခဲ့ရသည့်အသင်းသားများတွင် အထက်တင် ပြပါသဲကုန်းမြို့နယ်မှ အသင်းသား(၈)ဦးအတွက် မြို့နယ်သမဝါယမအသင်းစုမှ စိုက်ထုတ် ပေးသွင်းငွေ စုစုပေါင်းကျပ်သိန်း (၁၆၈. ၅၄)ဖြစ်ပါသည်။ ယင်းအတွက် သက်ဆိုင်ရာ သမဝါယမအသင်းသား များအနေဖြင့် စိုက်ထုတ်ရသည့်ငွေအတွက် သီးသန့်အတိုးပေး သွင်းရန်မလိုပါ။

(ဆ) ဆက်လက်၍လည်း ၎င်းတို့နှင့်ချုပ်ဆိုထားသည့် စာချုပ်ပါစည်းကမ်း (Right of Contract) များ အတိုင်းသာဖြစ်ပါသည်။

အထက်တင်ပြချက်များအတိုင်း သက်ဆိုင်ရာသမဝါယမအသင်းနှင့် အသင်းသားများအနေဖြင့် အထက်အပိုဒ်ခွဲ(စ)ပါအတိုင်း ဖြေရှင်းဆောင်ရွက်ထားပြီးဖြစ်သည့်အတွက် မူလချုပ်ဆိုသော စာချုပ်စည်းကမ်းပါအချက်များနှင့်အညီသာ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် စာချုပ်ကိုလည်း ပြင်ဆင် သတ်မှတ်ရန်မလိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

ဖော်ပြပါ ထွန်စက်များ ဝယ်ယူရောင်းချရေး စီမံကိန်းသည် စက်မှုလယ်ယာစနစ်အထောက်အကူပြု စေရေးအတွက် မြန်မာနိုင်ငံနှင့် ကိုရီးယားနှစ်နိုင်ငံ၏ နိုင်ငံတော်အဆင့်သဘောတူညီမှုမှ ဆင်းသက်လာခဲ့ခြင်း ဖြစ်ပြီး သမဝါယမအသင်းများအနေဖြင့် ငွေကြေးအကျိုးအမြတ်ကိုမကြည့်ဘဲ ဝယ်ယူအသုံးပြုသူ သမဝါယမ အသင်းသားများ၏ အကျိုးကျေးဇူးအတွက် အဓိကရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများအား တိုင်းဒေသကြီးသမဝါယမဦးစီးဌာနအနေဖြင့် ရှင်းလင်းဆောင်ရွက် ထားမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ ဒိုက်ဦးမြို့နယ် အမရ စံပြကျေးရွာ၊ ရွာလယ်ချောင်းကူးတံတား အသစ်ပြန်လည်တည်ဆောက်ပေးရန်” နှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ် အမရကျေးရွာအလယ်မှ ဖြတ်သန်း စီးဆင်းသွားသော ဂုံညင်းတန်းချောင်းအား လူကူးသွားလာရန် အရှည်(၁၂၀)ပေ၊ အကျယ်(၃)ပေရှိ သစ်သား တံတား တည်ဆောက်ထားပြီး ၎င်းတံတားမှာ ပျက်စီးလျှက်ရှိပါသည်။ တံတားအတက်အဆင်းလမ်းမှာ လူသွားလမ်းသာရှိပါသည်။ အဆိုပါတံတားအား အုတ်ခုံခံကွန်ကရစ်တံတား (၁၂၀’×၁၄”×၁၂’)ရှိ တံတားတည်ဆောက်ပေးမည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၈၀)သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ

အတွင်း လမ်းပါ ဖောက်လုပ်ပေးရမည်ဖြစ်ပါသည်။ အဆိုပါလမ်းနှင့်တံတားအား ဆောင်ရွက်ပေးမည် ဆိုပါက ကျေးရွာ (၁)ရွာ၊ အိမ်ခြေ (၂၄၃)၊ လူဦးရေ (၁၀၅၄)ဦးအား အကျိုးပြုမည်ဖြစ်ပါသည်။

အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “လက်ပံတန်းမြို့နယ်အတွင်း ဖိုးကတိုးရေကာတာနှင့် ညောင်ကုန်း ရေကာတာများ ၂၀၁၅ခုနှစ် မိုးရာသီက ကျိုးပေါက်ခဲ့၍ လယ်သမားများမှ အမတော်ကြေးများ ပြန်လည် ပေးဆပ်ရန် အခက်အခဲကြုံတွေ့လျက်ရှိသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက် ပေးနိုင်မည်ကို ” သိရှိလိုကြောင်းနှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးထားသော ချေးငွေသည် နိုင်ငံတော် ဘဏ္ဍာငွေကြေးမဟုတ်ပဲ ပြည်သူပိုင်ငွေကြေးများဖြင့်ထုတ်ချေးပေးထားသော ချေးငွေဖြစ်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေရယူထားသော တောင်သူများစိုက်ပျိုးလုပ်ကိုင်သည့် သီးနှံများသည် မကာကွယ် မတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိပါက၊ စိုက်ပျိုးစရိတ် ချေးငွေကို နှစ်ဆိုင်းပေးဆပ်ခွင့်ရှိပါသည်။ နှစ်ဆိုင်းပေးဆပ်ခွင့်လျှောက်ထားလိုပါက သီးနှံအထွက်နှုန်း၊ သီးနှံပျက်မှု အခြေအနေများကို သက်ဆိုင်ရာဌာနများ၏ စီစစ်ထောက်ခံချက်များဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ နှစ်ဆိုင်းပေးဆပ်ခွင့်ကို တင်ပြတောင်းဆိုနိုင်ပါသည်။ နှစ်ဆိုင်းပေးဆပ်ခွင့်ပြုရရှိပါက ဒဏ်တိုးကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပြီး အရင်းနှင့်အတိုးငွေများကို ဆိုင်းငံ့ကာလအတွင်း အပြေအကျေ ပေးဆပ်ရမည်ဖြစ်ပါသည်။ ချေးငွေကိုလျော်ပစ်၍မရပါ။ ချေးငွေအသစ်ထုတ်ချေးခွင့်လည်းမရှိပါ။ ချေးငွေ ပေးဆပ်ကာလကိုဆွဲဆန့်သည့် သဘောသာဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၆-မိုးစပါးတစ်ဧကို (၁၅၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပါသည်။ သီးနှံပျက်စီးသော တောင်သူများအနေဖြင့် ၂၀၁၅-မိုးချေးငွေကိုဖြစ်နိုင်သည့် နည်းလမ်းများဖြင့်ပေးဆပ်ပြီး၊ ချေးငွေအသစ်ရယူကာ ပိုလျှံသည့်ချေးငွေဖြင့်ယခုနှစ်မိုးစပါးစိုက်ပျိုးရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကြွေးဟောင်းဆပ်ကြွေးသစ်ချေးယူခြင်းနှင့် နှစ်ဆိုင်းပေးဆပ်ခွင့်ပြုချက်တောင်းခံခြင်း စသည့် နည်းလမ်း(၂)ခုအနက် တောင်သူများမှကြိုက်သည့်နည်းလမ်းကိုတောင်းဆိုနိုင်ပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများတောင်းဆိုသည့် နည်းလမ်းအတိုင်းကူညီပံ့ပိုးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “လက်ပံတန်းမြို့နယ်အတွင်းရှိ ပိုးကေတိုးတာ (၈. ၈)မိုင်ပါ

(၅)ခုသည် ၂၀၁၅ခုနှစ် မိုးရာသီရေကြီးရေလျှံမှုကြောင့် တာရေတိုက်စားခြင်း၊ တာလုံးသေး၊ နိမ့်/ကျိုးပေါက်ခြင်းနေရာများအား ၂၀၁၆ခုနှစ် မိုးရာသီမတိုင်မီ အခိုင်အမာပြုလုပ်ရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကို ရေဘေးကာကွယ်ထားသော ဧရာဝတီအရှေ့ဘက်ကမ်းတာမှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော တာဖြစ်ပြီး မိုးညိုမြို့နယ်၊ ဘုရားကြီးကုန်းမှ စတင်ကာ မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်စပ် ထိန်တောမှ ဇလွန်မြို့နယ်စပ် ပေါက်ကုန်းကျေးရွာအထိ အလျား(၂၇)မိုင် (၆)ဖာလုံဖြင့် ဧရာဝတီမြစ်ရေဘေးကာကွယ်ရန် တည်ဆောက်ထားခဲ့ပါသည်။ မြစ်မခမြစ်အနောက်ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ခမုံ-ညောင်ပင်သာတာ အလျား(၆)မိုင်၊ ခမုံ-ဆင်လမ်းတာ အလျား(၇)မိုင်၊ အသရော်အိပ်လဟာတာ (၆. ၅)မိုင်နှင့် မြစ်မခမြစ်အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ကျီးပင်ဆိပ်-အိုးဘိုတန်းတာ အလျား(၅)မိုင်၊ မြင်ကဝ-ကျောက်အိုင် အလျား(၇)မိုင်နှင့် ဖိုးကတိုးတာ(လက်ပံတန်း)အလျား(၄. ၃၈)မိုင်၊ ဖိုးကတိုးတာ(သာယာဝတီ)အလျား (၄. ၅)မိုင်တို့မှာလည်း ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော တာများဖြစ်ပြီး မြစ်မခမြစ်ရေဘေး ကာကွယ်ရန် တည်ဆောက်ထားရှိခဲ့ပါသည်။

ဧရာဝတီအရှေ့ဘက်ကမ်းတာ ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်းဖြင့် လက်ပံတန်းမြို့နယ်အတွင်းရှိ လယ်မြေ(၄၆၂၉၇)ဧကနှင့် မြစ်မခမြစ်ရေကာတာ ပြုပြင်တည်ဆောက်ပေးခြင်းအားဖြင့် လယ်မြေ(၄၂၉၃၅)ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

(၂၀၁၅)ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရိုးတလျှောက်ရှိ မြို့ကြီးများတွင် (၂၀၁၅)ခုနှစ်၊ ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့နှင့် မိုးညိုမြို့နယ်များတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပါသည်။ မိုးညိုမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်(၅၂. ၆)ပေကို ကျော်လွန်၍ (၅၉. ၆)ပေထိ (၇)ပေမြင့်တက်ခဲ့ပြီး (၂၅)နှစ်တာ ကာလအတွင်း အမြင့်ဆုံးသို့ တက်ရောက်ခဲ့ပါသည်။

သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမှာ စိုးရိမ်ရေမှတ် အထက်(၇)ပေခန့် ထူးကဲမြင့်တက်မှုကြောင့် တာတမံများတွင် ထူးပေါက်များဖြစ်ပေါ်ခြင်း၊ လှိုင်းပုတ်၍ တာပဲ့ခြင်း၊ တာအိလျှောခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ရေခွေခြင်း၊ မြေအိတ်ဆင့်ခြင်း၊ တာပဲ့မှုအား တုတ်တန်းရိုက်၊ မြေအိတ်ချခြံစည်းဖြည့်ကာကွယ်ခြင်း၊ တာအိလျှောခြင်းအား တုတ်တန်းရိုက်၍ မြေအိတ်ဆင့်ကာကွယ်ခြင်းနှင့် မြေအိတ်သဲအိတ်တို့ဖြင့် တာခြေထောက်(Banquette)ပြုလုပ်ပေးရခြင်းများ စသည့် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရပါသည်။

လတ်တလောဆောင်ရွက်ထားရှိမှုအနေဖြင့် မြစ်မခမြစ်အရှေ့ဘက်ကမ်းတာများဖြစ်သော ကျီးပင်ဆိပ်-အိုးဘိုတန်းတာ၊ မြင်ကဝ-ကျောက်အိုင်တာနှင့် ဖိုးကတိုးတာတို့တွင် မိုးရာသီ ရေကျော်ကျိုးပေါက်မှုနေရာများ ပိတ်ဖို့ခြင်းလုပ်ငန်း(တာပြင်ခြင်းလုပ်ငန်း)အား (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေ(BE) (ပထမ(၃)လပတ်) ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ မြစ်မခမြစ် အနောက်ဘက်ကမ်းတာဖြစ်သော ခမုံ-ညောင်ပင်သာ ဆင်လမ်းတာမိုင်(၁၃)မိုင် ရှိသည့်အနက် ပထမ(၈)မိုင်အား တာပုံစံကျ

အခိုင်အမာပြုပြင်ခြင်း လုပ်ငန်းကို (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) (ပထမ(၃)လပတ်) ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းများအား (၂၀၁၆)ခုနှစ် မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်တာ(၅)ပေမြှင့်တင်ခြင်း လုပ်ငန်းများမှာ-

ဧရာဝတီအရှေ့ဘက်ကမ်း တာမိုင်(၄/၄မှ ၂၇/၆)အတွင်း အလျား(၂၃. ၂၅)မိုင်၊ မြေကြီး(၈၀၇၃၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၄၈၄၃. ၈၀၀)သန်း၊

ခမုံ-ညောင်ပင်သာဆင်လမ်းတာမိုင်(၈/၀မှ၁၃/၀)အထိ အလျား(၅)မိုင်၊ မြေကြီး(၁၂၂၅၀၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၇၃၅. ၁၃၀)သန်း၊

ကျီးပင်ဆိပ်-အိုးဘိုတန်းတာ မိုင် (၂/၀ မှ ၇/၀)အထိ အလျား(၅)မိုင်၊ မြေကြီး(၁၁၃၆၀၀)ကျင်း နှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၆၈၁. ၉၁၂)သန်း၊

မြင်ကဝ-ကျောက်အိုင်တာမိုင်(၀/၀မှ၇/၀)အထိ အလျား(၇)မိုင်၊ မြေကြီး(၁၅၆၇၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၉၄၀. ၂၆၆)သန်းနှင့်

- ဖိုးကတိုးတာမိုင်(လက်ပံတန်း)(၀/၀ မှ ၄/၃)အထိ အလျား(၄. ၃၈)မိုင်၊ မြေကြီး (၉၀၂၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၅၄၁. ၃၀၂)သန်း၊
- ဖိုးကတိုးတာမိုင်(သာယာဝတီ)(၄/၃ မှ ၈/၇)အထိ အလျား(၄. ၅)မိုင်၊ မြေကြီး (၉၃၈၂၃)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၅၆၃. ၀၀၀)သန်းဖြစ်ပါသည်။

အမှတ်စဉ် (၁) ပါ လုပ်ငန်းဖြစ်သော လက်ပံတန်းမြို့နယ်၊ ဧရာဝတီအရှေ့ဘက်ကမ်းတာ အခိုင်အမာ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအောက်မှ (တာမိုင် ၄/၄ မှ ၂၇/၆ အတွင်း)အလျား(၂၃. ၂၅)မိုင် ရှိသည့်အနက် အထူးအလေးပေး ဆောင်ရွက်ရမည်ဖြစ်သော အလျား(၁၃. ၇၅)မိုင်အား (၂၀၁၆-၂၀၁၇)ခုနှစ် ပြည်ထောင်စု ရန်ပုံငွေ(ငွေလုံးငွေရင်း) တာတမံ တောင့်တင်းခိုင်မာရေး ခေါင်းစဉ်အောက်မှ ဆောင်ရွက်မည့် အလျား (၁၃. ၇၅)မိုင်၊ မြေကြီး(၂၆၂၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၃၃၉. ၂၀၀)သန်းဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ကျန်လုပ်ငန်းများမှာ တာတမံကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အကြံပြုချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပြီး ရန်ပုံငွေလိုအပ်ချက်စာရင်းအား တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ် ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။ မိုးညိုမြို့နယ်တွင် စိုးရိမ်ရေအမှတ်ထက် (၇') ခန့် ထူးကဲဒီရေမြင့်တက် မှုကြောင့် တာတမံများမှာ ထူးပေါက်များဖြစ်ပေါ်၍ တာပဲ့ခြင်း၊ တာဘောင်ပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ် သည့်အတွက် ရေခွဲခြင်း၊ မြေအိတ်ဆင့်ခြင်း၊ တာပဲ့မှုအား တုတ်တန်းရိုက်၊ မြေအိတ်ချခြုံစည်းဖြင့် ကာကွယ်ခြင်း၊ တာအိလျှောခြင်းအား တုတ်တန်းရိုက်၍ မြေအိတ်ဆင့်ကာကွယ်ခြင်းနှင့် မြေအိတ်သဲအိတ်

တို့ဖြင့် တာခြေထောက်ပြုလုပ်ပေးရခြင်းများ စသည့်အရေးပေါ် ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာတွင် တာမှာ (၅)တာရှိသည့်အတွက် ခမုံ-ညောင်ပင်သာတာမှာ (၅') ရှိသည့်အတွက် စိတ်ချရသည့် အနေအထားဖြစ်ပါကြောင်း၊ ဖိုးကတိုးတာနှင့် ညောင်ကုန်းဘက်မှ တာများသည် ယခုအခါ တာဖို့ခြင်း၊ တာပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီး ဖို့ရမည့်အပေါက် (၄၀)(၅၀)ကျော်ရှိပြီး ၎င်းအပေါက်များကို စနစ်တကျဖို့ရုံမျှလောက်သာ အခြေအနေရှိပါကြောင်း၊ လာမည့်နှစ်များတွင် ၂၀၁၅ခုနှစ်ကကဲ့သို့ ထူးကဲဒီရေမျိုးတက်လာပါက ဆည်မြောင်းဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အာမခံဖြင့် စီမံဆောင်ရွက်ထားသည်ကို ထပ်ဆင့်သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားကြောင်းကို ရှင်းလင်းဖြေကြားပေးစေလိုပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၏ ဆက်စပ် မေးခွန်းနှင့်ပတ်သက်၍ လက်ရှိအဆောတလျင် ပြုပြင်ခြင်းနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘတ်ဂျက် (BE) ထဲတွင် ပါဝင်သည့် လုပ်ငန်းများရှိသကဲ့သို့ တစ်ချို့လုပ်ငန်းများ မပါဝင်ခဲ့ပါ။ ပြည်သူလူထု၏ အရေးကြီးတောင်းဆိုချက်နှင့် လက်ရှိအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အချို့ငွေများကို ခေါင်းစဉ်ပြောင်းသုံးစွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိ ဦးမျိုးအောင်တင်ပြသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းပြီး ဖြေကြားပေးပါမည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မေးခွန်းများကို တင်သွင်းသည့်အခါ မေးခွန်းများ၏ ကန့်သတ်ချက်၊ စည်းကမ်းချက်များ ပုဒ်မ-၁၀၁၊ ၁၀၂တို့၏ မေးခွန်းများ မေးမြန်းလျှင် စာချုပ်စာတမ်း တင်ပြရမည်ဟု မပါဝင်သော်လည်း ပြည့်ပြည့်စုံစုံဖြစ်ရန် တင်ပြပါမယ်။ မနက်ဖြန်တွင် ဝန်ကြီးအနေဖြင့် ၎င်းမေးခွန်းကို တိတိကျကျ ပြည့်ပြည့်စုံစုံ ဖြေကြားပေးစေလိုပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော့်အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ကျွန်တော်တင်ပြထားသည်မှာ လမ်းလုပ်ရန်တင်ပြထားခြင်းမရှိပါ။ ကျေးရွာပြည်သူလူထု၏ တောင်းဆိုမှုအရ တံတားပြုလုပ်ပေးရန် တင်ပြထားခြင်းဖြစ်ပါတယ်။ မိုးရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ကျောင်းသူ/ကျောင်းသားများ ကျောင်းတက်ရန် အဆိုပါတံတားမှာ အခက်အခဲရှိသည့်အတွက် မိမိအနေဖြင့် အဆိုပါတံတားကို အဆောတလျင် တည်ဆောက်ပေးရန် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်မေးမြန်းထားသည့် မေးခွန်းမှာ ပြည်သူများ၏ လိုအပ်ချက်အရ ဒိုက်ဦးမြို့နယ်၊ အမရကျေးရွာကို ဖြတ်သန်းစီးဆင်းသည့် ချောင်းကူးသစ်တံတား ၁၂၀' × ၃' ပြန်လည်ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းထားသည့် မေးခွန်းဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးမှ ပြန်လည်ဖြေကြားသော်လည်း အဆိုပါ တံတားမှာ စနစ်တကျ တွက်ချက်ပြီး မြေပြင်အနေအထားကို တင်ပြထားခြင်းဖြစ်ပါတယ်။ အုတ်ခုံခံ ကွန်ကရစ်တံတား ၁၂၀' × ၁၄' × ၁၂' ရှိ တံတားတည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၈၀) သန်း ကုန်ကျမည်ဖြစ်ပြီးဟု ပါရှိပါတယ်။ ထပ်မံပြီး ကုန်ကျထားသည်မှာ ကျေးရွာအတွင်း လမ်းကိုပါ ဖောက်လုပ်ပေးရမည်ဖြစ်ပါသည်။ အဆိုပါလမ်းနှင့် တံတားအား ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ(၁)ရွာ၊ အိမ်ခြေ(၂၄၃)၊ လူဦးရေ(၁၀၅၄)ဦးအား အကျိုးပြုမည်ဖြစ်ပါသည်။ ဒါကြောင့် အဆိုပါကုန်ကျငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြု ရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်မည့် ဆောင်ရွက်ချက်ကို ရှင်းလင်းဖြေကြားထားခြင်းဖြစ်ပါ၍ ၎င်းတံတားနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ ဖြေကြားချက်ကို မှတ်တမ်းတင်ပြီး ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီမှ ဆက်လက်အရေးယူဆောင်ရွက်ရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၏ မေးခွန်းနှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ရန်အတွက် အချိန်ပေးပြီး ထပ်မံ၍ မေးခွန်းတင်ပြစေချင်သည်ဟု မှတ်ယူပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က ပြည်သူများအတွက် တင်ပြဆောင်ရွက်လိုသည့် စာချုပ်ပါ စည်းကမ်းချက်များနှင့်တကွ ထပ်မံမေးမြန်းစေလိုကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ညောင်လေးပင် မြို့နယ်အတွင်းရှိ အောင်းကြီးကျေးရွာပါ (၁၀)ရွာတွင် (၃၃/၁၁)ကေဗွီ (၂)အမ်ဗွီအေ ဓါတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ညောင်လေးပင်မြို့နယ်အတွင်းရှိ အောင်းကြီးကျေးရွာ၊ စည်ပင်ကျေးရွာ၊ ကဒါးကျေးရွာ၊ စစ်ကုန်း ကျေးရွာ၊ ကညင်နှစ်ပင်ကျေးရွာ၊ ဆင်ကူးကျေးရွာ၊ ငါးကြီးအိုင်ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ကတုတ် ကျေးရွာ၊ သံတံတားကျေးရွာ စသော ကျေးရွာ(၁၀)ရွာမှ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ကြိုးစားဆောင်ရွက်နေကြရာတွင် (၃၃/၁၁)ကေဗွီ (၂)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရန် မြေနေရာအား အောင်းကြီးကျေးရွာတွင် ရရှိထားပြီးဖြစ်ပါသည်။

ဓာတ်အားခွဲရုံတည်ဆောက်မည့်နေရာမှ အခြားသောကျေးရွာများသို့ (၁၁)ကေဗွီလိုင်းများလည်း သွယ်တန်းထားပြီး ဖြစ်ပါသည်။ ရွာသူ၊ ရွာသားများအနေဖြင့် မိမိတို့ကျေးရွာအတွင်း (၄၀၀)ဗို့အား လိုင်းသွယ်တန်းခြင်း ထရန်စဖော်မာတပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်နှင့် (၃၃/၁၁)ကေဗွီ (၂)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း(၂)ခု ကျန်ရှိနေသေးသည့် အနက် (၄၀၀)ဗို့အား လိုင်းနှင့် ထရန်စဖော်မာတပ်ဆင်ခြင်း လုပ်ငန်းအား ကိုယ့်အားကိုယ်ကိုး ကြိုးစားဆောင်ရွက်နိုင်ပါသော်လည်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား ငွေအင်အားမလုံလောက်ပါ၍ များစွာအခက်အခဲ ဖြစ်နေကြပါသဖြင့် (၃၃/၁၁)ကေဗွီ (၂)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံအား အောင်းကြီးကျေးရွာတွင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ကဝမြို့နယ်၊ သနပ်ပင် မြို့နယ်၊ ဝေါမြို့နယ်တို့တွင် စစ်တောင်းမြစ်ဝ ကမ်းပါးပြိုသည့် ကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက် ပေးသွားမည်ကို သိရှိလိုကြောင်း ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာရှိ အလျား(၃)မိုင်ခန့် ရှိသော အလယ်ပျော့ချောင်း ရေနုတ်မြောင်းသည် တိမ်ကောလျှက်ရှိ၍ တူးဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပေါင်းလောင်းနှင့် ခပေါင်းချောင်းတို့ ပေါင်းစီးမှုကြောင့် ဖြစ်တည်လာသော စစ်တောင်းမြစ်သည် မုတ္တမ ပင်လယ်ကွေ့သို့ စီးဝင်ရာ၌ ရေစီးရေလာကြမ်းတမ်းမှုနှင့် ပင်လယ်ဒီရေအတက်အကျတို့ကြောင့် ပဲခူးတိုင်း ဒေသကြီး အရှေ့ရှိ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်တို့တွင် မြစ်ရေတိုက်စားမှု၊ ကမ်းပါး ပြိုကျမှုတို့ဖြစ်ပေါ်ခဲ့ပြီး ပြည်သူအများ၏ အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် လယ်ယာမြေများ ပျက်စီးခြင်းတို့ ကြုံတွေ့နေရပါသည်။

သနပ်ပင်မြို့နယ်၏ ကသစ်ခုံရွာဟောင်း၊ ကွဲတဲ၊ ကမ်းပြို၊ ခလပ်စု၊ ရွှေအိုး၊ သနတ္တန်းကျေးရွာတို့သည် မြစ်ကမ်းနဖူးတွင် တည်ရှိသည့်အတွက် ပျက်စီးမှုအနည်းနှင့် အများကြုံတွေ့နေရပြီး လက်ရှိ ကမ်းပါးပြိုမှု

ပြင်းထန်စွာ ခံစားနေရသည့် ကသစ်ခုံရွာဟောင်းသည် ယခင်က အိမ်ခြေ(၅၀၀)ကျော် ရှိသော စည်ကားသည့် ရွာကြီး ဖြစ်ခဲ့သော်လည်း ယခုအခါတစ်ရွာလုံးနီးပါး ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း ပါမကျန် ပြောင်းရွှေ့ နေကြရသည့် ပြောင်းရွှေ့ရွာတည်ရန် နေရာအခက်အခဲလည်း ဖြစ်ပေါ်နေပါသည်။ ကျေးရွာပိုင် လယ်မြေဧက (၅၇၉၉)ဧက ပြိုကျပျက်စီးခဲ့ပြီးဖြစ်ပါသည်။

ကျွဲတဲကျေးရွာသည်လည်း ယခင်အိမ်ခြေ(၈၀၀)ကျော်ရွာကြီးမှ ယခုအခါအိမ်ခြေ(၂၀၀)ခန့်သာ ကျန်ရှိပြီးဆက်တိုက်ပြောင်းရွှေ့နေကြရပါသည်။ ကျေးရွာပိုင်လယ်မြေဧက(၇၀၀၀)ကျော် ပြိုကျပျက်စီးခဲ့ပြီး (၂၀၁၀)မှ ယခု(၂၀၁၆)အတွင်း ကျေးရွာပိုင်လယ်မြေဧက (၄၁၆၀)ဧကပြိုကျပျက်စီးခဲ့ပါသည်။

ကမ်းပြိုကျေးရွာသည် တစ်ရွာလုံးနီးပါးပျက်စီးခဲ့ပြီး ရွာပျက်သလို အခြေအနေသို့ပင် ရောက်ရှိသွားပြီး ဖြစ်ပါသည်။

ထို့အတူ ကဝမြို့နယ်ရွှေတစ်ဆုပ်ကျေးရွာတွင်လည်း ကမ်းပါးပြိုကျပျက်စီးမှုကြောင့် ပြည်သူအများ အတိဒုက္ခရောက်နေကြရပါသည်။ အိမ်ထောင်စု(၂၃၇)စုတွင် ပြောင်းရွှေ့ပြီး (၁၀၆)အိမ်ထောင်စုဖြစ်ပြီး ပြောင်းရွှေ့ကျန်သောအိမ်ထောင်စုမှာ (၁၃၁)အိမ်ထောင်စုဖြစ်ပါသည်။ ကျေးရွာပိုင်လယ်မြေ ဧက(၂၂၀၀) ပျက်စီးခဲ့ရပါသည်။

ဝေါမြို့နယ် လက်ပံကျေးရွာအုပ်စု ညောင်ကုန်းကြီးနှင့် ပျဉ်းမကန်ကျေးရွာတို့တွင် အိမ်(၂)လုံး၊ ဆန်စက်တစ်လုံး၊ နွားနေရုံ၊ စပါးကျီတို့စတင်ပျက်စီးနေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူအများအတိဒုက္ခခံစားနေကြရသည့် အထက်ပါစစ်တောင်းမြစ်ဝကမ်းပါးပြိုသည့် ကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်း အပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် ကုလားချောင်းကျေးရွာနှင့် ဝဲပြန်ကျေးရွာအကြားရှိ အလျား (၃)မိုင်ခန့်ရှိသော၊ အလယ်ပျော့ချောင်း ရေနုတ်မြောင်းသည် တိမ်ကောလျှက်ရှိပြီး ရေစီးရေလာလုံးဝ ရပ်တန့်နေပါသဖြင့် လယ်မြေဧက (၁၂၀၀) ကျော်မှာ မိုးစပါးရေကြီးနစ်မြုပ်မှုများနှစ်စဉ်ခံစားနေရပါသည်။

သို့ပါ၍ ယင်းရေနုတ်မြောင်းအား အနက်(၆)ပေ၊ အကျယ်(၁၈)ပေခန့် ပြန်လည်တူးဖော်ပေးမည်ဆိုပါက ရေဆွဲအား လွန်စွာကောင်းမွန်၍ လယ်မြေဧက(၁၂၀၀)ကျော် ကောင်းစွာ ထွန်ယက်စိုက်ပျိုးနိုင်မည် ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို ပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင် မြို့နယ်၊ ဇရပ်ကြီး ကျေးရွာတွင် 5MVA လျှပ်စစ် ဓါတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်အတွင်း ကျေးရွာအုပ်စု(၃၅)အုပ်စုနှင့် ကျေးရွာခွဲ (၁၀၇)ရွာရှိပါသည်။ ထန်းတပင်မြို့နယ်နှင့် ကျေးရွာအချို့တွင် လျှပ်စစ်မီးရရှိသော်လည်း ထန်းတပင်မြို့နယ် တောင်ဘက်ခြမ်းဒေသသည် လျှပ်စစ်မီးအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ တောင်ဘက်ခြမ်းဒေသအားလုံး လိုအပ်လျက်ရှိသော လျှပ်စစ်မီးရရှိရေးအတွက် ဇရပ်ကြီးကျေးရွာတွင် 5MVA လျှပ်စစ်ဓါတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ရွှေတောင်မြို့နယ် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ယင်းမူကုန်းကျေးရွာအုပ်စုနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ရှားပင်ကုန်းအုပ်စုတို့အတွက် မြစ်ကမ်းပါးပြို သက်သာစေရန် ရေကာတာရိုက်ပေးရန် အစီအစဉ် သို့မဟုတ် မြစ်အလယ်မှသောင်အား သောင်တူးစက်ဖြင့်တူးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသော ယင်းမူကုန်းကျေးရွာအုပ်စုသည် ၂၀၁၀ ခုနှစ်မှစ၍ မြစ်ကမ်းပါးပြိုခဲ့ပြီး ယခုလည်းအနည်းငယ် ပြိုလျက်ရှိပါသည်။ ယခုနှစ်တွင် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းတွင်ရှိသော ရှားပင်ကုန်း အုပ်စုသည်လည်း ယခုနှစ်(၂၀၁၅)ခုနှစ် မိုးရာသီတွင် မြစ်ကမ်းပါးများစွာပြိုခဲ့ပါသည်။ ယခင်နှစ်က မြစ်ကမ်းပါးနှင့် ကိုက်(၂၀၀)ဝေးကွာရာမှ ယခုမြစ်ကမ်းပါးနှင့် ရှားပင်ကုန်းရွာ ကိုက်(၄၀)ခန့်သာကွာဝေး တော့ပါသည်။ ရှားပင်ကုန်းအုပ်စုတွင် ရှစ်လန်ကုန်းရွာနှင့် ဆင်ကျွန်းရွာဟူ၍ ကျေးရွာနှစ်ရွာရှိပြီး အိမ်ထောင်စုပေါင်း(၃၁၅)အိမ်နှင့် လူဦးရေ(၁၂၁၉)ဦး လုပ်ကိုင်စားသောက် နေထိုင်ကြပါသည်။ လာမည့်မိုးရာသီတွင် ၄င်းနေအိမ်များပါ ပြောင်းရွှေ့ရမည့် အနေအထားရှိပါသည်။ သို့ဖြစ်ပါ၍ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ယင်းမူကုန်းကျေးရွာအုပ်စုနှင့် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း ရှားပင်ကုန်းအုပ်စုတို့အတွက် မြစ်ကမ်းပါးပြို သက်သာစေရန် ရေကာတာရိုက်ပေးရန် အစီအစဉ် သို့မဟုတ် မြစ်အလယ်မှ သောင်အား သောင်တူးစက်ဖြင့် တူးရန်စသည့် မည်သည့် အစီအစဉ် ရှိ/မရှိနှင့် ရှိလျှင် မည်သည့်အစီအစဉ်ဖြင့် မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းဆိပ်ကျေးရွာ အနောက်ဘက် ကမ်းထိန်းနံရံများ ပြိုကျပျက်စီးနေပြီး ရွာအတွက် အန္တရာယ်ရှိလာပြီဖြစ်၍ သွားရောက်စစ်ဆေးဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ တံခွန်တိုင်ရွာထိပ်တွင် စစ်တောင်း မြစ်ကမ်းဘေး ရေတိုက်စားလျှက် ပေ(၅၀)ခန့်ပြိုပြီး ယခုတိုင်အက်ကြောင်းများ ပေးထားသောကြောင့် သက်ဆိုင်ရာဌာနမှ လာရောက်စစ်ဆေးပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းဆိပ်ကျေးရွာအနောက်ဘက် စစ်တောင်းမြစ်ရေကြောင်း ပြောင်းလဲ ရေးအတွက် ၂၀၁၂ခုနှစ်က တူးဖော်ခဲ့သော အရှည် (၆၇၀၀)ပေ၊ အကျယ် (၉၀)ပေ၊ အနက် (၂၈)ပေရှိ ချောင်းဖြောင့်မြောင်းသည် အကျိုးမရှိခဲ့ပါ။ ကွင်းဆိပ်ရွာကမ်းထိန်းနံရံများသည် ပြိုကျပျက်စီးနေပြီး ရွာအတွက် အန္တရာယ်ရှိလာပြီဖြစ်၍ သွားရောက်စစ်ဆေးဆောင်ရွက်မည့် အစီအစဉ် ရှိ /မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။တံခွန်တိုင်ကျေးရွာအုပ်စု၊ တံခွန်တိုင်ရွာထိပ်တွင်လည်း စစ်တောင်းမြစ်ကမ်းဘေး ရေတိုက်စားလျက် ရှိပြီး ယခုနွေရာသီမှာပင် ပေ (၅၀)ခန့်ပြိုသွားပြီး ယခုတိုင်အက်ကြောင်းများပေးထားပါသည်။ ထို့အတွက်ကြောင့် သက်ဆိုင်ရာဌာနအနေဖြင့် လာရောက်စစ်ဆေးပေးနိုင်ခြင်း ရှိ /မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။မေးခွန်းများနှင့် ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ညောင်လေးပင် မြို့နယ်အတွင်းရှိ အောင်းကြီးကျေးရွာပါ (၁၀)ရွာတွင် (၃၃/၁၁)ကေဗွီ (၂)အမ်ဗွီအေ ဓါတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ညောင်လေးပင်မြို့နယ်အတွင်းရှိ အောင်းကြီးကျေးရွာ၊ စည်ပင်ကျေးရွာ၊ ကဒါးကျေးရွာ၊ စစ်ကုန်းကျေးရွာ၊ ကညင်နှစ်ပင်ကျေးရွာ၊ ဆင်ကူးကျေးရွာ၊ ငါးကြီးအိုင်ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ကတုတ်ကျေးရွာ၊ သံတံတားကျေးရွာစသော ကျေးရွာ(၁၀)ရွာ၊ လျှပ်စစ်မီးရရှိရေးအတွက် ၃၃ကေဗွီ ဓါတ်အားလိုင်း (၀. ၃)မိုင် တည်ဆောက်ခြင်း၊ ၃၃/၁၁ ကေဗွီ (၂) အမ်ဗွီအေ ဓါတ်အားခွဲရုံတည်ဆောက်ခြင်း၊ ၁၁ ကေဗွီဓါတ်အားလိုင်း(၁၅. ၅)မိုင် တည်ဆောက်ခြင်း၊ ၁၁/၀. ၄ ကေဗွီ ၃၁၅ ကေဗွီ ဓါတ်အားခွဲရုံ(၃)ရုံ၊ ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓါတ်အားခွဲရုံ(၆)ရုံ၊ ၁၆၀ ကေဗွီအေ ဓါတ်အားခွဲရုံ (၂)ရုံနှင့် ၄၀၀ ဗို့ဓါတ်အားလိုင်း (၂၀)မိုင် တည်ဆောက်ခြင်းအား ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခွင့်ပြုရန် တင်ပြခြင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ယခုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန) လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ (၂၉-၈-၂၀၁၃)ရက်စွဲပါစာအမှတ် ၁၁၁၀၈/ဓအဖ(ပဲခူး-အရှေ့) /၂၀၁၃ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများမှာလည်း ၁၁ ကေဗွီလိုင်း တည်ဆောက်ခြင်း၊ ၄၀၀ ဗို့ ဓါတ်အားလိုင်းများ တည်ဆောက်ခြင်းအား ဆောင်ရွက်လျှက်ရှိပါသည်။

အထက်ဖော်ပြပါ ကျေးရွာ(၁၀)ရွာ ဓါတ်အားရရှိရေးအတွက် ၃၃/၁၁ကေဗွီ(၂)အမ်ဗွီအေ ဓါတ်အားခွဲရုံနှင့်၃၃ ကေဗွီ ဓါတ်အားလိုင်း (၀. ၃)မိုင် တည်ဆောက်ခြင်းအား ကျေးရွာအစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်မည်ဖြစ်သောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ယခု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လျာထားခြင်းမရှိပါ။ အမျိုးသား လျှပ်စစ် ဓါတ်အားရရှိရေး စီမံချက်(NEP)တွင်လည်း လျာထားမှုမရှိပါကြောင်းနှင့် နောင်ဘဏ္ဍာရေး နှစ်များတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ရုံးချုပ်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏"ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ် တို့တွင် စစ်တောင်းမြစ်ဝ ကမ်းပါးပြိုသည့်ကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း " နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းလာသော စစ်တောင်းမြစ်ဝကမ်းပါးပြိုသည့် ကိစ္စနှင့်ပတ်သက်၍ ဤဦးစီးဌာန၊ ဒေသ(၃)မှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆောင်ရွက်သင့်သည့် အစီအမံများအား ဤဦးစီးဌာန၊ (ရုံးချုပ်)သို့ တင်ပြခဲ့ရာ ဆောင်ရွက်သင့်သည့် အစီအမံများအား ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ သနပ်ပင်မြို့နယ်၊ ကသစ်ခုံကျေးရွာ၊ စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းစီမံချက်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၁၅-၂၀၁၆) ဖြည့်စွက်ရန်ပုံငွေထည့်သွင်းပေးရန် တင်ပြထားပြီး ဖြစ်ပါသည်။ ဆက်လက်၍ နိုင်ငံတော်အစိုးရကိုလည်း တိုင်းဒေသကြီးအစိုးရမှ ဆက်လက်ပေးပို့ တင်ပြထားပြီးဖြစ်ပါသည်။

စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားသောကြောင့် အခြား ဌာနများမှ ပညာရှင်များ၏ အကြံဉာဏ်ရယူကာ ပူးပေါင်းဆောင်ရွက်သင့်သောလုပ်ငန်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီး ကျေးရွာနှင့် ဝဲပြန်ကျေးရွာရှိ အလျား(၃)မိုင်ခန့်ရှိသော အလယ်ပျော့ချောင်း ရေနုတ်မြောင်းသည် တိမ်ကောလျှက်ရှိ၍ တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးများဖြစ်သော၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ် အပါအဝင် နိုင်ငံတော်အတွင်းရှိ အဓိကမြစ်ကြီးများတွင် ရေကြောင်းရေလမ်းကောင်းမွန်ပြီး ရေယာဉ်များ ဝန်တင် အလေးချိန်ပိုမို တင်ဆောင် သွားလာနိုင်ရေးအတွက် မြစ်ကြောင်းရေလမ်းများပြုပြင်ပေးခြင်း၊ တစ်ဆက် တစ်စပ်တည်း ကမ်းပြိုကမ်းစားမှု ကာကွယ်ပေးခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျှက်ရှိသော ဌာနတစ်ခုဖြစ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အတွင်းရှိ ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာရှိ အလျား(၃)မိုင်ရှိ အလယ်ပျော့ချောင်းရေနုတ်

မြောင်းအား တိမ်ကောနေမှုကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်သွားသင့်ပြီး ဤဦးစီးဌာနအနေဖြင့် အဆိုပါတိမ်ကောနေသော ရေနုတ်တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ထန်းတပင် မြို့နယ်၊ ဇရပ်ကြီး ကျေးရွာတွင် 5MVA လျှပ်စစ်ဓါတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာတွင် ဂျပန် ODA Loan ဖြင့် ၃၃/၁၁ကေဗွီ၊ 5MVA ဓါတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိပါသည်။ ဂျပန် ODA Loan ဖြင့် ဆောင်ရွက်နိုင်ရန် ချေးငွေရရှိရေးအတွက် ရုံးချုပ်မှ JICA အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ရွှေတောင်မြို့နယ် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ယင်းမူကုန်းကျေးရွာအုပ်စုနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ရှားပင်ကုန်းအုပ်စုတို့အတွက် မြစ်ကမ်းပါးပြို သက်သာစေရန် ရေကာတာရိုက်ပေးရန် အစီအစဉ် သို့မဟုတ် မြစ်အလယ်မှသောင်အား သောင်တူးစက်ဖြင့်တူးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ရွှေတောင်မြို့နယ်၊တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးအုန်းသွင်မှပြည်ခရိုင်၊ ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိသော ယင်းမူကုန်း ကျေးရွာအုပ်စုနှင့်အနောက်ဘက်ကမ်းတွင်ရှိသော ရှားပင်ကုန်းအုပ်စုတို့အတွက် မြစ်ကမ်းပါးပြိုသက်သာစေရန်ရေကာတာရိုက်ပေးရန်အစီအစဉ်(သို့)မြစ်အလယ်မှသောင်အား သောင်တူးစက်ဖြင့်တူးရန်စသည့် မည်သည့် စီအစဉ် ရှိ/မရှိနှင့်ရှိလျှင် မည်သည့်အစီအစဉ်ဖြင့်မည်သည့် အချိန်တွင် ပြုလုပ်ပေးမည်ကိုသိရှိလိုပါကြောင်းမေးမြန်းလာသောမေးခွန်းကိုအောက်ပါအတိုင်းဖြေကြားအပ်ပါသည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်၍ ရွှေတောင်မြို့နယ်၊ ယင်းမူကုန်းကျေးရွာကမ်းပြိုမှု သက်သာစေရေးအတွက် ရည်ရွယ်ပြီး ၂၀၁၀ခုနှစ်၊ မတ်လတွင် နှစ်တန်းသွားမျောတိုင်တန်းရေကာ (၃၇၅)ပေ၊ ၂၀၁၁ခုနှစ်၊ မတ်လတွင် နှစ်တန်းသွားမျောတိုင်တန်းရေကာ(၅၅၀)ပေ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နှစ်တန်းသွားမျောတိုင်တန်း ရေလွှဲရေကာ (၄၀၀)မီတာနှင့် တစ်တန်းသွားမျောတိုင်တန်းသောင်ထိန်းရေကာ (၃၅၀)မီတာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရေကာဟောင်းအား ကျောက်ဖြည့်ရေကာအလျား (၁၈၅)မီတာ၊ ကျောက်ကြီးဖြည့်စွမ်းအားမြှင့်ခြင်း (၇၅၀)မီတာနှင့် နှစ်တန်းသွားမျောတိုင်တန်းရေလွှဲရေကာ(၄၀၀)မီတာ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စွမ်းအားမြှင့်ကျောက်ဖြည့်ရေကာ (၅၀)မီတာနှင့် တစ်တန်းသွားသောင်ထိန်းရေကာ (၄၀၀)မီတာကျောက်ဖြည့်ရေကာ (၄၀၀)မီတာ၊ နှစ်တန်းသွားမျောတိုင်တန်းကျောက်ဖြည့်အပေါက်ပိတ်ရေကာ (၆၈၀)မီတာနှင့် နှစ်တန်းသွားမျောတိုင်တန်းကျောက်ဖြည့်ရေကာတို(၁၅၀)ပေ၊ (၆)ခု တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ကံမ-ကြံခင်း ရေလမ်းကောင်းမွန်ရေးအတွက် နှစ်တန်းသွား

မျှောတိုင်တန်းကျောက်ခင်းရေကာ (၁၀၀၀)ပေအားလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် ကမ်းပြိုမှုများ လျော့နည်းသက်သာခဲ့ကြောင်း သိရှိရပါသည်။

ယင်းမူကုန်းကျေးရွာအုပ်စုနှင့် ရှားပင်ကုန်းအုပ်စု မြစ်ကမ်းပါးပြိုမှုများအား ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို ဤဦးစီးဌာန (ရုံးချုပ်)သို့ လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို တင်ပြပြီး ခွင့်ပြုချက်ရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းဆိပ်ကျေးရွာ အနောက်ဘက် ကမ်းထိန်း နံရံများ ပြိုကျပျက်စီးနေပြီး ရွာအတွက် အန္တရာယ်ရှိလာပြီဖြစ်၍ သွားရောက် စစ်ဆေးဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ရွှေကျင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်မှ မေးမြန်းလာမှုအား သက်ဆိုင်ရာဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး စစ်ဆေးတွေ့ရှိချက်များ အားဆက်လက်တင်ပြ သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ တံခွန်တိုင်ရွာထိပ်တွင် စစ်တောင်း မြစ်ကမ်းဘေး ရေတိုက်စားလျှက် ပေ(၅၀)ခန့်ပြိုပြီး ယခုတိုင်အက်ကြောင်းများ ပေးထားသောကြောင့် သက်ဆိုင်ရာဌာနမှ လာရောက်စစ်ဆေးပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ရွှေကျင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မှ တံခွန်တိုင်ကျေးရွာအုပ်စု၊ တံခွန်တိုင်ရွာထိပ်တွင်လည်း စစ်တောင်းမြစ်ကမ်းဘေး ရေတိုက်စားလျှက်ရှိပြီး ယခုနွေရာသီမှာပင်ပေ(၅၀)ခန့်ပြိုသွားပြီး ယခုတိုင်အက်ကြောင်းများ ဖြစ်ပေါ်နေခြင်းအား သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး စစ်ဆေးတွေ့ရှိချက်များအား ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။ ယခုဖြေကြားပေးပါသော စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးအားလည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ရွှေတောင်မြို့နယ် ယင်းမူကုန်းအုပ်စု ယင်းမူကုန်း ကျေးရွာ ဇေယျသုခကျောင်းမှာ ကျောင်းဝင်းထဲအထိ မြစ်ကမ်းအပါးရောက်နေပါတယ်။ ဇေယျသုခကျောင်းဝင်း အတွင်းတွင် ပြည်လုံးချမ်းသာဘုရားကျောင်းလည်း ရှိပါတယ်။ ဇေယျသုခကျောင်းမှာ တိုင်လုံးပေါင်း(၁၇၁)လုံး ရှိပြီး ကြီးမားသော သစ်သားကျောင်းဆောင်ဖြစ်ပါတယ်။ အကယ်၍ ယခုနှစ်မိုးရာသီတွင် ရေတက်လာပါက ၎င်းကျောင်းဆောင်ကြီးနှင့် ပြည်လုံးချမ်းသာဘုရားကြီးမှာ မြစ်ကမ်းပါးထဲ ရောက်ရှိမှာဖြစ်ပါတယ်။

၎င်းကျောင်းဆောင် ယင်းမူကုန်းဇေယျသုခကျောင်း၏ မြစ်ကမ်းပါးမှာ ရေဝဲနှင့်ရေစီးကြောင်းဖြစ်ပါတယ်။ ယခုလည်းဘဲ ပုံရေစီးကြောင်းဖြစ်သည့်အတွက် မြစ်ရေတက်လာလျှင် ယင်းမူကုန်းကျေးရွာရှိ ဇေယျသုခကျောင်းနှင့် ပြည်လုံးချမ်းသာဘုရားကြီးမှာ မြစ်ကမ်းပါးအတွင်း ကျရောက်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုနှင့် ဆရာတော်တို့မှာ မြစ်ကမ်းပါးအတွင်း ကျရောက်မည်ကို စိုးရိမ်ကြောင့်ကျနေပါတယ်။ ထိုနည်းတူ မြစ်၏ အနောက်ဘက်ကမ်းတွင်ရှိသော ရှားပင်ကုန်းကျေးရွာသည်လည်း မြစ်ကမ်းပါးနှင့် ကိုက်(၄၀)ခန့် ကွာဝေးပါတယ်။ ရွာသူရွာသားများသည် ကျွန်းကိုင်းမြေများကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေကြသော ဒေသဖြစ်၍ ကျွန်းမြေကို မြေကြီးပါသော်လည်း မနှမြောပါကြောင်း ၎င်းတို့၏ နေအိမ်များ ရွှေ့ပြောင်းရမည်ကို ရှားပင်ကုန်းကျေးရွာတွင်ရှိသော ဒေသခံပြည်သူများမှ ကြောင့်ကျလျက်ရှိပါကြောင်း၊ အကယ်၍ အချိန်မီ ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းမပြုနိုင်ပါက မြစ်ရေတိုက်စားကမ်းပြိုမှုများ ဆက်လက်ဖြစ်ပွားမည်ဆိုလျှင် မည်သို့ဆောင်ရွက်ပေးမည်ကို တာဝန်ရှိသူအနေဖြင့် ပြန်လည်ဖြေကြားပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ရွှေတောင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးမှ မည်ကဲ့သို့ ပြည်သူများ စိုးရိမ်ပူပန်ဖြစ်နေရသည့် လက်ရှိအခြေအနေကို မည်ကဲ့သို့ ဆက်လက်ပြီးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ ရှိ/မရှိကို ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ရွှေတောင်လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းသွင်၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ငွေပျက်စီးနိုင်မည့် ပမာဏနှင့် သုံးစွဲနိုင်မည့် ပမာဏကို ချင့်ချိန်ပြီး၊ အကယ်၍ ပျက်စီးမည့် ပမာဏများပါက လုပ်ဆောင်သွားပါမည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များခင်ဗျား- ၂၀၁၄ခုနှစ် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၅ အရ ဖြေကြားသော အစီအစဉ်နှင့် ရှင်းလင်းစွာ သိရှိနိုင်ရန်အတွက် တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းခွင့်ပြုပါ။ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ကုလားချောင်းကြီးကျေးရွာ၊ ဝဲပြန်ကျေးရွာနှင့် ဆက်စပ်လျက်ရှိသည့် အလယ်ပျော့ချောင်းအား ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာ သက်ဆိုင်ရာလယ်ယာကဏ္ဍ၊ ဒုတိယအဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့ရှိ လက်ရှိဖြေကြားသွားသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖြေကြားသွားသည့်အတွက် အစကတည်းက ကဏ္ဍလွဲနေပါ၍ ၎င်းနှင့်ပတ်သက်ပြီး မေးခွန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနမှ မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်ဆိုသည့် မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကြယ်ပွင့်ပြမေးခွန်းနံပါတ်(၁)ဖြစ်သည့် ကမ်းပြိုခြင်းနှင့်ပတ်သက်၍ ပြည်သူများအတိဒုက္ခခံစားနေရပါ၍ စစ်တောင်းမြစ်ရေတိုက်စား ကမ်းပါးပြိုမှုကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့ စီစဉ်ဆောင်ရွက်ပေးပါမည်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းစဉ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လယ်ယာကဏ္ဍဟူ၍ ဖော်ပြခဲ့ပြီး ၎င်းမေးခွန်းကိုမေးမြန်းရခြင်းသည် လက်ရှိအခြေအနေမှာကသစ်ခုံရွာဟောင်းကျေးရွာအား ဈေးအနီးသို့ ပြောင်းရွှေ့မည်ဆိုသည်မှာ နောက်တစ်လတွင် မိုးကျမှာဖြစ်၍ယခုလက်ရှိ ၎င်းတို့မှာ နေစရာမရှိပါ။ လယ်မြေထဲတွင် ဖြစ်သလိုနေရပါတယ်။ အိမ်များကို ဖျက်လိုက်ရပြီးသစ်သား၊ ဝါးနှင့် တောင်ထန်းများကို ဖုံးထားရပါ၍ ၎င်းအခြေအနေမျိုးတွင် မိမိအဓိကတင်ပြလိုသည်မှာကမ်းပြိုသည့်ကိစ္စအား ရေကာတာဆောက်ရန်၊ တမံဆောက်ရန်၊ စသည်ဖြင့် ဒေါ်လာသန်းပေါင်းများစွာအကုန်အကျခံပြီး ဆောက်ရန်မဟုတ်ဘဲ အရေးတကြီးလိုအပ်သည့်ကိစ္စကို အလျင်အမြန် အကောင်အထည်ဖော်ရန်အတွက် ဆက်စပ်မေးခွန်းအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ယခုအရေးတကြီးလိုအပ်နေသည့် ကျေးရွာ(၆)ရွာ ရွှေ့ပြောင်းရန်ကိစ္စတွင် ရွာပြန်တည်ရန်နေရာမှာ ရွာတွင်အုပ်ချုပ်ရေးပိုင်း သတ်မှတ်ထားတာရှိပါတယ်။ ခွင့်ပြုချက်နှင့် လိုအပ်သောငွေကြေးမှာ အများဆုံးသိန်း(၅၀)(၁)ကေလျှင် (၅)သိန်းနှုန်းဖြင့် ကေ(၅၀)အတွက် အလွန်ဆုံး သိန်း(၂၅၀)လိုအပ်ပါတယ်။ ယခုလတ်တလောတွင်စစ်တောင်းမြစ် ကမ်းပါးပြိုသည့်ကိစ္စအတွက် ကာကွယ်ရေးလုပ်ငန်းများ လိုအပ်နေပါကြောင်း၊ လတ်တလောအခက်အခဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက် မည်ကိုသိလိုပါကြောင်းနှင့်ကျန်တစ်ခုမှာ တိုင်းဒေသကြီးလွှတ်တော်သို့ မေးခွန်းများမေးမြန်းသည့်အခါ ကဏ္ဍကိုဖော်ပြခဲ့သော်လည်းမည်သည့်ဦးစီးဌာနမှ ဖြေကြားရန်ဟု ဖော်ပြထားခြင်း မရှိပါဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လွှတ်တော်မှ ပြည်သူ့ကိုယ်စား တင်ပြသည့် မေးခွန်းများကို ဖြေကြားရာတွင် ပြောင်းလဲချိန်တန်ပြီဖြစ်သည့်အတွက် ယခုထက်ပို၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများသည် ပြည်သူများအတွက် ပို၍ချိတ်ဆက်ဆောင်ရွက်စေချင်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။သနပ်ပင်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၏ကြယ်ပွင့်ပြမေးခွန်း အမှတ်(၁)နှင့် ပတ်သက်ပြီး စစ်တောင်းမြစ်ကမ်းပါးပြို ကာကွယ်ရေးလုပ်ငန်း စီမံချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်ချက်အား ရှင်းလင်းတင်ပြထားသည်ကို တွေ့ရှိရပါတယ်။ ထပ်မံပြီး ပိုမိုပြည့်စုံသည့် ရှင်းလင်းချက်တစ်ရပ် ဖြေကြားပေးရန် တိုက်တွန်းအပ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းအမှတ်(၃)တွင် မေးထားသည့်မေးခွန်းမှာ ရေနုတ်မြောင်းအနက် ၆'၊ အကျယ် ၁၈'ခန့် ပြန်လည်တူးဖော်ပေးမည်ဆိုပါက ရေဆွဲအားကောင်းပြီး လယ်မြေ(၁၂၀၀)ကျော် ကောင်းစွာထွန်ယက်စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအမှတ်(၃)အဖြစ် မေးမြန်းထားခြင်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားမှုသည် တိမ်ကောမှုကို တူးဖော်မှုလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်သင့်ပြီး ကျန်ဦးစီးဌာနအနေဖြင့် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြား

ထားပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် မိမိဒေသရှိ ကျေးရွာပြည်သူများ၏ လတ်တလောခံစားနေရသည့် သဘာဝဘေးအန္တရာယ်များကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် အကျိုးရှိသည့် မေးခွန်းများကို မေးမြန်းခြင်းဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေဖြင့် စိစစ်ပြီး ဤမေးခွန်းများကို သက်ဆိုင်သည့်ဝန်ကြီးဌာနသို့ ချပေးပါက ယခုကဲ့သို့ နှောင့်နှေးကြန့်ကြာမှု ရှိနိုင်မှာ မဟုတ်ပါဘူး။ မေးခွန်းနှင့်ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပေးစေလိုပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းမေးမြန်းသွားသည့် မေးခွန်းနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သည်မှာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကို လူမှုရေးဝန်ကြီးဌာနအပါအဝင် ကယ်ဆယ်ရေးဝန်ကြီးဌာနနှင့် သစ်တောနှင့် သယံဇာတဌာနသို့ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဖြေကြားသွားမည်ဖြစ်ပါတယ်။ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းအနေဖြင့် ၎င်းမေးခွန်းကို ထပ်မံပြီး တင်သွင်းပေးစေလိုပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာတောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြညှိနှိုင်းဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးရန် " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့် မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာ တောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြညှိနှိုင်း ဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ဆက်လက်ဆောင်ရွက် သင့်သည်ကို ဖြေကြားပေးရန် "** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အနောက်ဘက်ကျေးရွာအုပ်စု၊ သောင်လယ်ကျေးရွာ ကွင်းအမှတ် ၁၂(ခ) စစ်တောင်းမြစ် ကိုင်းမြေပေါ်တွင် မြစ်ဖြောင့်မြောင်းတူးဖော်ရန် အလံတိုင်များစိုက်ထူထားပြီး ဖြစ်ပါသည်။ လွန်ခဲ့သော (၃)နှစ်ခန့်ကလည်း ဆည်မြောင်းဦးစီးဌာန တစ်ခုတည်း သဘောဖြင့် (၂)နေရာတူးဖော်ခဲ့ပြီးဖြစ်ပါသည်။ အကျိုးဖြစ်ထွန်းမှုမရှိဘဲ အချည်းနှီး ဖြစ်ခဲ့ရပါသည်။ ယခု တူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာတောင်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်း ထိန်းသိမ်းရေး ပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြညှိနှိုင်းဆောင်ရွက်ခြင်း မပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးနိုင်ရန် အဆိုကိုတင်သွင်း ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **" ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ် (၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့် မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာ တောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေး ပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြညှိနှိုင်း ဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ဆက်လက်ဆောင်ရွက် သင့်သည်ကို ဖြေကြားပေးရန် "** အဆိုကို ထောက်ခံပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဦးဝင်းမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် ဦးဝင်းမြင့်၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ဦးဝင်းမြင့် တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ ခေတ်မီကလေးကစားကွင်း အမည်ခံ (အကြွေစေ့လောင်းကစားဆိုင်) များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း ” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ခေတ်မီကလေးကစားကွင်း အမည်ခံ (အကြွေစေ့လောင်းကစားဆိုင်) များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း ”** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ခေတ်မီကလေးကစားကွင်းအမည်ခံ (အကြွေစေ့ လောင်းကစားဆိုင်)များမှာ မြို့နယ်တိုင်းတွင် ကျယ်ကျယ် ပြန့်ပြန့်လုပ်ကိုင်လာကြတာကို တွေ့မြင်ကြရပါတယ်။ အဆိုပါ အကြွေစေ့ လောင်းကစားဆိုင်များ အနေဖြင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ခေတ်မီကလေးကစားကွင်းလုပ်ငန်းလိုင်စင်ကို လျှောက်ထားပြီး ဖွင့်လှစ်ကြခြင်း ဖြစ်ပါတယ်။ လုပ်ငန်းလိုင်စင်ကို လျှောက်ထားစဉ်တွင် စည်ပင်သာယာရေး အဖွဲ့များမှာ အသုံးပြုမည့် စက်အမျိုးအစား အရေအတွက်များကို တင်ပြခိုင်းခြင်း၊ ငွေကြေးပြန်လည် လဲလှယ် ပေးသည့် ငွေရေးကြေးရေးနှင့် ပတ်သက်၍ လောင်းကစားသဘောသို့ သက်ရောက်သည့် စက်ကိရိယာများ ထည့်သွင်းဆောင်ရွက်ခြင်း မပြုရန် စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ထားခြင်းများ ပြုလုပ်ထားသော်လည်း အမှန်တကယ်တွင် လိုင်စင်လျှောက်ထားစဉ် တင်ပြထားသော စက်အရေအတွက် အမျိုးအစားအတိုင်း မဟုတ်ဘဲ ဖွင့်လှစ်လျက်ရှိသည့်အပြင် အကြွေစေ့များကို ငွေကြေးပြန်လည် လဲလှယ်ပေးရန်ပွဲစားထား၍ လုပ်ဆောင်ခြင်း လျှို့ဝှက်အခန်းများပြုလုပ်၍ လုပ်ဆောင်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိနေကြတာပဲ ဖြစ်ပါတယ်။

ထိုကဲ့သို့ အကြွေစေ့ လောင်းကစားဆိုင်များမှာ ကျောင်း၊ ဈေးအနီး လူစည်ကားရာနေရာများတွင် ပေါ်ပေါ်တင်တင် ဖွင့်လှစ်နေမှုများကြောင့် အရွယ်သုံးပါးမရွေး လောင်းကစားကို လွယ်လွယ်ကူကူ ပြုလုပ်လာကြခြင်းကြောင့် အကျင့်စာရိတ္တများ ပျက်စီးလာကြပြီ ဖြစ်ပါတယ်။ အထူးသဖြင့် ကျောင်းသားအရွယ် ကလေးသူငယ်၊ လူငယ်လူရွယ်တို့ကြားတွင် လောင်းကစားပြုလုပ်ခြင်းများကို စွဲလမ်းလာကြပြီး စာရိတ္တများ ယိမ်းယိုင်ပျက်စီးလာကာ ဒုစရိုက်မှုများ ကျူးလွန်လာကြတာကိုလည်း ကျွန်တော်တို့ ရပ်ရွာထဲမှာ မျက်မြင်ကိုယ်တွေ့ မြင်တွေ့လာကြရပြီ ဖြစ်ပါတယ်။ ထို့အတူ အဆိုပါ အကြွေစေ့ဆိုင်များတွင် ကစားရင်းရှုံးနိမ့်ပြီး စီးပွားပျက်၊ ဘဝပျက် မိသားစုချင်း ကွဲကွာသည်အထိ ဖြစ်ပျက်နေကြသည်များမှာလည်း အမှန်ကတယ် ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။

ထို့ကြောင့် အဆိုပါ အကြွေစေ့ဆိုင်များသည် လောင်းကစားမှုများကို ကျူးလွန်နေခြင်း တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းလာသောစက်များကို အသုံးပြုနေခြင်းများနှင့် လုပ်ငန်းလိုင်စင်ပါ စည်းမျဉ်း၊ စည်းကမ်းတိုင်းကို ချိုးဖောက်နေခြင်းအား ရပ်မိ၊ ရပ်ဖများမှ မခံရပ်နိုင်၍ တိုင်တန်းကြသည့်အခါများတွင်လည်း သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ထိရောက်စွာ ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများ မရှိခြင်းများကြောင့် ရပ်ရွာနေပြည်သူလူထုကြားတွင်လည်း နိုင်ငံ့ဝန်ထမ်းများအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ပြည်သူလူထုအား များစွာအကျိုးယုတ်ပျက်စီးစေခြင်း၊ တိုင်းပြည်၏ အနာဂတ်ဖြစ်သော ကျောင်းသားလူငယ်များ၏ စာရိတ္တမဏ္ဍိုင်ကိုလည်းများစွာ ယိမ်းယိုင်ပျက်စီးစေခြင်း၊ ရပ်ရွာ တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်စေသော အဆိုပါ ခေတ်မီကလေးကစားကွင်းအမည်ခံ (အကြွေစေ့လောင်းကစားဆိုင်)များအား လိုင်စင်ချထားပေးမှုများသည် မသင့်တော်ပါကြောင်းနှင့် လိုင်စင်မဲ့ပြုလုပ်လာပါကလည်း ထိထိရောက်ရောက် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သင့်ပါကြောင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် လေးစားစွာဖြင့် အဆိုတင်သွင်း အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရွေးချယ်ခံ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ကျွန်တော်ကတော့ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဇေယျ တင်သွင်းသွားသည့် ခေတ်မီကလေးကစားကွင်း အမည်ခံ လိမ်လည်ပြီး အကြွေစေ့လောင်းကစားဝိုင်း ဆောင်ရွက်ခဲ့သည့် လောင်းကစားဒိုင်များကို ပြတ်ပြတ်သားသားအရေးယူနိုင်ရန်အတွက် ဦးကျော်ဇေယျအဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ လောင်းကစားဒိုင်များသည် အများသောအားဖြင့် Policy မှာ အထက်ကျောင်းများအနီးတွင် ဆောင်ရွက်လုပ်ရှားလေ့ရှိပါကြောင်း၊ မိမိတို့တိုင်းပြည်၏ အနာဂတ်လူငယ်မျိုးဆက်များသည် လောင်းကစားဝိုင်းများတွင် ရောက်ရှိ၍ ၎င်းတို့၏ပညာရေးမှာ အလွန်နှောင့်နှေးရသည့် ဘဝဖြစ်ခဲ့ရပြီး ဘဝပျက်သွားရသည့် ကလေးများကို ကြုံတွေ့ကြရပါသည်။ ဦးကျော်ဇေယျ၏အဆိုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ထောက်ခံခြင်း အားဖြင့် မိမိတို့ပေါ်ပေါက်လာပြီဖြစ်သည့် အစိုးရသစ်တစ်ရပ် ထင်သာမြင်သာရှိသည့်

လှုပ်ရှားမှုတစ်ရပ်အနေနှင့် ဖြစ်သွားမည်ဖြစ်၍ မိမိအနေဖြင့် ဦးကျော်ဇေယျ၏အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဦးကျော်ဇေယျ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

## အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့် အတွက် ဦးကျော်ဇေယျ၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ဦးကျောဇေယျ တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၅း၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ခုနှစ် မေလ (၁၃)ရက် (သောကြာနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ဒုတိယပုံမှန်အစည်းအဝေး**

ဒုတိယနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မေလ ၁၃ ရက် ]**

**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၉ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၀. ၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်[ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]သည် ဝန်ကြီးချုပ်တာဝန်ဆောင်ရွက်ရန်ရှိပါသဖြင့်လည်းကောင်း၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန]နှင့် ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်၊ တောင်ငူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးသည် ကျန်းမာရေးမကောင်းပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင် နှင့် ဗိုလ်မှူးမြတ်လှိုင်တို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁၃-၅-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးမျိုးခိုင်[ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီ]**။ ။ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမား နှင့်မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အစီရင်ခံစာ

**နိဒါန်း**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံ၏လူဦးရေ (၇၀) ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုနေကြသည့် ကျေးလက်နေ ပြည်သူများ ဖြစ်ကြပါသည်။ သမရိုးကျ စိုက်ပျိုးရေးမှခေတ်မီ စက်မှုလယ်ယာသို့ အဆင့်ဆင့်တက်လှမ်းရမည် ဖြစ်သလို အခြား တစ်ဖက်မှာလည်း ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့်မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့်မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ကိုလွှတ်တော်၏လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ -၁၆၇ အပိုဒ် (က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၆၂၊ နည်းဥပဒေခွဲ (က)နှင့်(ခ) အရလည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ်လ (၁၄)ရက်မှစ၍ အောက်ပါပုဂ္ဂိုလ် (၁၅)ဦးဖြင့် လွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်။

| | | | |
|---|---|---|---|
| - | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

တို့ပါဝင်ပြီး ပထမအကြိမ်ကော်မတီအစည်းဝေးကို၂၀၁၆ခုနှစ်၊ ဧပြီလ၊ (၇)ရက်နေ့ တွင်ကျင်းပြုလုပ်ခဲ့ပါသည်။ ထိုအစည်းဝေးတွင် ကော်မတီနှင့်ပတ်သက်သည့် ဆွေးနွေးချက်များစွာ ဆွေးနွေးခဲ့ပြီး ဆုံးဖြတ်ချက် (၄) ခု ချမှတ်ခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့်မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ၏အကြံပြု ဆွေးနွေးချက်များကို ကဏ္ဍတစ်ခုချင်းစီအလိုက်တင်ပြသွားပါမည်။

**စိုက်ပျိုးရေးကဏ္ဍ**

ပဲခူးတိုင်းဒေသကြီးရှိ တောင်သူလယ်သမားအများစုသည် စနစ်၏ဒဏ်ရာ ဒဏ်ချက်များကြောင့် ဆင်းရဲတွင်းနွံထဲနစ်နေရပါသည်။ တောင်သူလယ်သမားများ ဆင်းရဲတွင်းမှ အမြန်ဆုံးလွတ်မြောက်ရန် -

- စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်မီလုံလောက်စွာထုတ်ချေးပေးရန်။
- လယ်ယာသုံးစက်ကရိယာများကို အသက်သာဆုံးနှုန်းထားဖြင့် သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။
- သဘာဝမြေဩဇာများ ပိုမိုသုံးစွဲနိုင်ရေး၊ ဩဂဲနစ်မြေဩဇာများထုတ်လုပ် သုံးစွဲမှု တိုးတက်လာရေးနှင့် ဩဂဲနစ် နည်းပညာများ ဖွံ့ဖြိုးလာရေးအတွက်ပံပိုးကူညီဆောင်ရွက်ပေးရန်။
- ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ စံချိန်စံညွှန်းပြည့်မှီစေရန် သက်ဆိုင်ရာ ဌာနများမှ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်။
- စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းများအကျိုးရှိစွာအသုံးချနိုင်ရေး၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် ရေအရင်းအမြစ်ကို စနစ်တကျ အကျိုးရှိစွာ အသုံးချစီမံခန့်ခွဲရေးကို အလေးထား ဆောင်ရွက်ရန်။
- မြေမှုန်၊ မျိုးမှုန်၊ ရာသီမှုန်၊ စိုက်နည်းမှန်မှလယ်ယာကဏ္ဍဖွံ့ဖြိုးလာမည်ဖြစ်ရာ မြေအမျိုးအစားများကိုလည်း ဒေသအလိုက် တိုင်းတာစစ်ဆေးဆောင်ရွက်ပေးရန်။
- ဒေသအခြေအနေနှင့် ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ရောင်းချပေးနိုင်ရန်။
- ဒေသနှင့်ကိုက်ညီမည့်စနစ်ကျစက်မှုလယ်ယာ ဖော်ထုတ်ရေးကို အလေးထား ဆောင်ရွက်ပေးရန်။
- ဆန်စပါးအပါအဝင် အရည်သွေးမြင့် ပို့ကုန်သီးနှံများစဉ်ဆက်မပြတ် ထုတ်လုပ်ရောင်းချနိုင်မည့် နိုင်ငံတကာဈေးကွက်ဖော်ဆောင် ရှာဖွေဖန်တီးပေးရန်။

**မွေးမြူရေးကဏ္ဍ**

- ပြည်သူများ အာဟာရပြည့်ဝစေရန် ပြည်တွင်းစားသုံးမှုဖူလုံစေရန်၊ ပြည်ပတင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ တိရိစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်။
- တိရိစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်းတွင် ပုဂ္ဂလိကအခန်းကဏ္ဍပိုမိုမြင့်မားလာအောင် အားပေးရန်နှင့် ပြည်တွင်းဖူလုံ၍ နိုင်ငံခြားတင်ပို့နိုင်အောင် ဆောင်ရွက်ရန်။
- မွေးမြူရေးကာကွယ်ဆေးများကို သိုလှောင်ရာ၌ လျှပ်စစ်မီးပြတ်တောက်မှုများရှိပါသဖြင့် ရေခဲပုံးကြီးများတွင်ရေခဲဖြည့်သိုလှောင်သည့်နည်းများအား ပညာပေးကြပ်မတ်ဆောင်ရွက်ရန်
- ကူးစက်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများသို့ ဇီဝလုံခြုံရေး သင်တန်းများကို အခါအားလျော်စွာ သင်ကြားပို့ချပေးရန်။

**မြေယာကိစ္စရပ်များဆိုင်ရာကဏ္ဍ**

တိုင်းအတွင်းရှိ ကိစ္စရပ်များဆိုင်သော တိုင်ကြားစာပေါင်း(၆၂)စောင်ကို ကော်မတီမှ လက်ခံရရှိပြီး ဖြစ်ပါသည်။ ထိုတိုင်စာများနှင့် ပတ်သက်၍ ကော်မတီအနေဖြင့် ဦးစားပေးအဆင့်အလိုက် ဖြေရှင်းပေးသင့်သော ကိစ္စရပ်များကို စိစစ်သုံးသပ်လျှက် ဆက်လက်ဆောင်ရွက်ရန် ကော်မတီမှ စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ အချို့ကိစ္စရပ်များသည် မြေပြင်ကွင်းဆင်းစိစစ်ဆောင်ရွက်ရန် လိုအပ်ပါက ကွင်းဆင်းစိစစ်ရန် ညှိနှိုင်းထားပြီး ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့်မြေယာ ကိစ္စရပ်များဆိုင်သော တိုင်းဒေသကြီးအတွင်းမြေယာပဋိပက္ခများနှင့်သော်လည်းကောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း [ဥက္ကဋ္ဌ၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ]။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီအနေဖြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေကြမ်း၊ အဆို သို့မဟုတ် အစီရင်ခံစာ၊ ဖြေကြားသောအဖြေများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျ စိစစ်ရန်၊ ပြည်သူလူထု၏ အကျိုးအတွက် အစိုးရအဖွဲ့မှ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်းရှိ၊ မရှိ မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းရှိ၊ မရှိနှင့် မည်သည့်အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း၊ ထိရောက်မှန်ကန်စွာ စစ်ဆေးနိုင်ပါရန်အတွက် ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ရန် အောက်ပါအစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအစီရင်ခံအပ်ပါသည်။

**ကော်မတီဖွဲ့စည်း တာဝန်ပေးအပ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည့် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)နှင့် (ခ)အရ လည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ်လ(၃၀)ရက်နေ့မှ စ၍ဖွဲ့စည်းခဲ့ပါသည်။

| | | | |
|---|---|---|---|
| - | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| - | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးတင်မျိုးနောင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးသူရဇော် | ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးသို့ ၇-၄-၂၀၁၆နေ့၊ နံနက် ၁၀း၃၀ နာရီ၌ စတင်ကျင်းပခဲ့ပြီး ကော်မတီအနေဖြင့် အောက်ပါလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

ဆုံးဖြတ်ချက် (၁)
- မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့်ပတ်သက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစိစစ်ရေး လုပ်ငန်းအဖွဲ့၊
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကတိကဝတ်ပြုခဲ့သောမေးခွန်းများ၊ အဆိုအချေများနှင့် ကတိကဝတ်သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေး လုပ်ငန်းအဖွဲ့၊
- တိုင်းဒေသကြီး အစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေနေအထိ အကောင်အထည်ဖော်ပြီးကြောင်းနှင့် ထိရောက်စွာ ဆောင်ရွက်ခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းအဖွဲ့၊

ဆုံးဖြတ်ချက် (၂) လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းစဉ်နှင့် တာဝန်ပေးအပ်မည့်သူများကို ဒုတိယအကြိမ် ကော်မတီအစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန်။

ဆုံးဖြတ်ချက် (၃) ကော်မတီ၏ အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ အခါအား လျော်စွာ ကြိုတင်ဖိတ်ကြားခြင်းဖြင့် ကျင်းပပြုလုပ်ရန်။

ဆုံးဖြတ်ချက် (၄) ကော်မတီ၏ ပြည့်သူအကျိုးအလို့ငှာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများအား ကြားနာခြင်းဆိုင်ရာ ကိစ္စရပ်များကို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ အခါ အားလျော်စွာ ကြိုတင်ဖိတ်ကြားခြင်း ကျင်းပပြုလုပ်သွားရန်။

ကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ၃-၅-၂၀၁၆နေ့ နံနက်(၁၀း၀၀)နာရီတွင် ကျင်းပခဲ့ပါသည်။

- ထိုသို့ ကျင်းပရာတွင် ပထမအကြိမ် ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြစ်သော

    - မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့် ပတ်သက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစိစစ်ရေးလုပ်ငန်းအဖွဲ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များအားလုံး တာဝန်ယူ ဆောင်ရွက်ကြရပါမည်။
    - ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆိုအချေများနှင့် ကတိကဝတ်နှင့် သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေး လုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့်အကြံဉာဏ်များ ရယူခြင်းနှင့် တွန်းအားပေးဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး ခရိုင်အလိုက် ဖုံနယ်များသတ်မှတ်ရန် တာဝန်ယူကြမည်ဟု ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ပဲခူးတိုင်းဒေသကြီးအရှေ့၊ ပဲခူးခရိုင်အတွက်

- ဒေါက်တာစောညိုဝင်း — သနပ်ပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
- ဦးသူရဇော် — ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)
- ဦးအောင်နိုင်ဦး — ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
- ဗိုလ်မှူးတင်မျိုးနောင် — တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

ပဲခူးတိုင်းဒေသကြီးအရှေ့၊ တောင်ငူခရိုင်အတွက်

- ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး — ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)
- ဦးစည်သူလွင် — ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
- ဦးခင်မောင်ဝင်း — ထန်းတပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
- ဗိုလ်ကြီးနိုင်အောင်ခင် — တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ

ပဲခူးတိုင်းဒေသကြီးအနောက်၊ ပြည်ခရိုင်အတွက်

- ဦးသက်မင်းဇော် — ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
- ဦးထွန်းထွန်းဦး — ပေါင်းတည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)
- ဦးဇော်လင်းထိုက် — သဲကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)

ပဲခူးတိုင်းဒေသကြီး အနောက်၊ သာယာဝတီခရိုင်အတွက်

- ဦးထူးခိုင် — ဇီးကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)
- ဦးမျိုးအောင် — လက်ပံတန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)

- ကွင်းဆင်းစိစစ်ရေး အဖွဲ့အတွက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များအားလုံး တာဝန်ယူဆောင်ရွက်ကြရပါမည်။

## ကတိကဝတ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ

- ကော်မတီ၏ ပြည်သူ့အကျိုးရှိသော လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းအဆင့်အဖွဲ့အစည်းများဖြစ်သော အခြားသောလွှတ်တော်ဆိုင်ရာ ကော်မတီများနှင့်လည်း ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားရန်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ယခင်အစိုးရအဖွဲ့မှ ကတိကဝတ်ပေးပြီး ပြီးပြတ်အောင် ဆောင်ရွက်မပေးနိုင်သော လုပ်ငန်းများကို အလျင်အမြန်စိစစ်ရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးကိုယ်စားလှယများ၏ အကြံပြုတင်ပြချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ယခင်အစိုးရအဖွဲ့မှ ကတိကဝတ်မပြုဘဲ ငွေးပယ်ခဲ့သော လုပ်ငန်းများကိုလည်း ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး ကိုယ်စားလှယ်များမှ ပြန်လည်တင်ပြရန်အတွက် ညှိနှိုင်းဆွေးနွေးသွားရန်။

## နိဂုံး

မိမိတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အမှန်တကကယ်လိုအပ်ရန် ပြည်သူ့ ကိုယ်စားလှယ် များမှ တင်ပြခဲ့သော ကိစ္စရပ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ရှင်းလင်းဖြေကြားပေးခြင်း၊ ပြည့်သူအကျိုးအတွက် ပေးထားသော အာမခံချက်များ၊ ကတိကဝတ်များအား အကောင်အထည်ဖော်ခြင်းနှင့် အကောင်အထည် မဖော်နိုင်ဘဲ ကျန်ရှိနေသည့် ကိစ္စများအားစိစစ်ရန် လိုအပ်သလို တိုက်တွန်းဆောင်ရွက်သွားခြင်း စသည့်ကော်မတီ၏လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ခြင်းဖြင့် မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများပီပြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ကတိကဝတ်ကော်မတီ၏ လုပ်ငန်းစဉ်များသည် ပြည်သူများ အမှန်တကယ်လိုအပ်နေသော ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို အချိန်နှင့် တပြေးညီ ဖြေရှင်းပေးနိုင်သော ပြည်သူများ အမှန်တကယ် အားကိုးရသည့် လွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ ပေါ်ပေါက်လာအောင်တွန်းအားပေးခြင်းဖြင့် ပြည်သူများ၏ဘဝ အမှန်တကယ်ပြောင်းလဲနိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသက်စိန် [အတွင်းရေးမှူး၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးသို့ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တင်သွင်းသည့် အစီရင်ခံစာ

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)(ခ)(ဂ)နှင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေခွဲ (က)နှင့် (ခ)အရ ၊ ၂၀၁၆ခုနှစ် မတ်လ (၃၁)ရက်နေ့တွင် အဖွဲ့ဝင်(၁၁)ဦးဖြင့် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းခဲ့ပါသည်။

၎င်းကော်မတီအနေဖြင့် ၂၀၁၆ခုနှစ်၊ ဧပြီလ (၇)ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ခုနှစ်၊ မေလ(၂)ရက်နေ့နှင့် (၃)ရက်နေ့တွင် ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီ၏ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်း စဉ်များအား ဆွေးနွေးအတည်ပြုဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ၎င်းကော်မတီ၏ လုပ်ငန်းတာဝန် များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရည်ရွယ်ပါသည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၂၀၁၆ခုနှစ် ဧပြီလ(၇)ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ခဲ့ပါသည်-

- ရသုံးမှန်းခြေငွေစာရင်းများကို ကော်မတီမှ ပြန်လည်စိစစ်ရန်။

- လိုအပ်သော မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးရန်။
- ရေးရာကော်မတီ၏ အကြံပြုတင်ပြချက်များကို အစည်းအဝေးတစ်ကြိမ် ပြီးဆုံးတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ပေးပို့ရန်။
- ကော်မတီ၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ တာဝန်တို့ကို အသေးစိတ်ပြန်လည်ရေးဆွဲရန်။
- ကော်မတီ၏ ထိန်းကျောင်းတည့်မတ်ရမည့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများကို ပြုစုထားရန်။
- ကော်မတီ၏ စစ်ဆေးတွေ့ရှိချက်များကို ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေရန်။
- ကော်မတီအစည်းအဝေးမှ ပထမဦးဆုံးလုပ်ဆောင်ရမည့် အချက်များကို ဆုံးဖြတ်၍ ကော်မတီဝင်များကို Guide Line ချပေးရန်။
- ယခင်ကော်မတီ၏ လုပ်ဆောင်ခဲ့မှုများကို ပြန်လည်စိစစ်လေ့လာရန်။
- အကြံပေးအဖွဲ့ကို တတ်သိပညာရှင်များနှင့် ဖွဲ့စည်းရန်။

၂၀၁၆ခုနှစ် မေလ(၂)ရက်နေ့နှင့် (၃)ရက်နေ့တို့တွင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များထဲမှ နှစ်စဉ်အသန့်ရှင်းဆုံးမြို့နယ်ဆုကို သတ်မှတ်ချီးမြှင့်ရန်။
- အစည်းအဝေးဆုံးဖြတ်ချက်များကို နောက်တစ်ကြိမ် ကော်မတီအစည်းအဝေးမပြုလုပ်မီ ကော်မတီဝင် အားလုံးကို ကြိုတင်ဖြန့်ဝေရန်နှင့် နောက်တစ်ကြိမ်ပြုလုပ်မည့် ကော်မတီအစည်းအဝေးအတွက် ဆွေးနွေးမည့်အကြောင်းအရာများကို ကြိုတင်အသိပေးထားရန်။
- အစည်းအဝေးဆုံးဖြတ်ချက်များကို နောက်တစ်ကြိမ် အစည်းအဝေးတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့်အချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကျန်ရှိနေသည့် အချက်များအား သုံးသပ်ဆွေးနွေးခြင်းကို အစည်းအဝေးအစီအစဉ်တွင် ပုံမှန်ထည့်သွင်းဆောင်ရွက်ရန်။

**ရှေ့လုပ်ငန်းစဉ်များ**

ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အခြေခံ၍ အောက်ပါရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥပဒေနှင့် နည်းဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်။
- ကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းလေ့လာရန်။
- မြို့နယ်များသို့ ကွင်းဆင်းလေ့လာဆောင်ရွက်သည့်အခါ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊

လုပ်ငန်းရှင်များနှင့် ဒေသခံမြို့မိမြို့ဖများအား တွေ့ဆုံဆွေးနွေးခြင်းကိုပါ တစ်ပါတည်း လုပ်ဆောင်သွားရန်။

- ကွင်းဆင်းလေ့လာမှုများ၊ တွေ့ဆုံဆွေးနွေးခြင်းများမှ တွေ့ရှိရသည့် အားသာချက်၊ အားနည်းချက်များကို ကော်မတီမှ သုံးသပ်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြကာ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုတင်ပြလွှာ ပေးပို့ရန်။

**နိဂုံး**

အထက်ဖော်ပြပါ ကော်မတီ၏ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်နိုင်ရေးအတွက် ဤကော်မတီအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က

(၁) **“ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းအား ပြုပြင်ပေးခြင်းနှင့် လမ်းတိုးချဲ့ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ဒိုက်ဦးမြို့နယ် ဆင်ကူး-ကုက္ကိုင်း ဆက်သွယ်ရေးလမ်းအား ဂဝံလမ်း ခင်းပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒိုက်ဦးမြို့နယ်၏ အနောက်ဘက် ဒရယ်မီး လမ်းဆုံမှ အုတ်ရှစ်ကုန်းအထိ အမြန်လမ်းမကြီးအား ဆက်သွယ်သော (၁၆)မိုင်အရှည်ရှိလမ်းသည် ကျေးရွာ ပေါင်း (၈၀)ခန့် အသုံးပြု၍ ယာဉ်အစီးပေါင်း (၁၀၀)ခန့် နေ့စဉ်ပြေးဆွဲနေသော လမ်းဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုအများဆုံး အသုံးပြုသောလမ်းလည်း ဖြစ်ပါသည်။ ထိုလမ်းသည် ဒရယ်မီးမှ ဒိုးတန်းကျေးရွာ (၇)မိုင်တွင် ကတ္တရာလမ်းတစ်ပိုင်း၊ ဒိုးတန်းမှာ ဗျက်ကြီးရွာအဝင် (၃)မိုင်တွင် ကွန်ကရစ်လမ်း၊ ဗျက်ကြီးမှ ဘုရားကြီးကုန်းရွာအထွက် (၃)မိုင်တွင် ကတ္တရာ လမ်း အုတ်ရှစ်ကုန်းရွာထိပ်မှ အမြန်လမ်းမကြီးအထိ (၃)မိုင်မှာ ကွန်ကရစ်လမ်း စသည်ဖြင့် တည်ရှိနေ ပါသည်။ အဆိုပါလမ်းသည် ဒရယ်မီးမှ ဒိုးတန်းကျေးရွာ (၇)မိုင်ခန့်ကြားတွင် ကတ္တရာလမ်းများပေါက်၍ ပျက်စီးနေပါသည်။ ကွန်ကရစ်လမ်းအပိုင်းသည် (၂)လမ်း သွားလမ်းဖြစ်၍ ကတ္တရာလမ်းအပိုင်းသည် (၁)လမ်းသွားဖြစ်ပြီး ပေါက်ပြဲပျက်စီးနေပါသည်။ ကတ္တရာ လမ်းအပိုင်းသည် ကျဉ်းမြောင်းသည့်အတွက် ယာဉ်တိုက်မှုအများဆုံးဖြစ်သည့် လမ်းအပိုင်းတွင် ကြုံတွေ့နေ ရပါသဖြင့် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းအား ပြုပြင်ပေးခြင်းနှင့် လမ်းတိုးချဲ့ပေးနိုင်ခြင်း အစီအစဉ် ရှိ /မရှိ သိလိုကြောင်းမေးမြန်းအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒိုက်ဦးမြို့နယ်၊ ဆင်ကူးကျေးရွာမှ ကုက္ကိုင်း ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းသည် ရန်ကုန်- မန္တလေးကားလမ်းအဟောင်းကို အခြေပြု၍ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပါသည်။ ထိုဆက်သွယ်ရေးလမ်းတွင် ဆင်ကူး၊ မြောက်ချောကုန်း၊ ကန်ကလေး၊ ကုက္ကိုင်းလမ်းသည် (၈)မိုင်(၄)ဖာလုံရှည်လျားပြီး ၄င်းလမ်းအား ၁၉၈၈ခုနှစ်မှစ၍ ယနေ့ထိတိုင် ကိုယ့်အားကိုယ်ကိုးခြင်းဖြင့် လမ်းများအားပြုပြင်ထိန်းသိမ်း ခဲ့ပါသည်။ ဆင်ကူးမှ ကုက္ကိုင်းသို့ဆက်သွယ်သော လမ်းမကြီးတွင် တံတား(၁၂)စင်းရှိခဲ့ပြီး (၂)စင်းကိုသာ ပြည်သူ့ဘဏ္ဍာငွေမှ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ကျန်(၁၀)စင်းမှာ ကျေးရွာနေပြည်သူများမှ ဆောက်လုပ်ခဲ့ရပါသည်။ မြို့နယ်စည်ပင်သာယာရေးမှ ဆင်ကူး- မြောက်ချောကုန်းအထိ (၂)မိုင်ခန့်သာ ဂဝံလမ်းခင်း ပေးထားသော်လည်း မြောက်ချောကုန်း-ကန်ကလေး- ကုက္ကိုင်းအထိ အရှည် (၆)မိုင်(၄)ဖာလုံခန့်မှာ မြေသားလမ်းအဖြစ် တည်ရှိနေပါသည်။ ထိုလမ်းသည် မိုးရာသီတွင် ကျေးရွာနေပြည်သူများ ကန်ကလေး အ.လ.က ကျောင်း(ခွဲ)သို့ ကျေးရွာ (၁၄)ရွာမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ အရေးပေါ်လူနာများသွားလာရန် ခက်ခဲသည့်အတွက် ဆင်ကူး-ကုက္ကိုင်းဆက်သွယ်ရေးလမ်းအား ဂဝံလမ်း ခင်းပေးနိုင်ခြင်း ရှိ မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က

(၁) **“သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ ကျွန်းကလေးမှ ပြည့်စင်ကုန်းအထိ လမ်းအရှည် (၁/၃)မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“သာယာဝတီမြို့နယ်၊ စန်းကြီးကုန်း-ဝဲဒေါင့်(၂/၀)မိုင်အရှည်ရေကာတာ တည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ညောင်ကောက်ကွေး-ကျွန်းကလေးလမ်း(၀. ၄၅)မိုင်အထိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်အဖြစ် (၁. ၉)သန်း လျာထားသတ်မှတ်ခဲ့ပါသည်။ ၎င်းလမ်းမှာ ကျွန်းကလေးမှ ပြည့်စင်ကုန်းအထိ (၁/၃)မိုင် ပြုပြင်ရန် ကျန်နေသေးသည်။ လွန်ခဲ့သည့်နှစ် သဘာဝဘေးအန္တရာယ် ရေနစ်မြုပ်သဖြင့် ၎င်းကျွန်းကလေး-ပြည့်စင်ကုန်း ကျေးလက်ဖွံ့ဖြိုးရေးလမ်းမှာ ကျိုးပျက်၍ အခြေအနေဆိုးဝါးနေပါသည်။ရေစား ချိုင့်ဝှမ်းများဖြင့် ခရီးသွားလာ၍ လွန်စွာအခက်တွေ့ နေရပါသည်။ ကျေးရွာအုပ်စု၊ ရွာပေါင်း(၁၅)ရွာမှ ပြည်သူ ကျောင်းသားများသည် ၎င်းလမ်းအား နေ့စဉ် အသုံးပြုမှီခိုနေရ၍ ပြုပြင်ရန် ကျန်နေသေးသော ကျွန်းကလေးမှ ပြည့်စင်ကုန်းအထိ လမ်းအရှည်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျွန်းကလေးမှ ဝဲဒေါင့်အထိ ရေကာတာ (မြစ်မခမြစ် အရှေ့ဘက် တာအရှည်မှာ (၄/၀)မိုင်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (သာမန်) အသုံးစရိတ်ခေါင်းစဉ် တိုင်းဒေသကြီးအစိုးရဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျွန်းကလေး-စန်းကြီးကုန်းအထိ (၂/၀)မိုင် ရေကာတာဟောင်း ခိုင်ခန့်ရန် ပြန်လည်ပြင်ဆင်မှုအတွက် ကျပ်(၆၆. ၀၀)သန်း ချမှတ်ခဲ့ပါသည်။ ကျန်(၂/၀)မိုင် စန်းကြီးကုန်းမှ ဝဲဒေါင့်အထိ ရေကာတာ တည်ဆောက်ရန် လိုအပ်နေသေးပါသည်။ ၎င်းကျန်(၂/၀)မိုင်မှ လာမည့်မိုးစပါးရာသီတွင် အရေးတကြီးလိုအပ်သော လုပ်ငန်းဖြစ်ပါသည်။ အဆိုပါရေကာတာ တည်ဆောက်ပြီးပါက ကျွန်းကလေး-ဝဲဒေါင့် ရေကာတာ (၄/၀)မိုင် တည်ဆောက်မည်ဖြစ်ပြီး ၎င်းဒေသတစ်ဝိုက်ရှိ လယ်ဧက (၂၀၀၀)ကျော်မှာ မိုးရာသီ မြစ်မခမြစ်၏ ရေနစ်မြုပ်ခြင်းအန္တရာယ်မှ ကင်းဝေးပြီး တောင်သူများ စီးပွားရေးအဆင်ပြေပြီး လူမှုဘဝ တိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းကျန်ရှိနေသော စန်းကြီးကုန်း-ဝဲဒေါင့်(၂/၀)မိုင် အရှည် ရေကာတာတည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က

(၁) **“မိုးညိုမြို့နယ်၊ ဘုရားငူကျေးရွာအုပ်စု၊ မိုးသစ္စာကျေးရွာအနီး မြစ်မခမြစ်အနောက်ဘက် ရေကာတာပေါ်ရှိ “မင်းဂဒူး” ရေတံခါးနှင့် ရေနုတ်မြောင်းတို့ အခြေအနေကို သိရှိလိုကြောင်း”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“မိုးညိုမြို့နယ်၊ မြောက်လုပ်ကုန်းကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်းအုပ်စုကြားရှိ မြစ်မခမြစ် အရှေ့ဘက်ကမ်းပတ်ရေကာတာအား မိုးဦးမကျမီ ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဘုရားငူကျေးရွာအုပ်စု၊ မိုးသစ္စာကျေးရွာအနီး မြစ်မခမြစ် အနောက်ဘက်ကမ်း ပတ်တာပေါ်တွင် မင်းဂဒူးအမည်ရှိ ရေတံခါးအရွယ်အစား (၆ပေ-၁၀ပေ)နှင့် ရေနုတ်မြောင်းတို့ကို ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းစတင် အကောင်အထည်ဖော်ကြောင်း သိရှိရပါသည်။ အဆိုစီမံကိန်းပြီးစီးပါက အကျိုးပြုလယ်ဧက (၁၇၆၉၁)ဧက အောင်မြင်ဖြစ်ထွန်းမည် ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော်မှခွင့်ပြုထားသော ဘဏ္ဍာငွေဖြင့် ယခုလက်ရှိမည်မျှသုံးစွဲထားပြီးကြောင်းနှင့် စီမံကိန်းလုပ်ငန်းပြီးစီးမည့်အချိန်တို့ကို သိရှိလိုကြောင်း မေးမြန်းပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ မြောက်လုပ်ကုန်းကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်းကျေးရွာအုပ်စုကြားရှိ မြစ်မခမြစ် အရှေ့ဘက်ကမ်း ပတ်တာကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကြို့ပင်ကောက်မြို့နယ် ဆည်မြောင်းမှ တာဝန်ယူ တည်ဆောက်ခဲ့ပါသည်။ ၂၀၁၅ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လများတွင် မြစ်မခမြစ်ရေ အဆမတန်ကြီးမြင့်မှုကြောင့် မြောက်လုပ်ကုန်းကျေးရွာအုပ်စုရှိ အင်းဝင်းရွာနှင့် ထန်းပင်ကုန်း ကျေးရွာအုပ်စုအတွင်း ငါးကျီးရွာအကြားတွင် အပြတ်တစ်ပြတ်လျှင် ပေ(၃၀၀)၊ အပြတ် (၁၄)ပြတ် ထွက်ကျိုးပြတ်သွားပါသည်။ အဆိုပါ ရေကာတာ ကျိုးပဲ့ပျက်စီးသွားပါသဖြင့် မိုးညိုမြို့နယ်မှ မြောက်လုပ်ကုန်းကျေးရွာအုပ်စု၊ ကျောက်ဝကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာ အုပ်စု၊ ကြို့ပင်ကောက်မြို့နယ်မှ ရှားပင်တကျေးရွာအုပ်စု၊ စေတီကုန်းကျေးရွာအုပ်စု၊ ကျောက်ဝကျေးရွာ အုပ်စု၊ ရွာသာယာကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၅၀၀၀)ကျော် ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထို့အပြင် လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း အတိဒုက္ခရောက်ခဲ့ပါသည်။ နိုင်ငံတော်မှ အားထားရသည့် ဆန်စပါး လည်းများစွာ နစ်နာဆုံးရှုံးရပါသည်။

အဆိုပါကျိုးပဲ့ပျက်စီးနေသော ရေကာတာကို အချိန်မီပြုပြင်ဖာထေး၊ ငါးကျီးမှ ကြို့ပင်ကောက် မြို့နယ်၊ စစ်ကုန်းအုပ်စုတာကို ထိစပ်အောင်ပြုလုပ်ဆောင်ရွက်ပါက အကျိုးပြုလယ်ဧက (၇၀၀၀)ခန့် အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မိုးမကျမီ အဆိုပါ ရေကာတာကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ /မရှိ သိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ဝေါမြို့နယ်၊ အဗျားအလယ်စုနှင့် အောက်စုကျေးရွာသို့ ဆက်သွယ်သော အရှည် (၁၅၀)ပေ၊ အကျယ်(၈)ပေ၊ အမြင့်(၁၈)ပေရှိ သစ်သားတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“လက်ပံတန်းမြို့နယ် အနောက်ဘက်ခြမ်းဒေသရှိ ပျဉ်းကတိုးကုန်း ကွမ်းသီးတစ်ပင် အုပ်စု ရေကာတာအား အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စုနှင့် တမာခေါတောင်စု လမ်းပေါ်ရှိ ကျေးလက်တံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျောက်ကြီး မြို့နယ် ကျောက်ကြီးရွာနှင့် ရွာကြီးအင်းရွာ ကျေးလက်လမ်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် အဗျား အလယ်စုကျေးရွာမှ အောက်စုကျေးရွာအတွက် အကျယ်(၁၅၀)ပေခန့်ရှိ ချောင်းမကြီးရှိပြီး ယခင်က မီးရထားသံလမ်းဖြတ်ကူးတံတားသာ ရှိပါသည်။ ၎င်းတံတားမှ ဖြတ်ကူးရာတွင် သံဃာတော်များ၊ ကျောင်းသား/ကျောင်းသူ ဒေသခံများ၊ ခရီးသွားများ ၎င်းသံလမ်းမှ ဖြတ်ကူးရခြင်းကြောင့် မီးရထား အန္တရာယ်နှင့် ကြုံတွေ့ရပါသည်။ အသက်အန္တရာယ်နှင့်ပါ ကြုံတွေ့ခဲ့ရသည့် သာဓကများလည်း ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဗျားအလယ်စုကျေးရွာမှ အောက်စုကျေးရွာသို့ ဆက်သွယ်သည့် တံတားအရှည် (၁၅၀)ပေ အကျယ် (၈)ပေ၊ အမြင့် (၁၈)ပေရှိ သစ်သားတံတား တည်ဆောက်ပေးရန် လိုအပ်ပါသဖြင့် တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိလိုကြောင်း မေးမြန်းပါသည်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ပိုင်းဒေသရှိ ပျဉ်းကတိုးကုန်းနှင့် ကွမ်းသီးတစ်ပင်အုပ်စုရှိ ရေကာတာသည် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ယိုယွင်းပျက်စီးလျှက်ရှိပြီး မိုးဦးကာလ၊ မိုးလယ်ကာလ၊ မိုးနှောင်းကာလများတွင် တာတမံပေါ်သို့ (၂)ပေခန့် ရေလျှံခြင်း၊ ရေကျော်ခြင်း၊ တာတမံအက်ကွဲခြင်းများနှင့် ယိုစိမ့်ထွက်မှုများ ကြုံတွေ့ခဲ့ရသောကြောင့် ပြည်သူလူထုမှ မြေကြီးအိတ်များဖြင့် အရေးပေါ် တာဆင့်ခြင်း၊ တာဖို့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခင်ကဲ့သို့ ရေကြီး/ရေလျှံမှုများ ဒဏ်ကိုခံခဲ့ရပြီး ယခုနှစ်တွင်လည်း ရေကာတာပတ်ဝန်းကျင်ရှိ ဒေသခံဖြစ်သော ဇီးဖြူကုန်းအုပ်စု၊ လုလင်အုပ်စု၊ ပေါက်တောအုပ်စုများမှ ပြည်သူများအနေဖြင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်လာမည်ကို စိုးရိမ် နေရပါသောကြောင့် ပျဉ်းကတိုးကုန်း ကွမ်းသီးတစ်ပင်အုပ်စု ရေကာတာအား အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်ကို သိလိုကြောင်း မေးမြန်း ပါသည်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်ရှိ အင်းနက်ကျေးရွာနှင့် တမာခေါတောင်စုလမ်းအတွင်း နေ့စဉ်နှင့်အမျှ ဒေသခံပြည်သူများ၊ ရဟန်းရှင်လူများ၊ ကျောင်းသား/ကျောင်းသူများ သွားလာနေသော လမ်းဖြစ်သည့်အပြင် ကျောက်ကြီးမြို့နယ်မှ ထန်းတပင် မြို့နယ်သို့ပါ သွားလာနေသော လမ်းဖြစ်ပါသည်။ အဆိုပါ အင်းနက်ကျေးရွာနှင့် တမာခေါတောင်စုကျေးရွာ ပျက်စီးယိုယွင်းနေသော တံတားအား အရှည်(၂၂၆)ပေ၊ အမြင့်(၁၀)ပေ၊ အကျယ်(၁၅)ပေ တံတား

တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ထို့အပြင် ကျောက်ကြီးမြို့နယ်နှင့် ရွာကြီးအင်းရွာတို့သည် မြို့နှင့် အဓိကဆက်သွယ်ထားသော လမ်းမကြီးတစ်ခုဖြစ်ပြီး လူဦးရေအများဆုံး အသုံးပြုသော အဓိကလမ်းမကြီး ဖြစ်သည်နှင့်အညီ ကျေးရွာရှိ သီးနှံထွက်ကုန်များကို မြို့သို့အရောက်ပို့ဆောင်သည့် သီးနှံပို့ကုန်လမ်းတစ်ခု ဖြစ်သောကြောင့် အရှည်(၂)မိုင်၅ဖာလုံ၊ အမြင့်(၃)ပေ၊ အကျယ်(၁၂)ပေရှိ မြေသားလမ်းအဖြစ်မှ ကျောက်ချော လမ်းအဖြစ်သို့ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါသောကြောင့် အင်းနက်ကျေးရွာအုပ်စုနှင့် တမာခေါ တောင်စုလမ်းပေါ်ရှိ ကျေးလက်တံတား တည်ဆောက်ပေးရန်၊ ကျောက်ကြီးမြို့နယ် ကျောက်ကြီးရွာနှင့် ရွာကြီးအင်းရွာ ကျေးလက်လမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်းနှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းအား ပြုပြင်ပေးခြင်းနှင့် လမ်းတိုးချဲ့ ပေးနိုင်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်သျှစ်ကုန်းလမ်း(၁၆)မိုင်အား ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ (၃. ၉. ၂၀၁၅) ရက်နေ့တွင် လွှဲပြောင်း ထားပြီးဖြစ်ပါသည်။ လမ်းဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်ဇယား **"က"** လမ်းမကြီးများ စာရင်းတွင် ဖြည့်စွက်ကြော်ငြာထားသည့်လမ်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ဒိုက်ဦးမြို့နယ် ဆင်ကူး-ကုက္ကိုင်း ဆက်သွယ်ရေးလမ်းအား ဂဝံလမ်း ခင်းပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ် ဆင်ကူး-ကုက္ကိုင်းလမ်းသည် လက်ရှိဂဝံလမ်း (၂/၀. ၈၆၅)မိုင်နှင့် မြေသားလမ်း (၆/၃. ၁၃၅) မိုင်၊ စုစုပေါင်းလမ်းအရှည်(၈/၄)မိုင်ရှိပြီး ကျေးရွာ(၁၄)ရွာအား အကျိုးပြုမည် ဖြစ်ပါသည်။ အဆိုပါလမ်း (၆/၃. ၁၃၅မိုင်×၁၂'×၉")အား ဂဝံလမ်းခင်းပေးမည်ဆိုပါက ခန့်မှန်း ကုန်ကျငွေကျပ် (၂၉၂. ၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင်၊ သာယာဝတီ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ ကျွန်းကလေးမှ ပြည့်စင်ကုန်းအထိ လမ်းအရှည် (၁/၃)မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"

နှင့် စပ်လျဉ်း၍ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ရွာမ-ညောင်ကောက်ကွေး -ကျွန်းကလေး-ပြည့်ဇင်ကုန်းလမ်း သည် ရွာမကျေးရွာမှ ညောင်ကောက်ကွေးအထိ (၁/၃)မိုင်၊ ညောင်ကောက်ကွေးမှ ကျွန်းကလေးအထိ (၃/၀)မိုင်၊ ကျွန်းကလေးမှ ပြည့်ဇင်ကုန်းအထိ(၂/၃)မိုင် စုစုပေါင်း(၆/၆)မိုင်ရှိပါသည်။ ရွာမကျေးရွာမှ ညောင်ကောက်ကွေးအထိ (၁/၃)မိုင်အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂဝံလမ်းခင်းထားပါသည်။ ညောင်ကောက်ကွေးမှ ကျွန်းကလေးအထိ မြေသားလမ်းမှာ သဘာဝဘေးကြောင့် ပျက်စီးသွားသော (၀/၀. ၄၅)မိုင်အား ပြုပြင်ခြင်းအတွက် ကုန်ကျငွေကျပ်(၁. ၉၂)သန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် လျာထားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသော ကျွန်းကလေးမှ ပြည့်ဇင်ကုန်းအထိ (၂/၃)မိုင် မြေသားလမ်းမှာ မြေသားများ ပျက်စီးနေပါသဖြင့် (၂/၃)မိုင် × (၁၈ပေ ×၂၄ပေ) မြေသားလမ်းအဖြစ် ပြုပြင်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၃၉)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သာယာဝတီမြို့နယ်၊ စန်းကြီးကုန်း-ဝဲဒေါင့်(၂/၀)မိုင်အရှည်ရေကာတာ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်အတွင်းရှိ ကျွန်းလေး-ဝဲဒေါင့်တာမှာ (၁၉၈၁-၁၉၈၂)ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ကျွန်းကလေးမှ စတင်၍ စန်းကြီးကုန်းရွာအထိ (၂/၄)မိုင် တည်ရှိပါသည်။ ယခုတင်ပြတောင်းဆိုသောအပိုင်းမှာ စန်းကြီးကုန်းမှ ဝဲဒေါင့်အထိ (၂)မိုင်ခန့်ကို ဆက်လက်တည်ဆောက်ပေးပါရန် တင်ပြတောင်းဆိုခြင်းဖြစ်ပါသည်။

ကျွန်းကလေး-ဝဲဒေါင့်တာ (၀/၀မှ ၂/၀)အထိ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းအား (၂၀၁၆-၂၀၁၇) ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)(ပထမ(၃)လပတ်)တွင် အလျား(၂)မိုင်၊ မြေကြီး(၁၁၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၆၆. ၀၀၀)သန်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းတွင် ပါဝင်ပြီးဖြစ်ပါသည်။

ကျန်ရှိသော စန်းကြီးကုန်း-ဝဲဒေါင့်တာ (၂)မိုင်အား ဆက်လက်တည်ဆောက် ဆောင်ရွက်ပေးခြင်းအားဖြင့် မိုးစပါးဧက(၂၀၀၀)ကျော်အား မြစ်မခမြစ်ရေဝင်ရောက်ခြင်းမှ အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်ပါသည်။

စန်းကြီးကုန်းမှ ဝဲဒေါင့်အထိ အလျား(၂)မိုင်၊ ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၂)မိုင်၊ မြေကြီး(၂၄၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၆၂. ၀၀၀)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအား (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးဝင်းကို၊ မိုးညှိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မိုးညှိုမြို့နယ်၊ ဘုရားငူကျေးရွာအုပ်စု၊ မိုးသစ္စာကျေးရွာအနီး မြစ်မခမြစ်အနောက်ဘက် ရေကာတာပေါ်ရှိ"မင်းဂဒူး" ရေတံခါးနှင့် ရေနုတ်မြောင်းတို့ အခြေအနေကို သိရှိလိုကြောင်း" နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညှိုမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကိုကာကွယ်ရန်အတွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပတ်တာတည်ဆောက်ပြီး မြစ်မခမြစ်ရေကို ကာကွယ်ရန်အတွက် မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာအား ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပတ်တာ (မြစ်သာပေါက်)မင်းလှ-မိုးညှိုကားလမ်း မိုးသစ္စာရွာအထိ တည်ဆောက်ခြင်းလုပ်ငန်းအား (၂၀၀၅-၂၀၀၆)ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ (၂၀၀၈-၂၀၀၉)ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာတည်ဆောက်ပြီးစီးခဲ့သည့်အခါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပတ်တာ၊ မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာနှင့် မင်းလှ-မိုးညှိုကားလမ်းတို့အတွင်း ကွင်းပတ်တာသဖွယ်ဖြစ်သည့်အတွက် ရေနုတ်ရန်ရေနုတ်မြောင်းနှင့် မြစ်မခမြစ်ရေမဝင်ရောက်စေရန် မင်းဂဒူးရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းဆောင်ရွက်ခဲ့ပါသည်။

မြစ်မခမြစ်အနောက်ဘက်ကမ်းတာအတွင်း ရေတံခါးနှင့်ရေနုတ်မြောင်းတည်ဆောက်တူးဖော်ပေးခြင်းအားဖြင့် မိုးညှိုမြို့နယ်အတွင်းရှိ လယ်မြေ(၁၇၆၉၁)ဧကကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာအတွင်းရေတံခါးတည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၂၃၀. ၀၀၀)သန်းဖြစ်ပါသည်။ (၂၀၁၂-၂၀၁၃)ခုနှစ် တွင် ပြည်ထောင်စုရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ရန်ပုံငွေ ကျပ်(၅၀၀. ၀၀၀)သန်း ရရှိခဲ့ပြီး ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းအား အလျား(၄. ၁၀)မိုင်၊ မြေကြီး(၁၀၉၀၅၀)ကျင်း ဆောင်ရွက်ခဲ့ပြီး ပြီးစီးမှုမှာ (၂၂%) ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ (၂၀၁၃-၂၀၁၄)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ရန်ပုံငွေ ကျပ်(၅၀၀. ၀၀၀)သန်း ထပ်မံရရှိခဲ့ပြီး ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ အလျား(၈. ၂၁)မိုင်၊ မြေကြီး (၁၈၉၂၂၅)ကျင်းနှင့် စုစုပေါင်းပြီးစီးမှုမှာ (၈၅%)ဆောင်ရွက်ပြီးဖြစ်ပြီး ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအား (၁၄)%ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ (၂၀၁၄-၂၀၁၅)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ရန်ပုံငွေ ကျပ် (၃၀၀. ၀၀၀)သန်း ထပ်မံရရှိခဲ့ပြီး ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ(၂၁%) ဆောင်ရွက်ပြီးစီးခဲ့ပြီး စုစုပေါင်းပြီးစီးမှုမှာ (၃၅%)ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ (၂၀၁၅-၂၀၁၆)ခုနှစ်တွင် ရန်ပုံငွေမရရှိသဖြင့် လုပ်ငန်းဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

သို့ဖြစ်ပါ၍ မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာအတွင်း ရေတံခါးတည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် နိုင်ငံတော်မှ (၂၀၁၄-၂၀၁၅)ခုနှစ်ထိ ခွင့်ပြုရန်ပုံငွေမှာ ကျပ်(၁၃၀၀. ၀၀၀)သန်းဖြစ်ပြီး သုံးစွဲပြီးငွေမှာ ကျပ်(၁၃၀၀. ၀၀၀)သန်းဖြစ်ပါသည်။ (၂၀၁၆-၂၀၁၇)ခုဘဏ္ဍာရေးနှစ်တွင် ကျန်ရှိလုပ်ငန်းများ အား ဆက်လက်ဆောင်ရွက် ရန်အတွက် ရန်ပုံငွေလိုအပ်ချက်မှာ ကျပ် (၉၃၀. ၀၀၀)သန်းဖြစ်ပြီး (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ(ငွေလုံးငွေရင်း)

ခေါင်းစဉ်အောက်မှ ရန်ပုံငွေထည့်သွင်း လျာထားပြီးဖြစ်ပါသဖြင့် ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မိုးညိုမြို့နယ်၊ မြောက်လုပ်ကုန်းကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်းအုပ်စု ကြားရှိ မြစ်မခမြစ် အရှေ့ဘက်ကမ်းပတ်ရေကာတာအား မိုးဦးမကျမီ ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်အတွင်းရှိ မြောက်လုပ်ကုန်းကျေးရွာအုပ်စု နှင့် ထန်းပင်ကုန်းကျေးရွာအုပ်စုကြားရှိ မြစ်မခမြစ်အရှေ့ဘက်ကမ်းပတ်တာကို (၂၀၁၃-၂၀၁၄)ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အလျား(၅)မိုင်အား ပြည်ထောင်စုရန်ပုံငွေ နိုင်ငံတော်သမ္မတ(သီးသန့်) ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။(၂၀၁၅)ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လများတွင် မြစ်မခမြစ်ရေ အဆမတန်မြင့်တက်မှု ကြောင့် မြောက်လုပ်ကုန်းကျေးရွာအုပ်စုရှိ အင်းဝင်းရွာနှင့် ထန်းပင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ငါးကျီးကျေးရွာ ကြားတွင် တာကျိုးပျက်မှုများဖြစ်ပေါ်ခဲ့ပြီး မိုးညိုမြို့နယ်အတွင်းရှိ မြောက်လုပ်ကုန်း၊ ကျောက်ဝ၊ ရွာသာယာ၊ ထန်းပင်ကုန်းကျေးရွာအုပ်စုနှင့် ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ရှားပင်တ၊ စေတီကုန်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၅၀၀၀)ကျော်နှင့် လူနှင့်တိရိစ္ဆာန်များပါ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသည်။

မြောက်လုပ်ကုန်းကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်းကျေးရွာကြားရှိ မြစ်မခမြစ်အရှေ့ဘက် ကမ်းပတ်တာအား မိုးညိုမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ငါးကျီးမှစစ်ကုန်းအုပ်စုအထိ တာပုံစံကျပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် လယ်မြေဧက(၇၀၀၀)ကျော်အား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

မြောက်လုပ်ကုန်းကျေးရွာအုပ်စုနှင့်ထန်းပင်ကုန်းကျေးရွာအုပ်စုကြားရှိ မြစ်မခမြစ် အရှေ့ဘက် ကမ်းပတ်ရေကာတာအား တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၁၁)မိုင်၊ မြေကြီး (၁၇၅၈၈၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာကျပ်(၁၂၆၀. ၀၀၀)သန်းကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)(ပထမ(၃)လပတ်) ဖြင့် လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိပြီး (၂၀၁၆)ခုနှစ် မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ဝေါမြို့နယ်၊ အဗျားအလယ်စုနှင့် အောက်စုကျေးရွာသို့ ဆက်သွယ်သော အရှည် (၁၅၀)ပေ၊ အကျယ်(၈)ပေ၊ အမြင့်(၁၈)ပေရှိ သစ်သားတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ဝေါမြို့နယ်၊ အဗျားအလယ်စုနှင့် အောက်စုကျေးရွာတို့တွင် ကျေးရွာသူ/သားများနှင့် ကျောင်းသူ/သားများ သွားလာနိုင်ရန် ရထားလမ်းကူးတံတားတစ်စင်းသာရှိပြီး ဖြတ်သန်းသွားလာရာတွင် အသက်အန္တရာယ်ရှိနိုင်သောကြောင့် အုတ်ခုံခံသစ်သားတံတားအသစ် (၁)စင်းတည်ဆောက် ပေးရန် လိုအပ်ပါသည်။ (၁၅၀'×၈'×၁၈')အုတ်ခုံခံသစ်သားတံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျ

ငွေကျပ် (၁၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါတံတားအား တည်ဆောက် ပေးမည်ဆိုပါက ကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၁၆၅)အိမ်၊ လူဦးရေ (၁၀၉၇)ဦးအား အကျိုးပြုမည် ဖြစ်ပါသည်။

အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "လက်ပံတန်းမြို့နယ် အနောက်ဘက်ခြမ်းဒေသရှိ ပျဉ်းကတိုးကုန်း ကွမ်းသီးတစ်ပင် အုပ်စု ရေကာတာအား အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီ အရှေ့ဘက်ကမ်းတာမှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသောတာဖြစ်ပြီး မိုးညိုမြို့နယ်၊ ဘုရားကြီးကုန်းမှစတင်ကာ လက်ပံတန်းမြို့နယ်တွင် ထိန်တောမှ ဇလွန်မြို့နယ်စပ် ပေါက်ကုန်းကျေးရွာအထိ အလျား(၂၇မိုင်)(၆)ဖာလုံဖြင့် အကျိုးပြုဧက(၄၆၂၉၇)အား ဧရာဝတီမြစ် ရေဘေးကာကွယ်ရန် ရည်ရွယ်တည်ဆောက်ခဲ့ပါသည်။ ပျဉ်းကတိုးကုန်း၊ ကွမ်းသီးတစ်ပင်အုပ်စု ရေကာတာမှာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ၏ အစိတ်အပိုင်းဖြစ်သော မိုင်တိုင်(၆/၀)မိုင်မှ (၈/၀)နေရာဖြစ်ပြီး အနီးဝန်းကျင်တွင် ဇီးဖြူကုန်းအုပ်စု၊ လုလင်ကျော်အုပ်စုနှင့် ပေါက်တောအုပ်စုများ ရှိပါသည်။

၂၀၁၅ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ကြီးများတွင် ၂၀၁၅ခုနှစ် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့နှင့် မိုးညိုမြို့နယ်များတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပါသည်။ မိုးညိုမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ်(၅၂. ၆)ပေကို ကျော်လွန် ၍ (၅၉. ၆)ပေအထိ (၇)ပေမြင့်တက်ခဲ့ပြီး (၂၅)နှစ်တာ ကာလအတွင်း အမြင့်ဆုံးသို့ တက်ရောက်ခဲ့ပါသည်။

လက်ပံတန်းမြို့နယ် အနောက်ဘက်ပိုင်းဒေသရှိ ပျဉ်းကတိုးကုန်းနှင့် ကွမ်းသီးတစ်ပင်အုပ်စုရှိ ရေကာတာမှာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ယိုယွင်းပျက်စီးလျှက်ရှိပြီး မိုးဦးကာလ၊ မိုးလယ်ကာလနှင့် မိုးနှောင်းကာလများတွင် တာတမံပေါ်သို့ (၂)ပေခန့် ရေကျော်ခြင်း၊ ရေလျှံခြင်း၊ တာတမံကွဲအက်ခြင်းများနှင့် ယိုစိမ့်ထွက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေခွေခြင်း၊ မြေအိတ်ဆင့်ခြင်း၊ တာပဲ့မှုအား တုတ်တန်းရိုက်၊ မြေအိတ်ချ၊ ခြံစည်းဖြည့်ကာကွယ်ခြင်း၊ တာအိလျှောခြင်းအား တုတ်တန်းရိုက်၍ မြေအိတ်ဆင့် ကာကွယ်ခြင်းလုပ်ငန်းများကို အရေးပေါ်ဆောင်ရွက်ခဲ့ရပါသည်။ ယခုအခါ ဧရာဝတီ အရှေ့ဘက်ကမ်းတာမှာ တာလုံးသေးခြင်း၊ ထူးပေါက်များဖြစ်ပေါ်နေခြင်း၊ တာအရှေ့နှင့် တာအနောက်တို့တွင် မြေကြီးလျှောကျမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

လတ်တလောဆောင်ရွက်ထားရှိမှုအနေဖြင့် ဌာနမှ ဝန်ထမ်းအင်အားဖြင့် ထူးပေါက်များ ခွဲစိပ်ဖို့လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပြီး ဇီးဖြူကုန်းအုပ်စု၊ လုလင်ကျော်အုပ်စု၊ ပေါက်တောအုပ်စုအတွင်းရှိ

ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် တာပုံစံကျ အခိုင်အမာပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာ မိုင်(၄/၄)မှ (၂၇/၆)အတွင်း အလျား(၂၃. ၂၅)မိုင်၊ မြေကြီး(၈၀၇၃၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၄၈၄၃. ၈၀၀)သန်းအား တာတမံကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အကြံပြုချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတွင် ပါဝင်ပါသည်။

ဧရာဝတီ အရှေ့ဘက် ကမ်းတာမိုင်(၄/၄)မှ (၂၇/၆)အတွင်း အလျား(၂၃. ၂၅)မိုင်ရှိသည့်အနက် အထူးအလေးပေးဆောင်ရွက်ရမည်ဖြစ်သော အလျား(၁၃. ၇၅)မိုင်တွင် ယခုတင်ပြသော ပျဉ်းကတိုးကုန်းနှင့် ကွမ်းသီးတစ်ပင်အုပ်စုရှိ တာမိုင်(၆/၀)မိုင်မှ (၈/၀)နေရာ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ လက်ပံတန်း မြို့နယ်အတွင်းရှိ ဧရာဝတီ အရှေ့ဘက်ကမ်းတာ အခိုင်အမာပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အောက်မှ တာမိုင်(၄/၄)မှ (၂၇/၆)အတွင်း အလျား(၂၃. ၂၅)မိုင်ရှိသည့်အနက် အထူးအလေးပေး ဆောင်ရွက်ရမည် ဖြစ်သော အလျား(၁၃. ၇၅)မိုင်အား ၂၀၁၆-၂၀၁၇ခုနှစ် ပြည်ထောင်စု ရန်ပုံငွေ(ငွေလုံးငွေရင်း) တာတမံ တောင့်တင်းခိုင်မာရေး ခေါင်းစဉ်အောက်မှ ဆောင်ရွက်မည့် အလျား(၁၃. ၇၅)မိုင်၊ မြေကြီး(၂၆၂၀၀၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေကျပ်(၁၃၃၉. ၂၀၀)သန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ဦးညဏ်ဝင်း၊ ဇီးကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စုနှင့် တမာခေါတောင်စု လမ်းပေါ်ရှိ ကျေးလက်တံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျောက်ကြီးမြို့နယ် ကျောက်ကြီးရွာနှင့် ရွာကြီးအင်းရွာ ကျေးလက်လမ်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စုနှင့် တမာခေါတောင်စုလမ်းပေါ်ရှိ ကျေးလက် တံတားမှာ (၂၂၆ပေ × ၄ပေ-၆လက်မ × ၁၀ပေ)ရှိ လူကူးတံတားဖြစ်ပြီး ယခုအခါ နှစ်ကာလ ကြာမြင့်ပြီ ဖြစ်ပါသဖြင့် တိုင်၊ ယက်မ၊ ဆင့်၊ ကြမ်းခင်းများ ဆွေးမြေ့ပေါက်ပြဲနေပြီဖြစ်ပါသည်။အဆိုပါတံတားအား ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၆၅၅)အိမ်၊ လူဦးရေ(၃၅၄၆)ဦး သွားလာလျှက်ရှိပါသည်။ အင်းနက်ကျေးရွာအုပ်စုနှင့် တမာခေါ တောင်စုလမ်းပေါ်ရှိ ကျေးလက်တံတား (၂၀၀ပေ × ၁၄ပေ × ၁၀ပေ) ကွန်ကရစ်တိုင်၊ သံဘောင်ယက်မ သစ်သားကြမ်းခင်းတံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျ ငွေကျပ်(၂၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးရွာနှင့် ရွာကြီးအင်းရွာ ကျေးလက်လမ်းမှာ ကျောက်ကြီး-နတ်သံကွင်း ကားလမ်းမှ ရေလဲ(ကရင်)ကျေးရွာသို့ ဆက်သွယ်ထားသော ရွာကြီးအင်း-ရေလဲအထိ အရှည်(၄/၅)မိုင်ရှိ ကျေးလက်လမ်းဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသော လမ်းမှာ ကျောက်ကြီးရွာနှင့် ရွာကြီးအင်းကျေးရွာအထိ (၁/၅)မိုင်ရှိ ဂဝံလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား (၁/၅မိုင် ×၁၀ပေ×၉လက်မ) ကျောက်ချောလမ်း ခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၁၂)သန်းကုန်ကျမည် ဖြစ်ပါသည်။ ရွာကြီးအင်း

ကျေးရွာမှ ရေလဲ(ကရင်)ကျေးရွာအထိ အရှည်(၃/၀)မိုင်၊ အကျယ်(၈)ပေ၊ အမြင့် (၄)ပေရှိ မြေသားလမ်း ဖြစ်ပါသည်။ လမ်းအစ/အဆုံး ခင်းမည်ဆိုပါက (၄/၅)မိုင် ကျောက်ချောခင်းခြင်းနှင့် (၃/၀မိုင်× ၈ပေ×၄ပေ) မြေသားလမ်း တိုးချဲ့ခြင်းလုပ်ငန်းအပါအဝင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြေသားလမ်းတိုးချဲ့ခြင်း လုပ်ငန်း အတွက် လယ်ယာမြေပိုင်ရှင်များ၏ သဘောတူညီချက်ရမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ လမ်းအား ကျေးရွာအုပ်(၃)အုပ်စု၊ ကျေးရွာ(၁၄)ရွာ၊ အိမ်ခြေ(၁၆၀၂)အိမ်၊ လူဦးရေ(၉၄၇၄)ဦး အကျိုးပြု သွားလာလျှက်ရှိပါသည်။ အဆိုပါလမ်းနှင့် တံတားအတွက် ကုန်ကျငွေများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲ ဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသူရဇော်က " ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းအား ပြုပြင်ပေးခြင်းနှင့် လမ်းတိုးချဲ့ပေးနိုင်ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်းအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၏ ဖြေကြားချက်မှာ ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်း (၁၆)မိုင်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ (၁-၉-၂၀၁၅)ရက်နေ့တွင် လွှဲပြောင်းပြီး ဖြစ်ပါသည်။ လမ်းဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ဇယား"က" လမ်းမကြီးများ စာရင်းတွင် ဖြည့်စွက်ကြော်ငြာထားသည့် လမ်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပါသည်။ လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်က ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းအား ပြုပြင်ပေးခြင်းနှင့် လမ်းတိုးချဲ့ပေးနိုင်ရန် မေးမြန်းသည့် မေးခွန်းဖြစ်သောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါရန် ဆက်စပ် မေးခွန်း ထပ်မံမေးမြန်းခဲ့ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဦးသူရဇော်၏ ဆက်စပ် မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးသူရဇော်၏ "ဒိုက်ဦးမြို့နယ် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းအား ပြုပြင်ပေးခြင်းနှင့် လမ်းတိုးချဲ့ပေးနိုင်ခြင်း ရှိ/မရှိ "နှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ဒိုက်ဦး-အုတ်ရှစ်ကုန်းလမ်းသည် ဒိုက်ဦးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းအဖြစ်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ်သို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် (၃-၉-၂၀၁၆) ရက်နေ့တွင် လွှဲပြောင်းလက်ခံယူခဲ့သည့်လမ်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဒိုက်ဦး-အုတ်ရှစ်ကုန်းလမ်း၊ ဝကီလိုမီတာမှ ၄. ၅ကီလိုမီတာအတွင်း လမ်တစ်ဖက် တစ်ချက်(၁)မီတာစီချဲ့၍ (၅. ၅)မီတာအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ဂဝံလမ်းပုခုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် (၈)ကီလိုမီတာမှ (၁၇)ကီလိုမီတာအတွင်းရှိ လမ်းပေါက်များအား ခွဲကျောက်ဖြည့်ခင်း၍ ကတ္တရာလောင်းခြင်းလုပ်ငန်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဒိုက်ဦးမြို့နယ် ဒိုက်ဦး-အုတ်ရှစ်ကုန်းလမ်းအား ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာနအနေဖြင့် လမ်းတိုးချဲ့ပြုပြင်ပေးမည့် အစီအစဉ်ရှိပါကြောင်း ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၆)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) **" ပြည်မြို့ ကမ်းနားလမ်း တလျှောက် လျှပ်စစ်မီးတိုင်များ သွယ်တန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ကမ်းနားလမ်းသည် ပြည်သူများ၏ နေ့စဉ် နံနက်တိုင်း ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်လျှက်ရှိသော လမ်းဖြစ်ပြီး ဌာနဆိုင်ရာ ရုံးများ၊ ကျောင်းများ၊ ဘာသာရေးအဆောက်အဦများ အများစု ရှိသော နေရာတစ်ခုဖြစ်ပါသည်။ ညအခါတွင် လျှပ်စစ်မီးတိုင်များ မရှိသဖြင့် အမှောင်ထုကို အကာအကွယ် ယူ၍ မကောင်းမှုဒုစရိုက်များ မှောင်ရိပ်ခိုမှုများ နေ့စဉ်ဖြစ်ပေါ်လျှက်ရှိသည့်အတွက် လျှပ်စစ်မီးတိုင်များ စိုက်ထူ၍ လျှပ်စစ်မီးတိုင် ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် သွားလာရေးကို အဆင်မြေစေရန်အတွက် ပြည်မြို့၊ ကမ်းနားလမ်းတစ်လျှောက် လျှပ်စစ်မီးတိုင်များ သွယ်တန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးရန်နှင့် အစီအစဉ် မရှိပါက မည်သည့် အတွက်ကြောင့် ဖြစ်သည်ကို သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းများအတွက် လျာထားသတ်မှတ်သော ငွေစာရင်းကို ရေနုတ်မြောင်း အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများအတွက် ပြောင်းလဲသုံးစွဲပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ရပ်ကွက်သစ်များ၊ စက်မှုဇုံများတည်ဆောက်စဉ်တွင် စနစ်တကျ ပြုလုပ်ခဲ့ခြင်းများ မရှိခြင်းကြောင့် နှစ်စဉ်မိုးရာသီတိုင်းတွင် မြို့တွင်းရှိ လူနေရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ခံစားနေရသည်မှာ (၁၅)နှစ်ခန့် ရှိနေပြီဖြစ်ပါသည်။ မြစ်ရေ ၊ ချောင်းရေလျှံခြင်းကြောင့် ရေကြီးနစ်မြုပ်ခြင်းမဟုတ်ဘဲ ရေထွက်ပေါက်များ ပိတ်ဆို့နေခြင်းများကြောင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။ ယခင်ကဆိုလျှင် မိုးရေများသည်

ဘူးခါးမြောင်း၊ မာန်အောင်ချောင်း၊ လက်သော့ချောင်းများမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ခြင်း၊ မြစ်ဝတွင်းရှိ ရေအောင်းကန်များမှ မိုးရေကို ထိန်းထားနိုင်ခြင်းများကြောင့် ပြည်မြို့တွင် မိုးရေကြောင့် မြို့တွင်းရေနစ်မြုပ်မှုများ ခံစားခဲ့ရခြင်းမရှိခဲ့ပါ။ ယခုအခါ အထက်ပါချောင်းများသို့ စီးဝင်သော ရေလမ်းကြောင်းများ ပိတ်ဆို့ခြင်း၊ ရေအောင်းကန်များ ကောလာခြင်းများကြောင့် မိုးရေများသည် ချောင်းများ၊ ရေနုတ်မြောင်းများမှ စနစ်တကျ စီးဆင်းခြင်းမဟုတ်ဘဲ လူနေအိမ်များ လမ်းများပေါ်မှ မြို့အတွင်းစီးဆင်း၍ ရေနစ်မြုပ်ပြီး နောက်ဆုံးတွင် ပြည်မြို့၏ ရေမျက်နှာပြင်အနိမ့်ဆုံးရပ်ကွက်ဖြစ်သည့် နဝင်းရပ်ကွက်တွင် ရေထွက်ပေါက်မရှိသောကြောင့် ရေစုပ်စက်ကြီးများဖြင့် နဝင်းတာရိုးကိုကျော်၍ နှစ်စဉ်စုပ်ထုတ်နေကြရပါသည်။

ထိုကဲ့သို့ ရေကြီးနစ်မြုပ်မှုများကြောင့် ပြည်သူလူထုမှာ စီးပွားရေးအရ နစ်နာဆုံးရှုံးမှုများပြားခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ သွားရေးလာရေး အလွန်ခက်ခဲခြင်းများ နှစ်စဉ်မိုးတွင်းတိုင်း ကြုံတွေ့ခံစားနေကြရပါသည်။ထို့အတူ မြို့တွင်းလမ်းများမှာလည်း ရေကြီးရေလျှံမှုများကြောင့် အချိန်မတန်ဘဲ ပျက်စီးနေပြီး မကြာခဏ ပြန်လည်ပြုပြင်နေရခြင်းများကြောင့် ပြည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး သဘာဝ ဘေးအန္တရာယ်များမှ ပြည်မြို့ကို ကာကွယ်နိုင်ရေးအတွက် နှစ်စဉ် ကြုံတွေ့နေရသည့် မြို့တွင်းရေနစ်မြုပ်မှု များကို ထိန်းသိမ်းနိုင်စေရန် ရေနုတ်မြောင်းများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေအောင်းကန်များ ပြန်လည်တူးဖော်ခြင်းများကို ပြုလုပ်ရန်မှာ အဓိကအရေးကြီးဆုံး လုပ်ငန်းစဉ်ဖြစ်ပါသည်။ သို့သော် ယခု ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သုံးစွဲရန် လျာထားငွေစာရင်းတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ပမာဏနည်းပါးစွာ သုံးစွဲထားပြီး လမ်းအသစ်ခင်းခြင်း၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းများအတွက်သာ ပိုမို သုံးစွဲထားတာ တွေ့ရှိရပါသည်။ရေကြီးရေလျှံမှုများကို မဖြေရှင်းဘဲ လမ်းအသစ်ခင်းနေခြင်းမှာ နိုင်ငံတော်ဘဏ္ဍာငွေကို များစွာလေလွင့်ဆုံးရှုံးစေပြီး အဆိုပါလမ်းများကို ခဏသာ အသုံးပြုနိုင်ပြီး ပြန်လည်ပျက်စီး၍ ပြုပြင်နေရခြင်းများကြောင့် ပြည်သူလူထုအတွက်လည်း ထိရောက်စွာ အကျိုးပြုမှုနည်းပါးပါသည်။ ထို့အပြင် ပြည်မြို့အတွက် ကတ္တရာထပ်ပိုးလွှာခင်းရန်နှင့် လမ်းချဲ့ရန် လျာထား သတ်မှတ်ထားသည့် လမ်းများမှာလည်း ယခုလက်ရှိအခြေအနေအတိုင်း ကောင်းစွာအသုံးပြု၍ ရနေသေးသည်ကို ကွင်းဆင်းလေ့လာ တွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် ကတ္တရာထပ်ပိုးလွှာခင်းရန် လျာထား သတ်မှတ်ထားသော ငွေစာရင်းကို ရေနုတ်မြောင်းများနှင့် ရေအောင်းကန်များပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများအတွက် ပြည်သူအကျိုးစီးပွားကို ရှေးရှုပြီး ပြောင်းလဲသုံးစွဲပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာတွင် (၁၆)ကုတင်ဆံ့ဆေးရုံ(၁)ရုံ တည်ဆောက်ရန် ပြည်ထောင်စုအစိုးရမှ ခွင့်ပြုပြီးတည်ဆောက်ခြင်းမရှိခဲ့သည့် ကိစ္စ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး အမှတ်သစဉ် (၁/၂၀၁၅) ဆုံးဖြတ်ချက်အရ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နှင့် ဖောင်တော်သီကျေးရွာ၊ နတ္တလင်းမြို့နယ်၊ ချန်ယုတ်ကွင်းကျေးရွာတွင် (၁၆)ကုတင်ဆန့် တိုက်နယ်ဆေးရုံ(၁)ရုံစီ အသစ်တိုးချဲ့ ဆောက်လုပ်ခွင့်ပြုပါရန် ဆုံးဖြတ်ချက်ချသဘောတူကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ (၁၅-၁-၂၀၁၅)ရက်စွဲပါ စာအမှတ် (၄၂/၂၅၇/အမရ-၁/၂၀၁၅)ဖြင့် ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ပါသည်။

ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနအား (၂၈-၁-၂၀၁၅)ရက်စွဲပါ စာအမှတ်(ကမဘ/ယ-၁၃၇၂/၄၆)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှလည်း မြို့နယ်များ ဆက်လက်ညွှန်ကြားခဲ့ပါသည်။ ထိုညွှန်ကြားချက်အရ ဖော်တော်သီကျေးရွာတွင် တိုက်နယ်ဆေးရုံသစ်ဆောက်လုပ်မည့် သတင်းကြောင့် ကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်းဝယ်ယူပြီး မြို့နယ်ကျန်းမာရေးဌာနကို ဆေးရုံတည်ဆောက်ရန် လှူဒါန်းခဲ့ပါသည်။

သို့သော် နတ္တလင်းမြို့နယ်၊ ချန်ယုတ်ကွင်းကျေးရွာတွင် (၁၆)ကုတင်ဆန့် တိုက်နယ်ဆေးရုံ (၁)ရုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ဒိုက်ဦးမြို့နယ်၊ ဖော်တော်သီကျေးရွာတွင် တည်ဆောက်နိုင်ခဲ့ခြင်းမရှိတာကို တွေ့ရှိရပါသည်။ယင်းဖြစ်စဉ်၏ အကြောင်းအရင်းမှာ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာတွင် တိုက်နယ်ဆေးရုံတည်ဆောက်ရန် ကုန်ကျခန့်မှန်းအသုံးစရိတ်အား ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ပိတ်ခါနီးမှ ချပေးသဖြင့် အချိန်တိုအတွင်း စီမံကိန်းအကောင်အထည်ဖော်ရန် မဖြစ်နိုင်၍ တည်ဆောက်မည့် အသုံးစရိတ်အား ပြန်လည်အပ်နှံကြောင်း သိရပါသည်။

ယခုအခါ ကျေးရွာနေပြည်သူများက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ရန် အသုံးစရိတ်ကို ဦးစားပေးအနေဖြင့် ပြန်လည်ချပေးမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တည်ဆောက်မည့် လျာထားစီမံကိန်းခွင့်ပြုစာရင်းတွင် မပါဝင်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ စီမံကိန်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှ စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ရန် ကုန်ကျခန့်မှန်း အသုံးစရိတ်အား ပြန်လည်ချပေးရန် လိုအပ်ပြီး ပြန်လည်ချပေးနိုင်ခြင်း သိလိုကြောင်းမေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေကျင်မြို့နယ်၊ ရဲသောင် ကျေးရွာအုပ်စု၊ မဲပျော့ဘုန်းတော်ကြီးသင် မူလတန်းစာသင်ကျောင်းတာဝန် အားလုံးကို ဆရာတော်မှ တာဝန်ယူဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုစာသင်နှစ်မှစ၍ နိုင်ငံတော်အစိုးရမှ တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရဲသောင်ကျေးရွာအုပ်စု၊ မဲပျော့ဘုန်းတော်ကြီးသင် မူလတန်းစာသင်ကျောင်းသည် အစစအရာရာ တာဝန်အားလုံး (ဆရာတော်မှ) တာဝန်ယူဖွင့်လှစ်သင်ကြားနေသည်မှာ ၁၅နှစ်ခန့် ရှိပြီးဖြစ်ပါသည်။ ယခု စာသင်နှစ်မှစ၍ နိုင်ငံတော်အစိုးရမှ တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်း ရှိ မရှိ သိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာ အလယ်တန်းကျောင်းခွဲအား အထက်တန်းကျောင်းခွဲအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)သည် မြေ(၂)ဧကပေါ်တွင် အလျား(၁၄၀)ပေ၊ အနံ(၃၀)ပေ တိုက်ကျောင်း(၂)ဆောင်၊ အလျား(၁၃၀)ပေ၊ အနံ(၃၀)ပေ တိုက်ကျောင်း(၁)ဆောင်၊ အလျား(၁၂၀)ပေ၊ အနံ(၃၀)ပေ တိုက်ကျောင်း(၁)ဆောင်၊ စုစုပေါင်း အဆောင် (၄)ဆောင်ရှိသော ကျောင်းတစ်ကျောင်း ဖြစ်ပါသည်။ ယခင်က သောင်ကြီးကျေးရွာ အလယ်တန်းကျောင်း (ခွဲ)အား မှီခိုနေရသော အနီးပတ်ဝန်းကျင်ရှိ ရေပေါ်သောင်၊ ဗောဓိကုန်း၊ ပြည်ကိုယ်တော်၊ ချောင်းကျိုး စသောကျေးရွာများရှိ စာသင်ကျောင်းများသည် မူလတန်းအဆင့်သာ ရှိခဲ့ပါသည်။ ၂၀၁၄ခုနှစ်မှစ၍ ပတ်ဝန်းကျင်ကျောင်းများအား ပညာရေးဝန်ကြီးဌာနမှ မူလတန်းလွန်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။ ယခင်က သောင်ကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)သည် ပတ်ဝန်းကျင်ရှိ မူလတန်းကျောင်းများနှင့် ပညာရေးအဆင့် ကွာခြားမှုရှိခဲ့သော်လည်း ပတ်ဝန်းကျင်ရှိ မူလတန်းကျောင်းများအား မူလတန်းလွန် အဆင့် တိုးမြှင့်ပေးလိုက်သောကြောင့် ယခုအချိန်တွင် သောင်ကြီး အ.လ.က(ခွဲ)ကျောင်းနှင့် ပတ်ဝန်းကျင် ကျောင်းများမှာ ပညာရေးအဆင့် ကွာခြားမှုမရှိသကဲ့သို့ ဖြစ်နေပါသည်။

သောင်ကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)သည် ရုပ်ပိုင်းဆိုင်ရာအရ စာသင်ဆောင်များ ကောင်းမွန်ခြင်း၊ လျှပ်စစ်မီးရရှိသော ကျောင်းဖြစ်ခြင်း၊ ကျောင်းသားဦးရေ (၈၀၀)ဦးခန့်အား ပညာသင်ကြား ပေးနိုင်ခြင်းတို့ကို တွေ့ရှိရပါသည်။ ထို့အပြင် သောင်ကြီးကျေးရွာရှိ အထက်တန်းအဆင့် ပညာသင်ယူ နေရသော ကျောင်းသား၊ ကျောင်းသူများမှာလည်း (၃)မိုင်ခန့်ဝေးသော မဒေါက်မြို့ အထက်တန်းကျောင်းသို့ ရေတတန်၊ ကုန်းတတန် သွားရောက်ပညာသင်ယူနေကြရပါသည်။ သို့ဖြစ်ပါ၍ သောင်ကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ /မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်-ကင်မွန်းခြံလမ်းပိုင်း အရှည်(၄၇၅၀)ပေအား ကတ္တရာ ခင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် မြို့တွင်းရှိ ဂဝံလမ်းနှင့် မြေသားလမ်းသွယ်များအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၀.၃.၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅၅/၂၀၁၅ဖြင့် ကျေးရွာအုပ်စုမှ မြို့အဆင့် တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါသည်။

မြို့ဖွင့်ပွဲကိုလည်း (၂၀. ၃. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မြို့ဖြစ်သော်လည်း မြို့တွင်းလမ်းမကြီး (ရန်ကုန်-မန္တလေးလမ်းဟောင်း)မှာ မြို့အဝင်ထိပ်မှ ရဲတပ်ဖွဲ့စခန်း အလွန် လမ်းကွေ့အထိသာ ကတ္တရာခင်းထားပါသည်။ ယင်းလမ်းကွေ့နေရာမှစ၍ အရှည်ပေ(၄၇၅၀)ခန့်ရှိ ပိန်းဇလုပ်-ကင်မွန်းခြုံ လမ်းပိုင်းမှာ ဂဝံလမ်းသာဖြစ်ပါသည်။ အဆိုပါ ဂဝံလမ်းပိုင်းအား ယခုဘတ်ဂျက်နှစ်အတွင်း ကတ္တရာခင်းပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုပါသည်။ မြို့တွင်းလမ်းများတွင်လည်း ဦးမြတ်ထွန်းအောင်လမ်း၊ အ. ထ. က ကျောင်းလမ်း၊ ဘူတာရုံလမ်း၊ စာတိုက်လမ်း စသည့် လမ်းသွယ်(၄)ခုသာ ကတ္တရာလမ်းများဖြစ်ပြီး တစ်ခြားလမ်းအားလုံးမှာ ဂဝံလမ်းနှင့် မြေသားလမ်းများသာ ဖြစ်ပါသည်။ အဆိုပါကျန်ရှိသော လမ်းသွယ်များအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ /မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနှင့် ပတ်သက်ပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) " ပြည်မြို့ ကမ်းနားလမ်းတလျှောက် လျှပ်စစ်မီးတိုင်များ သွယ်တန်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့သာယာလှပရေးအတွက် လမ်းမီးများဆောင်ရွက် ရာတွင် မီးလုံး/မီးချောင်းများလဲလှယ်တပ်ဆင်ပေးခြင်း၊ ဓါတ်အားခပေးချေခြင်းများဆောင်ရွက်ပြီး လျှပ်စစ် မီးတိုင်တိုးချဲ့ဆောင်ရွက်ခြင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ရပါသည်။

ပြည်မြို့၊ ကမ်းနားလမ်းတွင် ယခင်ကလျှပ်စစ်မီးတိုင်များမရှိသော်လည်း ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကမ်းနားလမ်းနှင့် ပြည်-အောင်လံဘက်အထွက် ပြည်-အောင်လံလမ်း တစ်လျှောက်အား လျှပ်စစ်မီးတိုင်များတပ်ဆင်သွားမည်ဟု သိရှိရပါသည်။ လျှပ်စစ်မီးတိုင်များတပ်ဆင်ပြီးပါက ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လျှပ်စစ်မီးလုံးများတပ်ဆင်ခြင်း၊ ဓါတ်အားခပေးချေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းများအတွက် လျာထားသတ်မှတ်သော ငွေစာရင်းကို ရေနုတ်မြောင်း အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများအတွက် ပြောင်းလဲသုံးစွဲပေးနိုင်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ပြည်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ် မူတည်၍ ပြည်သူများ တင်ပြသည့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း များအား ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်တာ ကာလအတွင်း မြောင်းများဆယ်ယူခြင်း(၅၅၆၀. ၂၅)ကျင်း၊ မြေသားမြောင်း တူးဖော်ခြင်း (၆၃၉. ၉၀)ကျင်း၊

အုတ်ရေမြောင်းပြုပြင်တည်ဆောက်ခြင်း(၈၃၁၂)ပေ အား ဆောင်ရွက်ခဲ့ပါသည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်သူလူထု၏ လိုအပ်ချက်အရ တင်ပြတောင်းဆိုမှုများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်/ရပ်ကွက်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များဖြင့် ညှိနှိုင်း၍ ကွန်ကရစ်လမ်း(၆)လမ်း၊ ကတ္တရာလမ်းသစ်(၁၃)လမ်း၊ ကတ္တရာထပ်ပိုးလွှာလမ်း(၁၃)လမ်း၊ ကျောက်ချော လမ်း(၇)လမ်း ဆောင်ရွက်ရန် လျာထားပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရေမြောင်း(၄၂၉၁)ပေ တည်ဆောက်ခြင်း၊ အုတ်ခုံခံကွန်ကရစ်တံတား(၅)စင်း တည်ဆောက်ခြင်း၊ ရေကျော်(၄)စင်း တည်ဆောက်ခြင်း နှင့် ဘူးခါးနဝင်းရေဆိုးထုတ်မြောင်းများအတွင်းရှိ နုန်းများ ဆယ်ယူစွန့်ပစ်ခြင်း(၁၂၇၁. ၅၃) ကျင်း၊ မြို့တွင်း Box Culvert များတွင် ရွှံ့နွံများတူးဖော်ခြင်း (၁၃၉. ၅)ကျင်း ဆောင်ရွက်ရန် လျာထားခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ်တွင် ဆောင်ရွက်ရန်လုပ်ငန်းများ လျာထား ရာတွင်လည်း မူလရသုံးမှန်းခြေငွေစာရင်းရေးဆွဲစဉ်က ပြည်သူလူထု၏ လိုအပ်ချက်အရ တင်ပြတောင်းဆို ခဲ့သည့် လုပ်ငန်းများအနက် အမှန်ဆောင်ရွက်ရန် လိုအပ်သည့် ကွန်ကရစ်လမ်း(၃)လမ်း၊ ကတ္တရာလမ်း သစ်(၄)လမ်း၊ ကတ္တရာထပ်ပိုးလွှာလမ်း(၆)လမ်း၊ ကျောက်ချောလမ်း(၂)လမ်းနှင့်ရေစီးရေလာကောင်းမွန်ရေး အတွက် အုတ်ရေမြောင်း(၄၂၉၁)ပေ တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေကျပ်(၅၀. ၂၃)သန်း၊ အုတ်ခုံခံ ကွန်ကရစ် တံတား(၃)စင်း တည်ဆောက်ခြင်း ၊ ရေကျော်(၄)စင်း တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေကျပ် (၂၅. ၈၃)သန်း၊ ဘူးခါးနဝင်း ရေဆိုးထုတ်မြောင်းများ အတွင်းရှိ နုန်းများဆယ်ယူ စွန့်ပစ်ခြင်း(၁၂၇၁. ၅၃)ကျင်း ခန့်မှန်းကုန်ကျငွေကျပ်(၉. ၁)သန်း၊ မြို့တွင်း Box Culvert များတွင် ရွှံ့နွံများတူးဖော်ခြင်း(၁၃၉. ၅)ကျင်း ခန့်မှန်းကုန်ကျငွေကျပ်(၁)သန်း၊ စုစုပေါင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက်ဆောင်ရွက်ရန် ကုန်ကျ ငွေကျပ်(၈၆. ၁၆)သန်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ညှိနှိုင်း၍ လျာထား တင်ပြထားပြီး ဖြစ်ပါသည်။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ရာတွင် တင်ပြထားသည့် ရေအောင်းကန်များ ပြန်လည် ပြုပြင်ခြင်းနှင့်ပတ်သက်၍ ရေအောင်းကန်များအတွင်း ကျူးကျော်နေထိုင်သည့် နေအိမ်များ တည်ရှိနေသည့်အပြင်အဖွဲ့မှ ထိန်းသိမ်းသည့်ကန်များ မဟုတ်ခြင်းတို့ကြောင့် ကျူးကျော်နေအိမ်များအား ဒေသအာဏာပိုင်များမှ ဖယ်ရှားရှင်းလင်းပြီးမှသာ ရေအောင်းကန်များ တူးဖော်ခြင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ အသစ်တူးဖော်ခြင်း၊ အုတ်ရေမြောင်းများ အသစ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများအား ပြည်သူ့အကျိုး စီးပွားကို ရှေးရှု၍ ဆောင်ရွက်ရန် တင်ပြလာပါက ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်၊ တတိယ(၃)လပတ်နှင့်စတုတ္ထ(၃)လပတ်တွင် ဆောင်ရွက်ရန် ကျန်ရှိသည့် ကွန်ကရစ်လမ်း(၃)လမ်း၊ ကတ္တရာလမ်းသစ်(၉)လမ်း၊ ကတ္တရာထပ်ပိုးလွှာလမ်း (၇)လမ်း၊ ကျောက်ချောလမ်း (၅)လမ်းတို့မှ ပြောင်းလဲ သုံးစွဲခွင့်ရရှိရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီး ပြောင်းလဲဆောင်ရွက်၍ ရပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာတွင် (၁၆)ကုတင်ဆံ့ဆေးရုံ(၁)ရုံ တည်ဆောက်ရန် ပြည်ထောင်စုအစိုးရမှ ခွင့်ပြုပြီးတည်ဆောက်ခြင်းမရှိခဲ့သည့်ကိစ္စ " နှင့် စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒိုက်ဦးမြို့နယ် ၊ ဖောင်တော်သီကျေးရွာတွင် (၁၆) ကုတင်ဆံ့ ဆေးရုံ (၁) ရုံ တည်ဆောက်ရန် ပြည်ထောင်စုအစိုးရမှ ခွင့်ပြုခဲ့ပြီး ခွင့်ပြုငွေ ကျပ်သိန်း (၆၀၀၀)ကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ပိတ်ခါနီးမှ ချပေးခဲ့သဖြင့် အချိန်တိုအတွင်း စီမံကိန်းအကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါသဖြင့်ခွင့်ပြုငွေကျပ် သိန်း(၆၀၀၀)အား ပြန်လည်အပ်နှံခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ဒိုက်ဦးမြို့နယ်အတွင်းတည်ဆောက်မည့်စီမံကိန်းတွင် ဖောင်တော်သီ တိုက်နယ်ဆေးရုံ မပါရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါစီမံကိန်းနှင့် ပတ်သက်ပြီး စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ခြင်း မရှိခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍တင်ပြဆွေးနွေးခြင်းကို ညွှန်ကြားရေးမှူးချုပ်ထံသို့ပူးတွဲပါစာဖြင့် တင်ပြ မေးမြန်းထားပြီး ရရှိလာသောလမ်းညွှန်မှုအား ပြန်လည်ဖြေကြားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ရွှေကျင်မြို့နယ်၊ ရဲသောင် ကျေးရွာအုပ်စု၊ မဲပျော့ဘုန်းတော်ကြီးသင် မူလတန်းစာသင်ကျောင်းတာဝန် အားလုံးကို ဆရာတော်မှ တာဝန်ယူဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုစာသင် နှစ်မှစ၍ နိုင်ငံတော်အစိုးရမှ တာဝန်ယူ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ရဲသောင် ကျေးရွာအုပ်စု၊ ဝါးဖြူတောင် မူလတန်းဆင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီး ဌာနမှ (၂၇-၄-၂၀၁၅) နေ့စွဲပါ စာအမှတ်၊ ၂၀၀/၁၁(ဘက)လင/သထပ-၄၅/၂၀၁၅ ဖြင့် ဖွင့်လှစ် ခွင့်ပြုခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၎င်းတို့၏ ဆန္ဒနှင့်အညီ သာသနာရေးဝန်ကြီးဌာန လက်အောက်ခံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအဖြစ် ဖွင့်လှစ်ရေး တင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုတဖန် ပညာရေးဝန်ကြီးဌာန လက်အောက်ခံ အခြေခံပညာမူလတန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်လိုမည်ဆိုပါက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် အဆင့်ဆင့်တင်ပြတောင်းခံသွားရမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ညောင်လေးပင် မြို့နယ် သောင်ကြီးကျေးရွာ အလယ်တန်း ကျောင်းခွဲအား အထက်တန်းကျောင်းခွဲအဖြစ် အဆင့်မြှင့် တင်ပေးနိုင်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာ၊ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)တွင် အလယ်တန်းဆင့် ကျောင်းသား (၁၂၃)ဦး၊ မူလတန်းဆင့် ကျောင်းသား (၁၇၈)ဦး၊ စုစုပေါင်းကျောင်းသား

(၃၀၁)ဦးအား လယ်ပြ (၅)ဦး၊ လယ်ပြမူတာဝန် (၂)ဦး၊ ကျောင်းအုပ် (၁)ဦး၊ စုစုပေါင်း(၈)ဦးဖြင့် သင်ကြားပေးလျှက်ရှိပါသည်။ ကျောင်းမြေအကျယ်အဝန်းမှာ (၂. ၆၀) ဧက ရှိပြီး၊ (၁၄၀ × ၃၀ )ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၂)ဆောင်၊ (၁၃၀ × ၃၀ )ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်၊ (၁၂၀ × ၃၀ )ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင် စုစုပေါင်း စာသင်ဆောင် (၄)ဆောင်ရှိပါသည်။ ကျောင်းအဆင့်တည်နေရာမှာ ($C_1$) ဖြစ်ပါသည်။ ပင်မကျောင်း ဖြစ်သော အထက-မဒေါက်နှင့် (၃)မိုင်ခန့် ကွာဝေးပါသည်။

အလက(ခွဲ)သောင်ကြီးအား (၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၏ (၂၇-၁၁-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၁-က)/၅၄၆၉/အဆင့်တိုး(၁၅)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏“ ညောင်လေးပင် မြို့နယ် ပိန်းဇလုပ်-ကင်မွန်းခြံလမ်းပိုင်း အရှည် (၄၇၅၀)ပေအား ကတ္တရာ ခင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် မြို့တွင်းရှိ ဂဝံလမ်းနှင့် မြေသားလမ်းသွယ်များအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပိန်းဇလုပ်မြို့ကင်မွန်းခြံလမ်းပိုင်း အရှည်(၆၇၀')အပါအဝင် အထကကျောင်းလမ်း၊ ဘုတာရုံလမ်း၊ စာတိုက်လမ်းတို့အား ခွင့်ပြုငွေကျပ်(၃၉၅. ၅၈၄)သိန်းဖြင့် ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင်လည်း ပိန်းဇလုပ်-ကင်မွန်းခြံလမ်း အပိုင်းမှ အရှည်(၄၇၅')အား ကတ္တရာဘိုးအပါအဝင် ခွင့်ပြုငွေကျပ်(၁၀၅. ၆၃၀၇)သိန်းဖြင့် ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် လျာထားပြီး ဖြစ်ပါသည်။

ပိန်းဇလုပ်မြို့တွင် ဆောင်ရွက်ဆဲ ပိန်းဇလုပ်-ကင်မွန်းခြံ ကတ္တရာလမ်းအပါအဝင် ကတ္တရာလမ်း(၆)လမ်း၊ ဂဝံလမ်း(၄)လမ်း၊ ကျောက်လမ်း(၂)လမ်း၊ မြေသားလမ်း (၃)လမ်း၊ စုစုပေါင်း (၁၅)လမ်း ရှိပါသည်။ သို့ပါ၍ ဆောင်ရွက်ဆဲ ပိန်းဇလုပ်-ကင်မွန်းခြံလမ်းအပိုင်းမှ ကျန်ရှိသော ဂဝံလမ်းအရှည်(၃၆၂၅')နှင့် ကျန်လမ်း (၈)လမ်းတို့အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည်ဆိုပါက စုစုပေါင်း ကုန်ကျငွေကျပ် (၂၅၂၇. ၈)သိန်း ကုန်ကျမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆင့်မြှင့်တင်ပေးရန် ကျန်ရှိသည့် လမ်းများအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့် ညှိနှိုင်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ရရှိထားသော အဖွဲ့ဝင်ငွေ အခြေအနေပေါ်မူတည်၍ နှစ်စဉ်အပိုင်းလိုက် ကတ္တရာလမ်းများအဖြစ် လျာထားဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းကို (၁၂း၀၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောသူရအောင်နှင့် ဦးညွန့်ဝေတို့၏ ဆက်စပ်မေးခွန်းများအား ပြန်လည်ဖြေကြားပေးမည် ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာအား မီးသတ်ယာဉ်ပံ့ပိုးရန်နှင့် သန္ဓေမီးသတ်စခန်း တည်ဆောက်ပေးရန်" ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ သာယာတီခရိုင်၊ အေးမြသာယာအုပ်စု၏ ဒေသန္တရဆိုင်ရာ အချက်အလက်များအရ နယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန် မြေနေရာအကျယ်အဝန်း (၀. ၀၈)ဧက ဂရန်ရရှိပြီးဖြစ်၍ ဖွဲ့စည်းပုံခွင့်ပြုချက်အရ နယ်မြေ မီးသတ်စခန်း ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။ နယ်မြေမီးသတ်စခန်း ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နယ်မြေမီးသတ်စခန်း တည်ဆောက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်ချထားပေးရန် ကတိပေးထားမှုနှင့် ပတ်သက်၍ ပြန်လည်စိစစ်ရာတွင် မီးသတ် စခန်းချထားပေးရန် ကတိပေးထားခြင်းမဟုတ်ဘဲ ၂၀၁၅ခုနှစ် မတ်လ(၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် သက်တမ်းလွန်မီးသတ်ယာဉ်(၁)စီး ချထားပေးမည်ဖြစ်ကြောင်း ဖြေကြားထားပါသဖြင့် အဆိုပါသက်တမ်းလွန်မီးသတ်ယာဉ်အား အေးမြသာယာ ကျေးရွာ ဒေသခံပြည်သူများမှ ရယူလိုခြင်းမရှိပါကြောင်း တင်ပြချက်များအရ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အတွက် ခွဲဝေရရှိထားသည့် မီးငြိမ်းသတ်ယာဉ်(၁)စီး ချထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ တရုတ်မော်ကျေးရွာ အုပ်စုသည် ရွှေတောင်မြို့နယ်နှင့် (၂၄)မိုင်ကွာဝေးသည့်အတွက် ၄၅မိနစ်ခန့် မောင်းနှင်ရသည့်အတွက် မီးဘေးအန္တရာယ်အား အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမည်ဖြစ်သဖြင့် မီးသတ်ယာဉ်(၁)စီးနှင့် နယ်မြေ မီးသတ်စခန်း ချထားပေးနိုင်ပါရန် မည်သည့်အချိန်တွင် ပေးနိုင်မည်ဖြစ်ကြောင်း" မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ တရုတ်မော်ကျေးရွာအုပ်စုတွင် နယ်မြေမီးသတ်စခန်း တည်ဆောက်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ဘဏ္ဍာရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နယ်မြေမီးသတ်စခန်းအား အမြန်ဆုံးတည်ဆောက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန်" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **" ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန်"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်းကို (၁၉၉၁-၁၉၉၂)တွင် မြို့နယ်စည်ပင်မှ ဦးဆောင်၍ လူထုအင်အားဖြင့် မြေသားလမ်းအဖြစ် စတင်အကောင်အထည်ဖော်ဆောက်လုပ်ခဲ့ပါသည်။ လမ်းအရှည်မှာ (၉)မိုင် (၃)ဖာလုံခန့်ရှိပါသည်။ ဖောက်လုပ်ခဲ့စဉ်က လမ်းအကျယ်အဝန်းမှာ အောက်ခြေ(၁၈)ပေ၊ လမ်းအကျယ်(၁၂)ပေ၊ အမြင့် (၃)ပေ ရှိပါသည်။ ထို့နောက်တွင် အဆိုပါလမ်း၏ ထက်ဝက်ခန့်သာ မြို့နယ်စည်ပင်မှ မြေနီခင်းပေးခဲ့ပါသည်။ ကျန်အပိုင်းကို ကိုယ်ထူကိုယ်ထပြုပြင်ခဲ့ရပါသည်။ အခြားတစ်ဝက်မှာ မြေသားလမ်းအဖြစ်သာတည်ရှိပါသည်။ အဆိုပါလမ်းပေါ်တွင် အ-ထ-က(ခွဲ)ပေါက်မှော် တည်ရှိပြီး ကျောင်းသားကျောင်းသူ (၃၂၈)ဦး၊ ဆရာ/ ဆရာမနှင့် ကျောင်းဝန်ထမ်းပေါင်း (၂၆)ဦး တာဝန်ထမ်းဆောင်သွားလာလျက်ရှိပါသည်။ မိုးရာသီတွင် ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ဆရာမများမှာ ခြေလျင်ကျောင်းတက်နေရပြီး ကျောင်းသား/ ကျောင်းသူများမှာ လမ်းမကောင်းသဖြင့် နှစ်စဉ်ကျောင်းထွက်နှုန်းမြင့်မားလျက်ရှိပါသည်။ ဒေသခံပြည်သူများမှာ မိုးရာသီတွင် ကျန်းမာရေး အတွက်အရေးပေါ်အကြောင်းအရာများ ပေါ်ပေါက်လာပါက စောင်ပုခက်ဖြင့် ထမ်းပိုးသွားလာ ရပါသည်။ လမ်းအခက်အခဲကြောင့် လမ်းတွင် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ပေါက်မှော်မှ ကြို့ကုန်းလမ်း မှာ နွေရာသီတွင်ပင် သွားလာ၍မရတော့သည့် အခြေအနေဖြစ်ပေါ်နေပါသည်။ လမ်းကောင်းမည်ဆိုလျှင် ပေါက်အိုင်ကြီးအုပ်စု၊ ကုက္ကိုလ်ပင်အုပ်စု၊ ညောင်ကပ်ပင်အုပ်စု၊ ကြို့ကုန်းအုပ်စု၊ ကြုံးကြုံးကျအုပ်စု၊ ကိုယ်ဝန်ဆောင်အုပ်စု၊ နတ်တလင်းမြို့နယ်မှ ချောင်းခွအုပ်စု၊ ပေါက်ကုန်းအုပ်စု၊ ချဉ်ယုတ်ကွင်းအုပ်စုတို့မှ ပေါင်းတည်မြို့ပေါ်သို့ သွားရောက်ရန် အဆင်ပြေချောမွေ့မည်။ ဒေသခံပြည်သူ များမှာ စိုက်ပျိုးရေးကို အခြေခံပြီး အသက်မွေးဝမ်းကြောင်းပြုရပါသည်။ လမ်းကောင်းမှသာ စိုက်ပျိုး ထုတ်ကုန်များ သယ်ယူပို့ဆောင်ရေး လွယ်ကူပြီး ဈေးကောင်းရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်းအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် ပြည်သူ့ဆန္ဒပြု လက်မှတ်ထိုး (၁၁၈၇)ဦးနှင့် တကွ တင်ပြတောင်းဆိုအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်ဖြစ်ပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) နေ့လည်ပိုင်းအစီအစဉ် နံပါတ်စဉ်(၁၄)တွင် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်တင်ပြခဲ့သောအဆိုကို လက်ခံဆွေးနွေးသင့်ကြောင်း တင်ပြလိုပါတယ်-

အဆိုတွင်တင်ပြခဲ့သောလမ်းမှာ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်နယ်စပ်ဖြစ်ပြီး ပေါင်းတည်မြို့နှင့် နတ်တလင်းမြို့နယ်များမှ ပြည်သူများအားထားရသည့် လမ်းဖြစ်ပါတယ်။ ထိုလမ်းအခက်အခဲကြောင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ တောင်သူလယ်သမားများ အားကိုးအားထားပြုရသည့် လမ်းဖြစ်ပါတယ်။ လမ်းအခက်အခဲကြောင့် ကျောင်းသားကျောင်းသူများ နှစ်စဉ်မိုးရာသီတွင် ကျောင်းထွက်နှုန်း မြင့်မားလျှက်ရှိကြောင်း သိရှိရပါတယ်။ ပေါင်းတည်-ပေါက်မှော်-ကြို့ကုန်းလမ်းသည် ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်တို့ရှိ လူဦးရေ(၁၇၇၂၀)ကျော် အားထားရမည့်လမ်းဖြစ်ပြီး မြို့ပြနှင့်ကျေးလက် တန်းတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ ထို့အပြင် ဒေသခံပြည်သူလူထု (၁၁၈၇)ဦးမှ လက်မှတ်ထိုးနှင့်အတူ တင်ပြတောင်းဆိုခဲ့သောအဆိုဖြစ်ပါသဖြင့် လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဦးရဲလင်းနိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယခုတင်သွင်းသောအဆိုသည် တိုင်းဒေသကြီးတစ်တိုင်းလုံးနှင့် မသက်ဆိုင်သည့် အဆိုဖြစ်ပြီး မေးခွန်းအဖြစ်သာ မေးမြန်းသင့်သောကြောင့် ဦးရဲလင်းနိုင် တင်သွင်းသည့် အဆိုအား ကန့်ကွက်ကြောင်း ပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်၏ အဆိုကို လက်ခံဆွေးနွေးရန်သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ(၆၉)ဦးအနက် ထောက်ခံသူ(၄၃)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီးကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်ထောက်ခံသည့်အတွက် ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါသည်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင် တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာ အုပ်စု၊ ကွင်းဆိပ်ကျေးရွာ ကျပ်သန်း(၆၀၀)တန်ဆေးရုံသစ် သောက်သုံးရေရရှိရေးအတွက် ဆေးရုံဝင်း အတွင်းမှာသာ တူးသင့်ပါကြောင်း ” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **“ ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာ အုပ်စု၊ ကွင်းဆိပ်ကျေးရွာ ကျပ်သန်း(၆၀၀)တန် ဆေးရုံသစ် သောက်သုံးရေရရှိရေးအတွက် ဆေးရုံဝင်း အတွင်းမှာသာ တူးသင့်ပါကြောင်း ”**အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းဆိပ် ကျေးရွာ ကျပ်သန်း ၆၀၀တန် ဆေးရုံသစ်အတွက် သောက်သုံးရေ ရရှိရေးကို ဆေးရုံဝင်းပြင်ပမှ သွယ်ယူ ဆောင်ရွက်မည်ဟု သိရပါသည်။ သို့ပါ၍ ဆေးရုံဝင်းအတွင်းမှာသာ တူးသင့်ပါကြောင်း အဆိုကို တင်သွင်း ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။

ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်သွင်းသော အဆိုအား ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်လှလှဝင်းက ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ထောက်ခံ တင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဦးဝင်းမြင့်တင်သွင်းသောအဆိုအား မေးခွန်းအဖြစ်သာ ပြောင်းလဲမေးမြန်းသင့်ကြောင်း ကန့်ကွက်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဦးဝင်းမြင့်တင်သွင်းသောအဆိုအား မေးခွန်းအဖြစ်သာ ပြောင်းလဲမေးမြန်းသင့်ကြောင်း ကန့်ကွက်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်၏ အဆိုကို လက်ခံဆွေးနွေးရန်သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ် ရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ(၆၉)ဦးအနက် ကန့်ကွက်သူ(၆၄)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီးကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်ကန့်ကွက်သည့်အတွက် ယင်းအဆိုကို ကြယ်ပွင့်ပြမေးခွန်းအဖြစ်သာ ပြောင်းလဲမေးမြန်း သင့်ပါကြောင်း လွှတ်တော်မှ အတည်ပြုကြေညာပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာတောင်သူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြညှိနှိုင်းဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးရန် ” အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ ကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာ တောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြညှိနှိုင်းဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်**

**ပါသဖြင့် မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးရန် ”** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ဒုဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်ဖြစ်ပါတယ်ရှင်။

ကျွန်မကတော့ (၁၂. ၅. ၂၀၁၆)ရက်နေ့ ညနေပိုင်းလွှတ်တော်အစည်းအဝေးမှာ အမှတ်စဉ် (၁၇) ဦးဝင်းမြင့် ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ရွှေကျင်မြို့အနောက်ဘက်ကျေးရွာအုပ်စု၊ ခေါင်လယ်ကျေးရွာကွင်းအမှတ် (၁၂-ခ)စစ်တောင်းမြစ်ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော် မည့်ကိစ္စနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်ခြင်းမရှိခဲ့လျှင် ဆိုးကျိုးများပေါ်ပေါက်နိုင်သည်ကို ထပ်ဆင့်ထောက်ခံဆွေးနွေးလိုပါသည်။

ကျွန်မတို့နိုင်ငံမှာ အဓိကမြစ်ကြီး(၄)စင်းရှိပါတယ်။ (၁) ဧရာဝတီမြစ် (၂) ချင်းတွင်းမြစ် (၃) သံလွင်မြစ် (၄) စစ်တောင်းမြစ်တို့ပဲဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်က ပထဝီဘာသာရပ်မှာ သင်ကြားခဲ့ ရတဲ့အတိုင်း စစ်တောင်းမြစ်ဟာ ကောက်ကွေ့မှုအများဆုံး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ တင်ပြခဲ့တဲ့အတိုင်း ယခင်နှစ်များက တူးခဲ့တဲ့ကွင်းဆိပ် ကျေးရွာ၊ ထောင်လောင်ရွာ၊ သောင်လယ်ရွာ၊ ချောင်းမြောင်းတူးမြောင်းဟာ ဘာတစ်ခုမှ အကျိုးဖြစ်ထွန်းမှုမရှိခဲ့ဘဲ နိုင်ငံတော်ဘဏ္ဍာငွေသိန်းပေါင်းများစွာ ဆုံးရှုံးနစ်နာခြင်း၊ တောင်သူများ၏ စိုက်ပျိုးမြေများပျက်စီးခြင်းသာ ဖြစ်ခဲ့ရပါသည်။ စစ်တောင်းမြစ်ရေစီးရေလာ ကောင်းမွန်ရေး၊ ကမ်းပြိုတိုက်စားမှုသက်သာရေးတို့ဟာ အလေးထားဆောင်ရွက်ရမဲ့ လုပ်ငန်းကြီးတွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဦးစီးဌာနတစ်ခုတည်းဖြင့် မဆောင်ရွက်သင့်ပါ။ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် သက်ဆိုင်သည့်မြစ်ကြောင်း၊ ဆည်မြောင်းပညာရှင်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဒေသခံ ပြည်သူများ၊ တောင်သူလယ်သမားများနှင့် ကျယ်ကျယ်ပြန့်ပြန့်ကွင်းဆင်း လေ့လာတိုင်ပင် ဆောင်ရွက်ပြီး စနစ်တကျဆောင်ရွက်သင့်ပါကြောင်းအဆိုကို လွှတ်တော်သို့ထပ်ဆင့် ထောက်ခံတင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စု သောင်လယ်ကျေးရွာကွင်းအမှတ်(၁၂)ခ စစ်တောင်းမြစ် ကိုင်းမြေပေါ်၌ မြစ်ဖြောင့်မြောင်းတူးဖော်မည့်ကိစ္စတွင် သက်ဆိုင်ရာတောင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ရေကြောင်းထိန်းသိမ်းရေးပညာရှင်များ၊ သက်ဆိုင်ရာ ပြည်သူများနှင့် ချပြ ညှိနှိုင်းဆောင်ရွက်ခြင်းမပြုခဲ့လျှင် ဆိုးကျိုးများ သက်ရောက်နိုင်ပါသဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖြေကြားပေးရန် ”** အဆိုနှင့် စပ်လျဉ်း၍ စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဤဦးစီးဌာန အနေဖြင့် စစ်တောင်းမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေကြီးရေလျှံလျော့နည်းစေရေး၊ စိုက်ပျိုးမြေ ပိုမိုရရှိစေရေးအတွက် ၂၀၀၆ခုနှစ်တွင် ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပြီး စစ်တောင်းမြစ်တစ်လျှောက် မြစ်ကွေ့ဖြောင့်နေရာများကို ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဤဦးစီးဌာန၏ နည်းပညာဖြင့် မြစ်ကွေ့ဖြတ်လုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယခုလွှတ်တော်ကိုယ်စားလှယ်မှ တင်ပြလာသောနေရာသည် ဤဦးစီးဌာနမှ မူလရည်မှန်းထားရှိမှုနေရာနှင့် ကိုက်ညီမှုရှိ/မရှိ နဂိုနေရာနှင့် တစ်ထပ်တည်းရှိ/မရှိ ဦးစွာ စစ်ဆေးပြီး တိုက်ဆိုင်မှန်ကန်မှုရှိပါက ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဤဦးစီးဌာန၏ ဒီဇိုင်းအစီအမံအတိုင်းသာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနမှ လုပ်ဆောင်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်၏ အဆိုကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ထ) (၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၆၉)ဦးအနက် ထောက်ခံသူ (၆၆)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီးကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော် ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ခေတ်မီကလေးကစားကွင်း အမည်ခံ (အကြွေစေ့လောင်းကစားဆိုင်) များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း " အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **" ခေတ်မီကလေးကစားကွင်း အမည်ခံ (အကြွေစေ့လောင်းကစားဆိုင်) များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း "** အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ယနေ့ (၁၃. ၅. ၂၀၁၆)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တိုင်းအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်

ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမှ " ခေတ်မီ ကလေးကစားကွင်းအမည်ခံ (ကြွေစေ့လောင်းကစားဝိုင်းဆိုင်)များအား လုပ်ငန်းလိုင်စင် ချထားပေးနေခြင်း

များမှာ မသင့်တော်ပါကြောင်း” အဆိုအား ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ဇင်မိုးထိုက်မှ ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါသည်။

ခေတ်မီကလေးကစားကွင်းအမည်ခံလောင်းကစားဆိုင်များမြို့နယ်တော်တော်များများတွင် လုပ်ကိုင်လာကြပါတယ်၊ စည်ပင်သာယာရေးအဖွဲ့၌ လုပ်ငန်းလိုင်စင်လျှောက်ထားစဉ် အသုံးပြုမည့် စက်အရေအတွက်များ၊ ငွေကြေးပြန်လည်လဲလှယ်ပေးသည့် ငွေရေးကြေးရေးနှင့် ပတ်သက်၍ လောင်းကစား သဘောသက်ရောက်သည့် စက်ကိရိယာများထည့်သွင်းဆောင်ရွက်ခြင်းမပြုရန်၊ သို့သော် လျှောက်ထားစဉ် ပါဝင်သည့်စက်အရေအတွက်အမျိုးအစားအတိုင်းမဟုတ်ဘဲ ဖွင့်လှစ်လျှက် ရှိပါသည်။

လောင်းကစားခြင်းဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်သော်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် သတ်မှတ် ပြောင်းလဲရန်၊ သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစား ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေလောင်းကစားခြင်းကိုဆိုသည်။

လောင်းကစားကိရိယာဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်ရာ၌အသုံးပြုသော၊ ဖဲ၊ အန်စာ၊ ကားချပ်၊ သေတ္တာပုံခဲ၊ လက်မှတ်၊ စာရင်း၊ လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သောအခြားအရာများ၊ လောင်းကစားခြင်း၌ အသုံးပြုသောတိရိစ္ဆာန်၊ ယာဉ်ကိုဆိုသည်။

ကလေးကစားကွင်းတွင်ကလေးများ ပျော်ရွှင်စေရန်ပြုလုပ်ထားသောအခြားကစားနည်းကို ကန့်ကွက်ခြင်း မဟုတ်ဘဲ အကြွေစေ့အသုံးပြု၍ ကစားရသော လိမ်စက်များကိုလိုင်စင်ချပေးရန် မသင့်ကြောင်းသာဖြစ်၍တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် တကွ ရွေးချယ်ခံ ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။

ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဇေယျရဲ့ “ ခေတ်မီကလေးကစားကွင်းအမည်ခံ (ကြွေစေ့လောင်းကစားဆိုင်)များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း” အဆိုကို သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော်ဦးဇော်လင်းထိုက်မှ ထောက်ခံဆွေးနွေးသွား မှာ ဖြစ်ပါတယ်-

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့နိုင်ငံကို နိမ့်ကျ အောင်ဆွဲချနေတဲ့ အဓိကအကြောင်းအရင်းများထဲမှ လောင်းကစားခြင်းကိစ္စဟာလဲ ထိပ်ဆုံးကပါဝင် နေတာတွေ့ရပါတယ်၊ လောင်းကစားကြောင့် ငွေကြေးဆုံးရှုံးပြီး လူမှုရေးဖောက်ပြန်ကာ မိသားစု ဘဝပျက်ခဲ့ရသူတွေဟာ ရပ်ရွာ၊ ဒေသအသီးသီးမှာ နေ့စဉ်နှင့်အမျှကြုံတွေ့နေရပါတယ်။

လောင်းကစားလို့ဆိုရာမှာ အဲဒီအမှုကိစ္စကိုဖန်တီးသူများကပုံစံအမျိုးမျိုးနဲ့ အသက်အရွယ် အမျိုးမျိုးကိုဆွဲဆောင်ဖို့ ကြိုးစားနေကြပါတယ်၊ ဘုရားပွဲအမည်တပ်ပြီး နောက်ကွယ်မှာကျင်းပတဲ့ လောင်းကစားဝိုင်းတွေ၊ ကျေးရွာ၊ ရပ်ကွက်များအတွင်းက ဇယ်ဝိုင်း၊ ဒိုးဇက်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်တိုက်ဝိုင်း

တွေ၊ မြို့ပြအတွင်းက (၄)ကောင် ဂျင်ဝိုင်းတွေ၊ ထိုင်းစတော့အိတ်ချိန်းကို အခြေခံတဲ့ (၂)လုံး၊ ထိုင်းထီကို အခြေခံတဲ့ (၃)လုံး၊ ကမ္ဘာအနှံ့ဘောလုံးပွဲတွေကို အခြေခံတဲ့ (၁)လုံးစသဖြင့်အဆိုရှင်ဖော်ပြတဲ့အတိုင်း အရွယ်(၃)သုံးပါးစလုံးအတွက် လောင်းကစားပုံစံအမျိုးမျိုးဖန်တီးကာ လူမှုအသိုင်းအဝိုင်းကို ဖျက်ဆီးနေကြပါတယ်၊ လောင်းကစားကိစ္စဟာ ကျွန်တော်တို့လူမှုအသိုင်းအဝိုင်းကို ကျော်လွန်လို့ သာသနာ့ဝန်ထမ်း ရဟန်းငယ်များရဲ့နယ်ပယ်အထိ ကူးစက်လာတာလဲ ကြောက်စရာ၊ထိတ်လန့်စရာ ကိစ္စအဖြစ် တွေ့ရှိလာရပါပြီ၊ လောင်းကစားမှုဟာ အိမ်ထောင်တစ်စုရဲ့ပြိုကွဲမှု၊ သား၊ သမီးတို့ရဲ့ မျက်ရည်၊ ဇနီးမယားအတွက် ကျိန်စာပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား အထက်မှာဆိုခဲ့တဲ့အတိုင်း လောင်းကစားကို ပုံစံအမျိုးမျိုး ဖန်တီးထားတဲ့အတွက်ဥပဒေကို လက်တစ်လုံးခြားလုပ်နိုင်ပြီး တည့်မတ်ထိန်းကျောင်းပေးမဲ့ အဖွဲ့အစည်း၊ အစိုးရတာဝန်ရှိသူများနဲ့လည်း စိန်ပြေးတမ်းကစားလာပါတယ်။ အဆိုရှင်ရည်ညွှန်းတဲ့ အကြွေစေ့စက်များ တည်ရှိတဲ့ကလေးကစားကွင်းများဟာ သာဓကများထဲက တစ်ခုပါ၊ အကြွေစေ့ လောင်းကစားစက်တွေရဲ့ ပစ်မှတ်ဟာမူလတန်းအရွယ်ကလေးကစလို့ လူလတ်၊ လူကြီးမကျန်အရွယ်မျိုးစုံကို ရည်ညွှန်းပစ်မှတ်ထားပါတယ်၊ လောင်းကစားပြုလုပ်လိုသူများ မိမိတို့ယူဆောင်လာတဲ့ ငွေကြေးကို အကြွေစေ့များ အကန့်အသတ်မရှိလဲလှယ်နိုင်ပါတယ်၊ လဲလှယ်ထားတဲ့အကြွေစေ့များကို မှာယူတင်သွင်းထားတဲ့ အကြွေစေ့စက်များမှာ ထည့်သွင်းကာ အလောင်းအစားပြုလုပ်ဖြစ်ပါသည်။ အနိုင်အရှုံးရလဒ်အရ အကြွေစေ့များကို ငွေကြေးနဲ့ပြန်လည်လဲလှယ်ပေးတဲ့ အခန်းများလဲတစ်ပါတည်း တည်ဆောက်ထားပြီးဖြစ်ပါတယ်၊ အပေါင်ဆိုင်များကလဲ လောင်းကစားရဲ့နစ်မွန်းမှုကို သရုပ်သတန် ဖော်ပြနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့အနာဂတ်လူငယ်လေးတွေအတွက် ကြွယ်ဝတဲ့ပတ်ဝန်းကျင် (rich enviroment) လိုအပ်ပါတယ်။ အဲဒီလိုကြွယ်ဝတဲ့ပတ်ဝန်းကျင်မျိုးဖော်ဆောင်မပေးနိုင်သေး လျှင်သော်မှ မတောင်းတဲ့၊ ညစ်ပတ်တဲ့ပတ်ဝန်းကျင်မျိုးကို ကျွန်တော်တို့အနားမှာ ထားရှိလို့မဖြစ်ပါဘူး၊ အခုတော့ တက္ကသိုလ်များပတ်ဝန်းကျင်ရှိတဲ့ ဒီအကြွေစေ့လောင်းကစားဆိုင်များဟာ ခေတ်မီကလေးကစားကွင်းလို့ ဘယ်လောက်ပင်အပေါ်ယံခြုံထားပေမယ့် အတွင်းကထွက်ဘာတဲ့ အညှီနံ့ကို ကျောင်းသားတွေသိပါတယ်၊ မိဘတွေသိပါတယ်၊ ပြည်သူတွေအားလုံးသိပါတယ်၊ မသိတာ ပြည်ထဲရေးနဲ့ ထွေအုပ်ဦးစီးဌာနများလို့တောင် ပြောရပါလိမ့်မယ်၊ အကြွေစေ့စက်များနဲ့ပတ်သက်လို့လဲ အခြားသောကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်း နိုင်ငံတွေက လောင်းကစားပြုရာတွင် ပတ်သက်သော အသုံးချခံပစ္စည်းအဖြစ် အသိအမှတ်ပြုထားသော်လည်း အဲဒီလို မသတ်မှတ်တဲ့နိုင်ငံဟာ ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့တိုင်းမဖြစ်စေလိုပါဘူး တောင်ကိုရီးယားနိုင်ငံရဲ့ နိုင်ငံတည်ဆောက်စဉ်ကာလမှာလဲ ဒီအကြွေစေ့စက်တွေကို ပြင်းပြင်းထန်ထန်တိုက်ဖျက်ခဲ့တာကို ထောက်ရှုရမှာပါ။ ကျွန်တော်တို့တင်ပြနေသော ခေတ်မီကလေးကစားကွင်းကို ကန့်ကွက်နေတာ မဟုတ်ကြောင်း၊ ကစားကွင်းအတွင်း လောင်းကစားစက်များကို ကန့်ကွက်ခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးများရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးနိုင်ရန် ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများစွာ ရှိနေပါသည်။ ဒီအကြွေစေ့စက်များကိုမှ ကလေးများ၏ ဉာဏဖွံ့ဖြိုးမှုအတွက် သုံးစွဲမည်ဆိုလျှင် ကျွန်တော်တို့တိုင်းဒေသကြီး၊ ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ကို အဆိပ်စပ်နေတာလိုပဲ သတ်မှတ်ရပါလိမ့်မည်။ ဒါ့ကြောင့် ဦးကျော်ဇေယျ တင်သွင်းသည့်အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးအဖွဲ့ဝင်များအားလုံးမင်္ဂလာပါရှင်။

ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ခေတ်မီကလေးကစားကွင်းအမည်ခံ အကြွေစေ့လောင်းကစားဆိုင်များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းမှာ မသင့်တော်ပါကြောင်း အဆိုနှင့် စပ်လျဉ်း၍ ကျွန်မ ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဖြည့်စွက်ဆွေးနွေးလိုပါတယ်ရှင်။

ဒေသအသီးသီးတွင် အမျိုးသားများသာမက အမျိုးသမီး၊ လူငယ်၊ ကလေးများပါမကျန် လောင်းကစားအမျိုးမျိုး ပြုလုပ်နေတာကို ကြားသိနေရပါတယ်။ ဘောလုံး၊ နှစ်လုံး၊ သုံးလုံးများအပြင် ကပ်ပြားအပေါက်ဖောက်၊ ဖဲဝိုင်း၊ ကြက်တိုက်ဝိုင်းများ ပွဲလမ်းတစ်ခုခုကိုအကြောင်းပြု၍ ဥပမာ ဘုရားပွဲ၊ ဘုန်းကြီးပျံ၊ နာရေးကိစ္စများတွင် အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အနီတောင်၊ ဂေါက်ဂတ်ဝိုင်းများကို စီးပွားဖြစ်ပြုလုပ်နေပါသဖြင့် အကျင့်စာရိတ္တများ ပျက်စီးပြီး ရာဇဝတ်မှုများ တိုးပွားလာသောကြောင့် ဦးကျော်ဇေယျ၏ အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ခေတ်မီကလေးကစားကွင်း အမည်ခံ (အကြွေစေ့လောင်းကစားဆိုင်) များအား လုပ်ငန်းလိုင်စင်ချထားပေးနေခြင်းများမှာ မသင့်တော်ပါကြောင်း "** အဆိုနှင့် စပ်လျဉ်း၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ]**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(၂၈)ဖွဲ့အနက် ပဲခူး၊ ပြည်၊ တောင်ငူ၊ (၃)မြို့နယ်တွင် ခေတ်မီကလေးကစားကွင်းများ အောက်ပါအတိုင်းခွင့်ပြုထားပြီး ကျန်(၂၅)မြို့နယ်တွင်လုပ်ငန်းမရှိပါကြောင်း တင်ပြအပ်ပါသည်-

| စဉ် | မြို့နယ် | အမည် | ပိုင်ရှင်အမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပဲခူး | Micky Mouse | ဦးထိန်ဝင်း | သီရိဥယျာနှစ်ထပ်ဈေးပေါ်ထပ် | |
| ၂ | ပဲခူး | Tomorrow Land | ဦးမိုးကျော်စွာညို | ကြည်တော်ကုန်း၊(က)(ခ)လမ်း၊ပဲခူး | |
| ၃ | ပြည် | Top One | ဦးအောင်လွင် | ဗိုလ်ချုပ်လမ်း၊ ရွာဘဲ | |
| ၄ | ပြည် | တွတ်ပီ | ဦးမောင်မောင်ကြည်စင် | မြို့သစ်အဝင်လမ်း၊ ခေတ္တရာ | |
| ၅ | ပြည် | PSA | ဒေါ်အေးအေးလွင် | ကုန်သည်လမ်း၊ကျောက်ကြီးအိုးတန်းရပ်ကွက် | |

| စဉ် | မြို့နယ် | အမည် | ပိုင်ရှင်အမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၆ | ပြည် | ရွှေမင်းသမီး | ဦးစောလှိုင် | အမှတ်(၃၄၈)လမ်းမတော်လမ်း၊ ရွှေကူရပ်ကွက်၊ပြည်မြို့ | ခွင့်ပြုချက်ရသော်လည်း လုပ်ငန်းဆောင်ရွက်ခြင်းမရှိ |
| ၇ | ပြည် | I Happy | ဦးရန်နောင်ထွန်း | ဗိုလ်ချုပ်လမ်းနှင့်တီကျစ်ဆုံလမ်းထောင့် ဆံတော်ရပ်ကွက်၊ပြည်မြို့ | ပိတ်သိမ်း |
| ၈ | ပြည် | Lucky Seven | ဦးခင်မောင်စိုး | နဝဒေးပွဲရုံတန်း၊ အမှတ်-ဗ-၁၄ | |
| ၉ | တောင်ငူ | | ဦးပိုင်စိုးအုပ် | ရပ်ကွက်(၅)၊ ဗိုလ်မှူးဖိုးကွန်းလမ်း | ပိတ်သိမ်း |
| ၁၀ | တောင်ငူ | | ဦးသက်ထွန်းအောင် | ရပ်ကွက်(၉)၊ ရန်ကုန်-မန္တလေး | ပိတ်သိမ်း |
| ၁၁ | တောင်ငူ | | ဦးမြင့်သန်း | ရပ်ကွက်(၂)၊ ရန်ကုန်လမ်း | ပိတ်သိမ်း |
| ၁၂ | တောင်ငူ | | ဦးစန်းယု | ရပ်ကွက်(၁၄)၊ ကန်လမ်း | ပိတ်သိမ်း |
| ၁၃ | တောင်ငူ | | ဦးအောင်မျိုးတင့် | ရပ်ကွက်(၁၆)၊ (၇)လမ်း | ပိတ်သိမ်း |
| ၁၄ | တောင်ငူ | | ဦးလွင်ကိုဖြိုး | ရပ်ကွက်(၇)၊ ဦးပန်းဖြူလမ်း | ပိတ်သိမ်း |

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိဥဿာနှစ်ထပ်ဈေးအပေါ်ထပ်ရှိ Mickey Mouse ကလေးကစားကွင်းမှာ စတင်ဖွင့်လှစ်စဉ်အနေအထားကဲ့သို့စည်ကားခြင်းမရှိတော့ကြောင်း၊ အကြွေစေ့အသုံးပြုသော စက်များပျက်စီးဆုံးရှုံးခဲ့ပြီး အသစ်ပြန်လည်ဆောင်ရွက်ခြင်း မရှိတော့ကြောင်း၊ အကြွေစေ့ကစားနည်းနှင့် ပတ်သက်၍ ဂိမ်းကစားရာတွင်(၄)(၅)နာရီ ဆက်တိုက်ကစားပါက ကျန်းမာရေးထိခိုက်နိုင်ပြီး လူငယ်များ လောင်းကစားစိတ်ဖြစ်စေသဖြင့် အထူးသတိပြုကြပ်မတ် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်မှ တားမြစ်ပြဋ္ဌာန်း ထားသောကစားနည်းများ၊ မူးယစ်သောအစားအသောက်ရောင်းချခြင်းများ၊ ငွေကြေးပြန်လည်လဲလှယ်ပေးသည့် ကစားနည်းများလုံးဝဆောင်ရွက်ခွင့်မပြုကြောင်း၊ သဘောတူစာချုပ်တွင် ထည့်သွင်းချုပ်ဆို ဆောင်ရွက်ထားပါသည်။ ကလေးကစားကွင်းလုပ်ငန်းများမှာ အကြွေစေ့ဖြင့် လောင်းကစားခြင်းအပါအဝင် လောင်းကစားမှုများ ကျူးလွန်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူခြင်း၊ အဖွဲ့မှ လိုင်စင်ရုပ်သိမ်းရခြင်းမရှိပါ။

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုချက်ရရှိထားသော အထက်ဖော်ပြပါကလေးကစားကွင်းလုပ်ငန်းများအား (၃)လလျှင်တစ်ကြိမ် ပြည်သူ့ရဲ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ ရှောင်တခင်စစ်ဆေးခြင်းများ၊ကွင်းဆင်းဆောင်ရွက်လျှက်ရှိပါကြောင်းတင်ပြအပ်ပါသည်။ စစ်ဆေးချိန်တွင် အကြွေစေ့များအားငွေသားလဲလှယ်ပေးမှုမရှိကြောင်းတွေ့ရှိရပြီး လက်ဆောင်ပစ္စည်းနှင့် လဲလှယ်ရန်ဆန္ဒမရှိသူများအား ဖုန်းငွေဖြည့်ကဒ်များလဲလှယ်ပေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ကလေးကစားကွင်း(၆)ခုအနက် I Happy ကစားကွင်းမှာ (၃. ၆. ၂၀၁၄)

ရက်နေ့တွင် လုပ်ငန်းပိတ်သိမ်းခဲ့ပြီး ရွှေမင်းသမီးကစားကွင်းမှာ လိုင်စင်သာရယူထားပြီး လိုင်စင်ရရှိချိန်မှ ယနေ့ထိ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း မရှိပါကြောင်းတင်ပြအပ်ပါသည်။

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ကလေးကစားကွင်းတင်ပြလျှောက်ထားသူများအားMoney Gameအဖြစ်အသုံးမပြုရန် စည်းကမ်းချက်ပါဝင်သည့် နောက်ဆက်တွဲပါစည်းကမ်းချက်များအားလိုက်နာရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေပြီး ခွင့်ပြုပေးခဲ့ပါသည်။ ထိုသို့ခွင့်ပြုရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှကိုယ်စားလှယ်တစ်ဦး၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ဖြင့် ကွင်းဆင်းစစ်ဆေးခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်သည့်ကာလတွင် တိုင်ကြားခြင်းများရှိသဖြင့် အထက်ပါအဖွဲ့များမှကွင်းဆင်းစစ်ဆေး၍ (၁. ၈. ၂၀၁၅)မှစ၍ ကလေးကစားကွင်း(၆)ခုအားပိတ်သိမ်းစေခဲ့ပါကြောင်း၊ထို့နောက်ခံဝန်ကတိဖြင့် (၁. ၂. ၂၀၁၆)တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ စည်းကမ်းမညီညွတ်ပါသဖြင့်(၂၃. ၃. ၂၀၁၆)ရက်နေ့မှ ယနေ့အထိကလေးကစားကွင်း(၆)ခုလုံးအားပိတ်သိမ်းထားရှိပါကြောင်းတင်ပြအပ်ပါသည်။

အပျော်တမ်းကလေးကစားကွင်းလုပ်ငန်းများအား ကလေးများဉာဏ်ရည်ဖွံ့ဖြိုးမှုတွက်လည်းကောင်း၊ ကလေးများပျော်ရွှင်မှုတစ်ရပ်အနေဖြင့်လည်းကောင်း၊ အထောက်အကူဖြစ်စေရန် စည်းကမ်းချက်များ သတ်မှတ် ဖွင့်လှစ်ခြင်း ပြုခဲ့ခြင်းသာဖြစ်ပါသည်။ ထိုသို့ခွင့်ပြုခဲ့ပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်ဆက်စပ် ဌာနများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ခရိုင်ဥပဒေရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့ဖြင့်အခါ အားလျော်စွာ စစ်ဆေးကြီးကြပ်ဆောင်ရွက်လျှက်ရှိပြီး စည်းကမ်းညီညွတ်မှုမရှိသော ကလေးကစားကွင်း လုပ်ငန်းများအား ပိတ်သိမ်းဆောင်ရွက်ပြီး စည်းကမ်းလိုက်နာသော ကလေးကစားကွင်းလုပ်ငန်းများအား စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၏ အဆိုကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ထ) (၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၆၉)ဦးအနက် ရာနှုန်းပြည့် ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၄း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ခုနှစ် မေလ (၁၆)ရက် (တနင်္လာနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ဒုတိယပုံမှန်အစည်းအဝေး**

တတိယနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်**

**[ ၂၀၁၆ခုနှစ် ၊ မေလ ၁၆ ရက် ]**

**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၈ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၉.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်[ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဝန်ကြီးချုပ်တာဝန် ဆောင်ရွက်ရန်ရှိပါသဖြင့်လည်းကောင်း၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်သည် ဝန်ကြီးတာဝန်ဆောင်ရွက်ရန်ရှိပါသဖြင့်လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး၊တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်လှိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးတင်မျိုးနောင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့သည် အရေးကြီးတာဝန်များထမ်းဆောင်ရန် ရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးသည် ကျန်းမာရေး မကောင်းပါသဖြင့် (၁၆-၅-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ် ပေးပါရန် ၎င်းတို့(၈)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က (၈-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က (၈-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်က တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့် [ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်]**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်း ဒေသကြီးဥပဒေချုပ်ရုံး၏ (၈. ၄. ၂၀၁၆)ရက်နေ့မှ (၃၀. ၄. ၂၀၁၆)ရက်နေ့အထိ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**ခန့်အပ်ခံရခြင်း၊ တာဝန်များနှင့် လုပ်ပိုင်ခွင့်များ**

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၅အရ တိုင်းဒေသကြီး ရှေ့နေချုပ်ကို တိုင်းဒေသကြီးဥပဒေချုပ်ဟု ခေါ်ဝေါ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၂၆၆(က)အရ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာတာဝန်များပေးနိုင်ရန် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဤတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသဘောတူညီချက်ရယူပြီး နိုင်ငံတော်သမ္မတထံ တင်ပြခဲ့သည့်အတွက် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်းခံရပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၆ ပါ တာဝန်များကို ထမ်းဆောင်ရပြီးပုဒ်မ ၂၇ ပါ လုပ်ပိုင်ခွင့်များရှိပါသည်။ တာဝန်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၏ တာဝန်များကို ထမ်းဆောင်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ထူးခြားသော အခြေအနေများကို အခါအားလျော်စွာတင်ပြခြင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းတစ်ခုခု၊ တိုင်းဒေသကြီးဝန်ကြီးဌာနတစ်ခုခုက ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးရခြင်း၊ တိုင်းဒေသကြီးလွှတ်တော်က စီရင်ပိုင်ခွင့် ရှိသော မူလမှု၊ အယူခံမှုနှင့် ပြင်ဆင်မှုများတွင် နိုင်ငံတော်နှင့် သက်ဆိုင်သောအမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊ ပြစ်မှုဆိုင်ရာအမှုများကို တရားရုံးသို့ ဥပဒေနှင့်အညီ တရားစွဲဆို တင်ပို့ခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံတော်က တရားလို (သို့မဟုတ်) တရားပြိုင် အဖြစ် ပါဝင်သောတရားမမူလမှု အယူခံမှုနှင့် တရားမပြင်ဆင်မှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် သက်ဆိုင်သောအမှုများတွင် အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းရန် ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခြင်း၊ ဥပဒေ ပြဿနာနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ထံ ဥပဒေအကြံဉာဏ်တင်ပြတောင်းခံခြင်း၊ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်ထောင်စုရှေ့နေချုပ်၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအတွက် လွှတ်တော်ရှိ ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များက ဥပဒေအကြံဉာဏ်များ တောင်းခံပါက လိုအပ်သော ဥပဒေအကြံဉာဏ်ပေးခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကဖြစ်စေ ဥပဒေနှင့်အညီ ပေးအပ်သောလုပ်ငန်းတာဝန်များ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားတာဝန်များကို ထမ်းဆောင်ခြင်းတို့ ဆောင်ရွက်ရပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇ပါ ပြဋ္ဌာန်းချက်အရ တရားရုံးတွင် စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန်လိုအပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းမပြုနိုင်သော ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ပိတ်သိမ်းရန် သတ်မှတ်ချက် များနှင့်အညီ ဆုံးဖြတ်ခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ပြစ်မှုဆိုင်ရာအမှုများတွင် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟု ယူဆပါက တိုင်းဒေသကြီးတရားလွှတ်တော်သို့ ဥပဒေနှင့်အညီ အယူခံမှုတင်သွင်းခြင်း၊ ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန် လိုအပ်ပါက တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများထံမှ လိုအပ်သော အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူခြင်းစသည့် လုပ်ပိုင်ခွင့်များ ရှိပါသည်။

## တည်နေရာ၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးသည် ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဥပဒေရုံးလမ်းတွင် တည်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ခရိုင်ဥပဒေရုံး (၄)ရုံး၊ မြို့နယ်ဥပဒေရုံး (၂၈)ရုံးဖြင့် ဖွဲ့စည်းထားရှိပါသည်။ တိုင်းဒေသကြီးဥပဒေချုပ်၏ လက်အောက်၌ တိုင်းဒေသကြီးဥပဒေအရာရှိ (ညွှန်ကြားရေးမှူး)အဆင့် (၁)ဦး၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ (ဒုတိယညွှန်ကြားရေးမှူး) (၄)ဦး၊ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူး)အဆင့် (၁)ဦးဖွဲ့စည်းထားရှိသော်လည်း လက်ရှိ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ (၁)ဦး၊ (ဒုတိယညွှန်ကြားရေးမှူး) ရုံးအဖွဲ့မှူး (၁)ဦးသာရှိပါသည်။ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ (၁၂)ဦး ဖွဲ့စည်းပုံရှိသော်လည်း လက်ရှိ (၉)ဦးသာရှိပါသည်။ ဦးစီးအရာရှိ ဖွဲ့စည်းပုံ (၄)ဦး ရှိသော်လည်း လက်ရှိတွင် မြို့နယ်ဥပဒေရုံးတွင် တွဲဖက်ထားသည့် (၁)ဦးသာရှိပါသည်။ ခရိုင်ဥပဒေအရာရှိ (ဒုတိယညွှန်ကြားရေးမှူး)အဆင့် (၄)ဦး ဒုတိယခရိုင် ဥပဒေအရာရှိ (၁၀)ဦး၊ မြို့နယ်ဥပဒေအရာရှိ (၂၈)ဦး၊ ဒုမြို့နယ်ဥပဒေအရာရှိ (၄၄)ဦး၊ ရုံးအုပ်(၄)ဦး၊ ဌာနခွဲစာရေး (၇)ဦး၊ အကြီးတန်းစာရေး (၃၁)ဦး၊ လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁)ဦး၊ ရုံးအကူ (၁၆)ဦး၊ ရုံးအကူ နေ့စား(၁၂)ဦး၊ ယာဉ်မောင်း (၁)ဦး၊ ရုံးစောင့် (၁၉)ဦး၊ သန့်ရှင်းရေး (၁)ဦးတို့ဖြင့် ရုံးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကိစ္စရပ်များ၊ စာချုပ်စာတမ်း စိစစ်ခြင်းကိစ္စရပ်များ၊ ဥပဒေအကြံပေးကိစ္စရပ်များကို ဆောင်ရွက်ရခြင်းမရှိသေးသော်လည်း တရားသေ လွှတ်မိန့် အယူခံဝင်ရေးမဝင်ရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့သည့်အမှုပေါင်း (-)မှု၊ ပြင်ဆင်မှုနှင့် စပ်လျဉ်း၍ (၂)မှုမဝင်ကြောင်း၊ ပိတ်သိမ်းနှင့်စပ်လျဉ်း၍ (-)မှု၊ ရုပ်သိမ်းနှင့် စပ်လျဉ်း၍ (-)မှု၊ စုစုပေါင်း (၂)မှု စတင်တာဝန် ထမ်းဆောင်သည့်နေ့မှ (၂၉. ၄. ၂၀၁၆)ရက်နေ့ကာလအတွင်း ဆောင်ရွက်ခဲ့ပါသည်။

## ဥပဒေအကြံပေးကိစ္စရပ်များ

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၆(ခ)အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများကို ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအကြံပေးသည့်ကိစ္စရပ် (၁)ခုသာရှိပါသည်။ ခရိုင်ဥပဒေရုံး (၄)ရုံးမှ ဥပဒေအကြံပေးသည့်ကိစ္စရပ် (၁၀)ခု၊ မြို့နယ်ဥပဒေရုံးများမှ အကြံပေးသည့်ကိစ္စရပ် (၁၂၀)ခုတို့ကို ဆောင်ရွက်ကြပြီး ထိုဆောင်ရွက်ချက်များအပေါ် တိုင်းဒေသကြီးဥပဒေချုပ်မှ စိစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## အပြီးအပြတ်လွှတ်သည့်အမိန့်အယူခံတင်သွင်းခြင်း

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇(ဂ)အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးအသီးသီးမှ တရားခံများကို အပြီးအပြတ်လွှတ်ခဲ့သောအမိန့်များအပေါ် အယူခံတင်သွင်းရန်တင်ပြလာ၍ အစီရင်ခံသည့် အပေါ် အယူခံတင်သွင်းရန် တင်ပြလာ၍ အစီရင်ခံသည့် ကာလအတွင်း (၁၇)မှုကို စိစစ်ဆုံးဖြတ်ပေးခဲ့ ပါသည်။ စတင်တာဝန်ထမ်းဆောင်စဉ် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံမှုလက်ကျန် (၁၆)မှုအား လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ဒုတိုင်းဒေသကြီးဥပဒေအရာရှိနှင့် ဒုတိယညွှန်ကြားရေးမှူး (၁)ဦးတို့က စိစစ်တင်ပြခြင်း၊ လိုက်ပါဆောင်ရွက်ခြင်းတို့ကို တိုင်းဒေသကြီးဥပဒေချုပ်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ပြင်ဆင်မှုနှင့် အထွေထွေမှုများဆောင်ရွက်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်တာဝန်ကို (၈. ၄. ၂၀၁၆)ရက်နေ့တွင် စတင်ထမ်းဆောင်ခဲ့ရာ ပြင်ဆင်လက်ကျန်အမှုပေါင်း (၄၉)မှုကို တွေ့ရပြီး ထပ်မံတင်ပြလာသည့်အမှု (၂)မှုကို ပြင်ဆင်မှုဝင်ရန် သင့်/မသင့် စိစစ်ဆုံးဖြတ်ပေးခဲ့ပါသည်။

**ပြစ်မှုဆိုင်ရာအမှုများကို လိုက်ပါဆောင်ရွက်ခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေရုံးများက ယခင်လက်ကျန် (၁၀၇)မှု၊ အသစ်ရ (၁၈)မှု၊ ပြီးပြတ် (၁၆)မှုဖြစ်၍ လက်ကျန် (၁၀၉)မှုဖြစ်ပါသည်။ မြို့နယ်ဥပဒေရုံး (၂၈)ရုံးက ယခင်လက်ကျန် (၂၉၂၇)မှု၊ အသစ်ရ (၁၄၆၇)မှု၊ ပြီးပြတ် (၁၄၄၀)မှုဖြစ်၍ လက်ကျန် (၂၉၅၄)မှု ဖြစ်ပါသည်။

**ခရိုင်ဥပဒေရုံးများက လိုက်ပါဆောင်ရွက်သော အယူခံ/ပြင်ဆင်/အထွေထွေမှု လိုက်ပါဆောင်ရွက်ခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေရုံးများက လိုက်ပါဆောင်ရွက်သော အယူခံမှုများမှာ ယခင်လက်ကျန် (၁၆)မှု၊ အသစ်ရ (၁၀)မှု၊ ပြီးပြတ် (၁၂)မှုဖြစ်၍ လက်ကျန် (၁၄)မှု ဖြစ်ပါသည်။ ပြင်ဆင်မှုများမှာ ယခင်လက်ကျန် (၈၀)မှု၊ အသစ်ရ (၇၇)မှု၊ ပြီးပြတ် (၄၀)မှုဖြစ်၍ လက်ကျန် (၁၁၆)မှု ဖြစ်ပါသည်။ အထွေထွေမှုများမှာ ယခင်လက်ကျန် (၅)မှု၊ အသစ်ရ (၁)မှု၊ ပြီးပြတ် (၄)မှုဖြစ်၍ လက်ကျန် (၂)မှုတို့ ဖြစ်ပါသည်။

**တရားမမှုများလိုက်ပါဆောင်ရွက်ခြင်း**

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၆(င)အရ နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများမှာ ယခုတာဝန်ယူသည့်ကာလအတွင်း လိုက်ပါဆောင်ရွက်ရခြင်းမရှိပါ။ ခရိုင်ဥပဒေ ရုံး (၄)ရုံးတွင် တရားမမူလမှု ယခင်လက်ကျန် (၁၃)မှု၊ အသစ်ရ (၇)မှု၊ ပြီးပြတ် (-)မှုဖြစ်၍ လက်ကျန် (၂၀)မှုဖြစ်ပါသည်။ တရားမဇာရီမှု ယခင်လက်ကျန် (၃၆၅)မှု၊ အသစ်ရ (-)၊ ပြီးပြတ် (၂)မှုဖြစ်၍ လက်ကျန် (၃၆၃)မှုဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ တရားမမူလမှု ယခင်လက်ကျန် (၇၄)မှု၊ အသစ်ရ (၁)မှု၊ ပြီးပြတ် (၇)မှုဖြစ်၍ လက်ကျန် (၆၈)မှု ဖြစ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆(င)အရ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ အစီရင်ခံသည့်ကာလအတွင်း ရုံးစစ်ဆေးခြင်းမရှိပါ။ ခရိုင်ဥပဒေရုံးများက မိမိခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများကို စီမံချက်ဖြင့် စစ်ဆေးလျက်ရှိပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများမှာ ပြောင်းလဲနေသောခေတ်စနစ်မူဝါဒနှင့်အညီ ဥပဒေကို နားလည်တတ်ကျွမ်းပြီး တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းပြည့်ဝစေရေးအတွက် နိုင်ငံ့ဝန်ထမ်း၊ ဥပဒေပညာရှင်များထားအပ်သည့် ကျင့်ဝတ်သိက္ခာ၊ ပြည်သူ့ဝန်ထုပ် ဝန်ပိုးဖြစ်စေမည့်အလုပ်ကို ရှောင်ကြဉ်ပြီး အရာရာကို ဥပဒေနှင့်အညီ မိမိလိုက်နာရုံမျှမက မိမိနှင့် မိမိပတ်ဝန်းကျင်ရှိ လူများကိုပါ ဥပဒေကို နားလည်၍ လိုက်နာစောင့်သိသူများဖြစ်စေရေးအတွက်လည်းကောင်း၊ အမှန်တရားကို ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့ အကောင်အထည်ဖော်နိုင်ရန်

လည်းကောင်း၊ ခရိုင်(၄)ခရိုင် ဥပဒေအရာရှိများနှင့် (၂၅. ၄. ၂၀၁၆)ရက်နေ့တွင် အစည်းအဝေးကျင်းပ မှာကြားနိုင်ခဲ့ပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုကိုခံယူပြီး တိုင်းဒေသကြီးဥပဒေချုပ်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ညွှန်ကြားချက်များနှင့်အညီ မိမိတို့လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးကို ညီညီညွတ်ညွတ် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီ(၄)ခု ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းခဲ့ရာ၌ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီစသည့် လွှတ်တော်ရေးရာ ကော်မတီ(၄)ခုတို့တွင် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များအား ပါဝင်ဖွဲ့စည်းခဲ့ပါ၍ ပြန်လည်စိစစ်ပြီး ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ ဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က) နှင့် (ခ)အရလည်းကောင်း၊ (၁၀. ၃. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၆အရ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကိုလည်းကောင်း၊ (၁၄. ၃. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၆အရ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကိုလည်းကောင်း၊ (၁၄. ၃. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄/၂၀၁၆ အရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီကိုလည်းကောင်း၊

(၁. ၄. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆အရ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို လည်းကောင်း ဖွဲ့စည်းထားရှိ ပြီးဖြစ်ပါသည်။

အဆိုပါ ရေးရာကော်မတီ(၄)ခုအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ ကျွန်တော်ဦးကြည်ဇင်မှ လွှတ်တော်သို့တင်သွင်းအပ်ပါသည်-

- **တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးရဲမောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

- **လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးစန်းမြင့် (ခ) ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| - | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

- **စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

## - စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

| | | | | |
|---|---|---|---|---|
| - | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ရေးရာကော်မတီ(၄)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ရေးရာကော်မတီ (၄)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည့် ရေးရာကော်မတီများက အကြံဉာဏ်များတောင်းခံလာပါက သက်ဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်အလိုက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်သောအကြံဉာဏ်များပေးခြင်းဖြင့် ပံ့ပိုးညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့အား အောက်ပါအတိုင်းဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့်စီမံရေးရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးကြည်ဇင်မှ လွှတ်တော်သို့တင်သွင်းအပ်ပါသည်-

| | | | |
|---|---|---|---|
| - | ဦးစိုးသိန်း | ညွှန်ကြားရေးမှူး(ငြိမ်း) | ဥပဒေလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ |
| - | ဒေါက်တာမြသောင်း | ဆေးရုံအုပ်ကြီး(ငြိမ်း) | ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ |
| - | ဦးသိန်းလှိုင် | တိုင်းပညာရေးမှူး(ငြိမ်း) | ပညာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ |
| - | ဒေါ်နုနုဆွေ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | လွှတ်တော်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ |
| - | ဒေါ်မြင့်မြင့်ကြည် | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | စာရင်းအင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ |
| - | ဦးအောင်စိုး | တရားရေးဝန်ထမ်း(အဆင့်-၃)(ငြိမ်း) | ဥပဒေလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ |

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား တိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်ကျော်[ဥက္ကဋ္ဌ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ]**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(နဝမနေ့)အစည်းအဝေးကြီးမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ဖွဲ့စည်းခြင်းအား အတည်ပြုခဲ့ပါသည်။ ထိုရေးရာကော်မတီတွင်ပါဝင်ကြသော ကော်မတီဝင်များသည် မိမိတို့ဒေသ တွေ့ကြုံဖြတ်သန်းခဲ့ရသော ရေးရာဆိုင်ရာကိစ္စရပ်များအား အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုရှိစေရန် စေတနာရှေ့ထား၍ ရေးရာဆိုင်ရာလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမတွင်) ၂၀၁၆ခုနှစ်၊ ဧပြီလ (၇)ရက်၊ကြာသပတေးနေ့ နံနက်(၁၀)နာရီမှ (၁၂)နာရီအထိ ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးတက်ရောက်သူ (၁၂)ဦးဖြင့် အစည်းအဝေးဆုံးဖြတ်ချက် (၆)ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။
- ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင်)၂၀၁၆ခုနှစ်၊ ဧပြီလ (၂၁)ရက်၊ ကြာသပတေးနေ့ နံနက်(၁၁)နာရီ မှ (၁)နာရီအထိနှင့်၂၀၁၆ခုနှစ်၊ဧပြီလ (၂၂)ရက်၊ သောကြာနေ့ နံနက်(၁၀)နာရီမှ (၁၂)နာရီအထိ အစည်းအဝေးတက်ရောက်သူ (၁၀)ဦးဖြင့် အစည်းအဝေးဆုံးဖြတ်ချက်(၃)ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။

**အစီရင်ခံစာ**

- **ပညာရေး**
  - ဘေးအန္တရာယ်ကျရောက်၍ ပျက်စီး/ပျောက်ဆုံးသွားသော ကျောင်းများနှင့် အန္တရာယ်ရှိ ကျောင်းဆောင်များအား ဦးစားပေးဆောင်ရွက်ပေးနိုင်ရန်။
  - ကျေးရွာများမှ ကိုယ်ထူကိုယ်ထတွဲဘက်ကျောင်းများအတွက် ကျောင်းအဆောက်အဦများ ချထားပေးနိုင်ရန်။
  - ဥပဓိရုပ်မကောင်းသော ကျောင်းများအား ကျောင်းဆောင်သစ်များချထားပေးနိုင်ရန်။
  - အဆင့်မြှင့်ပေးထားပြီး ကျောင်းများအား ကျောင်းသားအင်အားနှင့်အဆင့်မြှင့်တင်မှု လျော်ညီသောကျောင်းဆောင်များ ချထားပေးနိုင်ရန်။
  - ဝန်ထမ်းအိမ်ရာများချထားပေးနိုင်ရန်။
  - ကျောင်းအိမ်သာများ ချထားပေးနိုင်ရန်။
  - စာရေးခုံ၊ ပရိဘောဂ လိုအပ်သောကျောင်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်။
  - စာသင်ခန်းမဖွဲ့ရသေးသော ဟောခန်းကြီးများဖြင့် စာသင်ကြားနေရသော ကျောင်းများအား စာသင်ခန်းများဖွဲ့ပေးနိုင်ရန်။
  - ကျောင်းခြံစည်းရိုးမရှိသော ကျောင်းများအား ကျောင်းခြံစည်းရိုးဆောင်ရွက်ပေးနိုင်ရန်။
  - ဆရာ/ဆရာမ လိုအပ်နေသော ကျောင်းများသို့ ဝန်ထမ်းအင်အားပြည့်မှီစွာ ချထား ပေးနိုင်ရန်။
  - တွဲဘက်သင်ရိုးပါ (ကာယ၊စာရိတ္တ)အစရှိသည့် အချိန်ဇယားများအတိုင်း တိတိကျကျ လက်တွေ့သင်ကြားပေးရန်။
  - ကွန်ပျူတာချိန်များကို ပဥ္စမတန်းမှစ၍ လက်တွေ့အသုံးချနိုင်ရေး သင်ကြားပေးနိုင်ရန်။
  - ပညာရေးဝန်ထမ်း ခန့်ထားရေးကိစ္စတွင် ဝန်ထမ်းဟောင်း(ဌာနကင်းကွာ)များနှင့် ဒေသခံများကို ဦးစားပေးခန့်ထားပေးရန်။
  - ပညာရေးကောလိပ်ကျောင်းဆင်းများအား မိမိဒေသများ၌ တာဝန်ပေးအပ်ခြင်းကို ဦးစားပေးစဉ်းစား စီစဉ်ပေးနိုင်ရန်။
  - ဆရာ/ဆရာမများ ကျောင်းချိန်အတွင်း သင်ကြားရေးကို တာဝန်ကျေပွန်စွာထိထိမိမိ သင်ကြားပေးရေး တာဝန်ရှိသော အစိုးရအဖွဲ့များမှ ကြီးကြပ်ပေးရန်။
  - စာသင်ကျောင်းများတွင် လက်ရှိ ရှိနေသော အားကစားကွင်းများအား ပြန်လည် ဖော်ထုတ်ပေးနိုင်ရန်။
  - ကျောင်းများရှိ ကျောင်းဈေးဆိုင်များအား ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ၊ ရာသီဥတုနှင့်မကိုက်ညီသောအစားအစာများ၊သန့်ရှင်းမှုမရှိသော အစားအစာများ ရောင်းချနေမှုများနှင့် သောက်သုံးရေသန့်ရှင်းမှုရှိစေရေးကိုဆောင်ရွက် ပေးနိုင်ရန်။

- ကျောင်းစာကြည့်တိုက်များထားရှိရေး စာဖတ်သည့်အလေ့အကျင့်များရရှိရေး ဆောင်ရွက်ပေးနိုင်ရန်။
- တိုင်းရင်းသားစာပေ တတ်ကျွမ်းသူများကို ဒေသအတွင်းလိုအပ်ချက်အရ နေ့စား လပေးဆရာ ခန့်ထားရေးတွင် ဦးစားပေးနိုင်ရန်။
- တိုင်းရင်းသာစာပေဘာသာရပ်တတ်ကျွမ်းသူ ဆရာ/ဆရာမများအား အခြား တိုင်းရင်းသားရွာများတွင် တာဝန်ထမ်းဆောင်နေရသည့်အတွက် တိုင်းရင်းသား စာပေသင်ကြားမှု အထောက်အပံ့မဖြစ်ဘဲ ရှိနေသည်ကို အထောက်အပံ့ဖြစ်စေရေး ထိုဘာသာရပ်တတ်ကျွမ်းသူ သင်ကြားရမည့် မိမိတိုင်းရင်းသားရွာများသို့ ပြန်လည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပေးနိုင်ရန်။

အထက်ဖော်ပြပါအချက်အလက်များအား တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာ အစိုးရ အဖွဲ့အသီးသီးသို့ တိုက်တွန်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပညာရေးဆိုင်ရာအစီရင်ခံစာကို တင်သွင်းအပ် ပါသည်။

- **ကျန်းမာရေး**
  - ဆေးရုံ/ကျေးလက်ကျန်းမာရေးဆေးပေးခန်းများအား လိုအပ်ချက်နှင့်အညီ အဆောက်အဦများ ပြည့်မှီစေရေး ဆောင်ရွက်ပေးနိုင်ရန်။
  - ဆရာဝန်/သူနာပြု/ကျန်းမာရေးလုပ်သားများ လုံလောက်စွာခန့်ထားပေးနိုင်ရန်။
  - လက်ရှိအချိန်တွင် မြို့နယ်အတွက်မလိုအပ်သော ဆေးဝါးများ၊ပိုလျှံဆေးဝါးများနှင့် ပျက်စီးဆေးဝါးများဖြစ်ပေါ်နေသည့်အတွက် မြို့နယ်အလိုက်ဆေးခွဲတမ်းများကို အမှန်တကယ်မြို့နယ်လူထုအတွက် လိုအပ်သောဆေးဝါးများရရှိနိုင်ရေး၊ မြို့နယ် ဆရာဝန်ကြီး ဦးဆောင်သော မြို့နယ်ဆေးဝါးမှာယူရေးအဖွဲ့ဖွဲ့စည်းကာ နိုင်ငံတော်မှ သတ်မှတ်ထားသည့် ကုမ္ပဏီသို့ တိုက်ရိုက်မှာယူခွင့်ပြုနိုင်ပါရန်။
  - ဒေသအလိုက် ရာသီအလိုက် အထူးလိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို ကျေးလက် မြို့ရွာများသို့ အချိန်မီလုံလောက်စွာ ထုတ်ပေးနိုင်ရန်။
  - ခွေးရူးပြန်ဆေးများ ဆေးရုံများတွင် မပြည့်စုံသဖြင့် ပြင်ပမှဝယ်ယူနေရခြင်း မဖြစ်ပေါ် စေရေး အလေးထားထုတ်ပေးနိုင်ရန်။
  - ဆင်းရဲသားလူနာများအား အခမဲ့ကုသခွင့်ပြုပေးနိုင်ရန်။
  - ဆေးရုံတိုင်းတွင် အထူးသီးသန့်ခန်းထားရှိစေ၍ ၄င်းမှရရှိလှူဒါန်းငွေအား ကြီးကြပ်ရေး ကော်မတီ၏ အစီအစဉ်ဖြင့် ဆင်ရဲသားလူနာများအတွက်ဖြည့်စွက်ပေးနိုင်ရန်။
  - သန့်စင်ခန်းများ လုံလုံလောက်လောက် သန့်သန့်ရှင်းရှင်းရှိစေရေး ဆောင်ရွက် ပေးနိုင်ရန်။
  - ကျန်းမာရေးဝန်ထမ်းများမှ ပြည်သူများနှင့်ဆက်ဆံရေး ကောင်းမွန်လာစေရေး တိုက်တွန်းပေးနိုင်ရန်။

- ကျန်းမာရေးဝန်ထမ်းများ အိမ်ရာများလုံလောက်မှုရှိစေရေး အလေးထားဆောင်ရွက်ပေးနိုင်ရန်။
- မြို့နယ်ဆေးရုံများတွင် လူနာတင်ယာဉ်မရှိသော မြို့နယ်ဆေးရုံအား လူနာတင်ယာဉ်ချထားပေးနိုင်ရန်။
- မြို့နယ်ဆေးရုံများမှ ဆရာဝန်ကြီးများပါသော အဖွဲ့သည် ကျေးလက်များသို့ ကွင်းဆင်းကုသရေးများကို အလျဉ်းသင့်သလို ဆောင်ရွက်ပေးနိုင်ရန်။
- ခြင်ဆေးဖြန်းခြင်းနှင့်ရေနုတ်မြောင်းများ ဖော်ထုတ်ပေးနိုင်ရန်။
- ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများ အင်အားပြည့်မီစေရေးနှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်စေရေး စစ်ဆေးကြပ်မတ်ပေးနိုင်ရန်။

အထက်ဖော်ပြပါအချက်အလက်များအား တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အသီးသီးသို့ တိုက်တွန်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာအစီရင်ခံစာကို တင်သွင်းအပ်ပါသည်။

- **လူမှုရေး**
  - လူသားတစ်ဦး၏ဘဝရပ်တည် ရှင်သန်နေထိုင်ရေးသည် လွတ်လပ်မှု၊ညီမျှမှုနှင့် ဥပဒေ၏အကာအကွယ်အား ပြည့်ဝစွာရယူပြီး အခွင့်အလမ်း၊ အဆင့်အတန်းတူညီစွာဖြင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်မည့်အကြောင်းတရားများဖြစ်သည်။ လွတ်လပ်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ လက်ထပ်ခွင့်၊ လက်မထပ်ခွင့်၊ ဥပဒေအကူအညီရယူခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ အပျင်းပြေအလုပ်ချိန်နားရက်၊ အချိန်ပိုခံစားခွင့်၊ လုံလောက်သော လူနေမှုအဆင့်အတန်းရရှိခွင့်၊ အစားအစာဆေးဝါးနေထိုင်ရေးလုံခြုံမှု၊ လွတ်လပ်အေးချမ်းတန်းတူညီမျှသော ပညာသင်ကြားခွင့်များ ရရှိစေနိုင်ရေး။
  - ပူပြင်းသော ရာသီဥတုကာလဖြစ်သဖြင့် မြို့နယ်အသီးသီးအတွက် အရေးပေါ်မီးဘေးအန္တရာယ်ကျရောက်လာနိုင်ခြင်းကို ကြိုတင်ကာကွယ်နိုင်ရန်။
    - မီးသတ်ကားများ မြို့နယ်/မြို့မလိုက် ဖြည့်တင်းထားရှိနိုင်ရန်။
    - မီးသတ်တပ်ဖွဲ့အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ ပြည့်မီအောင်ဖြည့်ဆည်းထားရှိနိုင်ရန်။
    - မီးသတ်တပ်ဖွဲ့ရှိ ယာဉ်များ ထိန်းသိမ်း/မွမ်းမံ/ပြင်ဆင်ထားပြီး ဖြစ်နေစေရန်။

အထက်ဖော်ပြပါအချက်အလက်များအား တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အသီးသီးသို့ တိုက်တွန်းဆောင်ရွက်ပေးနိုင်ရေးအတွက် လူမှုရေးဆိုင်ရာ အစီရင်ခံစာကို တင်သွင်းအပ်ပါသည်။

- **အလုပ်သမားရေး**
  - ၁၀/၅/၂၀၁၆မှ ၁၁/၅/၂၀၁၆ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီမှ လွှတ်တော်

ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူ၍ အလုပ်ရှင်/အလုပ်သမားဖြေရှင်းရေးခုံသမာဓိ ဗဟိုကောင်စီမှ ပုဂ္ဂိုလ်များအား ဖိတ်ကြားပြီး မိမိရေးရာကော်မတီ (၁၃)ဦးနှင့် စိတ်ပါဝင်စားသူ ဖိတ်ကြား(၁၂)ဦး၊ စုစုပေါင်း(၂၅)ဦးဖြင့် အလုပ်သမားရေးရာ ကိစ္စများကို အလုပ်ရုံဆွေးနွေးပွဲအဖြစ် ကျင်းပသွားမည်ဖြစ်ပါသည်။

- ထိုအလုပ်ရုံဆွေးနွေးပွဲကြီးမှ ရရှိသည့်ရလဒ်နှင့်အတူ ရေးရာကော်မတီများ၏ မြေပြင်ကွင်းဆင်းထိတွေ့မှုများဖြင့် (၂/၂၀၁၆)ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ ဆက်လက်တင်ပြမည်ဖြစ်ပါသည်။

**နိဂုံး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကြီးမှ ဖွဲ့စည်းတာဝန်ပေးအပ်သည့်အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များအနေဖြင့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူတို့၏အကျိုးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးကိစ္စများကို အစိုးရအဖွဲ့နှင့် လွှတ်တော်အပြန်အလှန် ထိန်းညှိနိုင်ရေး ရေးရာကော်မတီမှ တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး[ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)(ခ)(ဂ) နှင့် ၂၀၁၄ ခုနှစ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)နှင့် (ခ)အရ ၊ ၂၀၁၆ ခုနှစ်ဧပြီလ(၅)ရက်နေ့တွင် အဖွဲ့ဝင်(၁၂)ဦးဖြင့်လွှတ်တော်မှ အတည်ပြုဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီအနေဖြင့် ၂၀၁၆ခုနှစ်၊ဧပြီလ (၇)ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် မေလ(၅)ရက်နေ့တွင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်းကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီ၏ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအားဆွေးနွေးအတည်ပြုဆုံးဖြတ်ချက်များချမှတ်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဤကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရည်ရွယ်သည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၂၀၁၆ခုနှစ်၊ ဧပြီလ(၇)ရက်နေ့တွင် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များကိုချမှတ်လုပ်ဆောင်ခဲ့ပါသည်။

- 11 KV မှ ၂မိုင်အတွင်းရှိ ရွာများစိစစ်၍ ကျန်ရှိနေသော ရွာများစာရင်းအားပြုစု၍ ကော်မတီသို့ပေးပို့ရန်
- သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်
- ယခင်ကော်မတီ၏လုပ်ဆောင်ခဲ့မှုများကို ပြန်လည်လေ့လာစိစစ်ရန်
- အစည်းအဝေးကိုတစ်လလျှင်နှစ်ကြိမ် လွှတ်တော်အစည်းအဝေးရက်အတွင်းပြုလုပ်ရန်
- ကော်မတီ၏စစ်ဆေးတွေ့ရှိမှုဆုံးဖြတ်ချက်များကို လွှတ်တော်ကိုယ်စားလှယ် အားလုံးထံသို့ ဖြန့်ဝေရန်
- ကော်မတီ၏အကြံပြုချက်များကို အစည်းအဝေးပြီးဆုံးတိုင်းသက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ရန်

၂၀၁၆ခုနှစ် မေလ(၅)ရက်နေ့တွင် ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များကိုချမှတ်လုပ်ဆောင်ခဲ့ပါသည်။

- အစည်းအဝေးဆုံးဖြတ်ချက်များကိုနောက်တစ်ကြိမ်အစည်းအဝေးတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့်အချက်များနှင့်ကျန်ရှိနေသောအချက်များအား သုံးသပ်ဆွေးနွေးခြင်းကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ရန်
- တည်းခိုဆောင်စည်းကမ်းချက်သုံးချက်ချမှတ်ခဲ့ပါသည်။
- ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့်သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် ပူးပေါင်း၍ NEP စီမံကိန်းနှစ်မိုင်အတွင်း ကျေးရွာများအား ပြန်လည်စိစစ်၍ ကျန်ရှိနေသောရွာများအား ထပ်မံဖြည့်သွင်းပေးရန်
- ကိုယ်ထူကိုယ်ထပြုလုပ်ထားသောကျေးရွာများတွင်မီးလင်းရန် Transformer သာ လိုအပ်တော့သည့် ရွာများအားဦးစားပေးအစီအစဉ်ဖြင့်ဆောင်ရွက်ပေးရန်
- မီတာတပ်ဆင်ခ ထိန်းသိမ်းစောင့်ရှောက်ခများကိုအများပြည်သူပွင့်လင်းမြင်သာစွာ သိရှိစေရန် သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ဌာနများမှ ဆောင်ရွက်ပေးရန်
- ကိုယ်ထူကိုယ်ထစနစ်ဖြင့်မီးလင်းပြီးသော ကျေးရွာများတွင်ကျေးရွာမီးလင်းရေး ကော်မတီနှင့် ဒေသခံပြည်သူများအကြားငွေကြေးမတတ်နိုင်၍ မီးမလင်းနိုင်သော အခြေအနေများကို စိစစ်၍ ကူညီဆောင်ရွက်ပေးရန်

**ရှေ့လုပ်ငန်းစဉ်များ**

ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍ အောက်ပါရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- တိုင်းဒေသကြီးလွှာပ်စစ်လျှာထားချက်စီမံကိန်းများနှင့် NEP စီမံကိန်းတို့ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီဆောင်ရွက်သွားရန်
- ကော်မတီ၏ရည်ရွယ်ချက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်

**နိဂုံး**

အထက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရေးအတွက် ပြည်သူလူထု၏အကျိုးစီးပွားကို ကော်မတီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဇင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကြည်ဇင်[ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ]**။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိုးရသစ်လက်ထက် ဒုတိယ(၅)နှစ် (၂၀၁၆-၂၀၂၀)အတွင်း ပဲခူးတိုင်းဒေသကြီးတွင်နေထိုင်ကြသော ပြည်သူများ၏ လူမှုဘဝများ မြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး လုပ်ဆောင်ရမည့် အခြေအနေများအား သုံးသပ်တင်ပြသွားပါမည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝများတိုးတက်မြင့်မားလာစေရန် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ရေရရှိရေး၊ မီးလင်းရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။

**ကော်မတီဖွဲ့စည်းမှု**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီအား အောက်ဖော်ပြပါ ကော်မတီဝင်များဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်-

| | | | |
|---|---|---|---|
| - | ဦးကြည်ဇင် | ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကျောက်တံခါးမြို့နယ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်(၂) | အတွင်းရေးမှူး |
| - | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဦးညွှန့်ရွှေ | ပဲခူးမြို့နယ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်(၁) | အဖွဲ့ဝင် |
| - | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်(၁) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်(၁) | အဖွဲ့ဝင် |
| - | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးမြတ်လှိုင် | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် | အဖွဲ့ဝင် |

**တင်ပြခြင်း**

(၂. ၅. ၂၀၁၆)ရက်နေ့တွင် ပြုလုပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးချက်များအရ

- ကော်မတီ၏ လုပ်ငန်းတာဝန်များအား ဒေသအလိုက် အောက်ပါအတိုင်း တာဝန်ခွဲဝေ လုပ်ကိုင်နိုင်ရန် သတ်မှတ်တာဝန်ပေးနိုင်ခဲ့ပါသည်-

  (၁) ပြည်ခရိုင် ဦးဇော်နိုင်ဦး (သဲကုန်းမြို့နယ်- ၂)

  (၂) သာယာဝတီခရိုင် ဦးကျော်ကျော်နိုင် (နတ်တလင်းမြို့နယ်-၂)

  (၃) ပဲခူးခရိုင် ဦးညွှန့်ရွှေ (ပဲခူးမြို့နယ် -၁)

  (၄) တောင်ငူခရိုင် ဒေါ်နွယ်နီဝင်း (ဖြူးမြို့နယ်- ၂)

  အထက်ဖော်ပြပါ ခရိုင်တာဝန်ခံအသီးသီးတို့သည် သက်ဆိုင်ရာမြို့နယ်အလိုက် ကိုယ်စားလှယ်များထံမှ အချက်အလက်များကို ရယူပေါင်းစပ်၍ ကော်မတီသို့ တင်ပြရန်ဖြစ်ပါသည်။

- သက်ဆိုင်ရာဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု

ရှိစေရေး၊ အာမခံချက်ရရှိနိုင်ရေးတို့အတွက် သက်ဆိုင်ရာဒေသမှ တာဝန်ရှိအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဒေသခံပြည်သူများ ပါဝင်ဖွဲ့စည်းထားသော ကော်မတီများနှင့်လည်းကောင်း၊ ထိုဒေသရှိ ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီမှ အဓိကထား ဆောင်ရွက်သွားပါမည်။

- ဒေသလိုအပ်ချက်နှင့်မကိုက်ညီသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အမှန်တကယ်လိုအပ်သော ဒေသ၊ လိုအပ်သောလုပ်ငန်းများသို့ လွှဲပြောင်းသုံးစွဲခွင့်ပြုပေးနိုင်ရေးအတွက် တင်ပြတောင်းဆိုသွားပါမည်။

**နိဂုံး**

ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် သက်ဆိုင်ရာဌာနနှင့် ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်ခြင်းများ ဖြစ်သဖြင့်

- စာချုပ်ပါစည်းကမ်းချက်များအတိုင်း အတိအကျအကောင်အထည်ဖော်နိုင်စေရန်၊
- လုပ်ငန်း၏ သတ်မှတ်အရည်အသွေးများ ပြည့်မီကောင်းမွန်အောင် ဆောင်ရွက်နိုင်စေရန်၊
- မြို့နယ်အလိုက် သက်ဆိုင်ရာဌာန၊ ကုမ္ပဏီများမှတာဝန်ယူဆောင်ရွက်သော လုပ်ငန်းများသည် စာချုပ်ပါသတ်မှတ်ချိန်မတိုင်မီ ပျက်စီးယိုယွင်းမှုများအား စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ပါရန် အကြံပြုတင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါထပ်ဆင့်မေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကမေးမြန်းသည့် ထပ်ဆင့်မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ လယ်ယာစက်သုံးပစ္စည်းများ ရောင်းချမှုကတိစာချုပ် ဖောက်ဖျက်ခြင်း ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၊ စိုက်ထွေသမဝါယမအသင်းသည် ပဲခူးတိုင်း သမဝါယမအသင်းချုပ်ထံမှ 60hp tractor များကို တဆင့်ဝယ်ယူ၍ သုံးစွဲသူများအပေါ် ပြန်လည်ရောင်းချခဲ့ပါသည်။

ဤသို့ ရောင်းချရာတွင် စာချုပ်ပါစည်းကမ်းချက်များမှာ စတင်ဝယ်ယူစဉ် Down paymentအဖြစ် စက်ပစ္စည်းတန်ဖိုး၏ ၁၀%ကို ပေးသွင်းရပါသည်။

အဆိုပါ ၁၀%ပေးသွင်းပြီး တစ်နှစ်ပြည့်လျှင် စက်ပစ္စည်းတန်ဖိုး၏ ၅%နှင့် တစ်နှစ်စာအတွက် ကျန် ၉၀%အပေါ် ကျသင့်သည့် အတိုးငွေပေါင်း၍ ထပ်မံပေးသွင်းရပါသည်။

ကျန် ၈၅%နှင့် အတိုးငွေကို (၆)လတစ်ကြိမ်၊ (၁၂)ကြိမ် ဆပ်သည့်ပုံစံဖြင့် ရောင်းချပေးသည့် ပုံစံစာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဥပမာတင်ပြရလျှင် ၂၀၁၅ မေလ (၁၄)ရက်နေ့တွင် ဝယ်ယူသူသည် ပစ္စည်းလက်ဝယ်ရောက်ရှိချိန်တွင် ၁၀%ဝယ်ယူသည့် ရက်မှ တစ်နှစ်ပြည့်သည့် ၂၀၁၆ မေလ (၁၄)ရက်နေ့တွင် ၅%နှင့် အတိုးငွေကိုပေးသွင်း၍ နောက်(၆)လပြည့်သည့် ၂၀၁၆ နိုဝင်ဘာ(၁၄)ရက်နေ့တွင် ကျန်(၈၅%)ကို (၆)လတစ်ကြိမ် (၁၂)ကြိမ်ဆပ်ပုံစံဖြင့် ၂၀၂၂ မေလ(၁၄)ရက်နေ့အထိ ခွဲခြားပေးဆပ်သွားရပါမည်။ စာချုပ်တွင်လည်း ရက်စွဲများဖြင့် တိကျစွာ ဖော်ပြထားပြီးဖြစ်ပါသည်။

သို့ရာတွင် အမှန်တကယ်ပေးသွင်းချိန်တွင် အပိုဒ်(၃)ပါ ၁၀%ပေးသွင်းပြီး (၁)နှစ်ပြည့်လျှင် အစားဝယ်ယူသူအားလုံးကို ၂၀၁၅ ဒီဇင်ဘာတွင် တစ်နှစ်ပြည့်ပြီး ၅%နှင့် အတိုးငွေကို ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း၊ ၂၀၁၆ခုနှစ် ဇွန် (၁၄)ရက်နေ့တွင် ကျန်(၈၅%)ကို (၆)လတစ်ကြိမ် (၁၂)ကြိမ်ဆက်ပုံစံဖြင့် ၂၀၂၂ ဒီဇင်ဘာ(၁၄)ရက်နေ့အထိ ခွဲခြားပေးဆပ်သွားရမည်ဟု မြို့နယ်သမအသင်းမှ တိုင်းသမအသင်းစုချုပ်၏ ညွှန်ကြားချက်ကို ပြောကြားလာပါသည်။

စာချုပ်မှာ ၂၀၂၂ နှစ်အထိ ကာလရှည်စာချုပ်ဖြစ်၍ စာချုပ်ပါညွှန်ကြားချက်နှင့် စာချုပ်ပါဖော်ပြချက် ကွဲလွဲမှုကြောင့် နစ်နာမည်ကို ဝယ်ယူသူများ အထူးစိုးရိမ်နေကြပါသည်။ စာချုပ်ကိုလည်း နမူနာ တင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ စာချုပ်ပါရက်စွဲများအတိုင်းသာ တိကျစွာ ပေးချေခွင့် ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

(စာချုပ်အား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လက်ပံတန်းမြို့နယ်အတွင်း ဖိုးကတိုးရေကာတာနှင့် ညောင်ကုန်းရေကာတာများ ၂၀၁၅ခုနှစ် မိုးရာသီက ကျိုးပေါက်ခဲ့၍ လယ်သမားများမှာ အမတော်ကြေးများ ပြန်လည်ပေးဆပ်ရန် အခက်အခဲကြုံတွေ့လျက်ရှိသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ မည်ကဲ့သို့ပံ့ပိုး ဆောင်ရွက်ပေးနိုင်မည်ကို "** သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"လက်ပံတန်းမြို့နယ်အတွင်းရှိ ပိုးကေတိုးတာ (၈. ၈)မိုင်ပါ (၅)ခုသည် ၂၀၁၅ခုနှစ် မိုးရာသီ ရေကြီးရေလျှံမှုကြောင့် တာရေတိုက်စားခြင်း၊ တာလုံးသေး၊ နိမ့်/ ကျိုးပေါက်ခြင်း နေရာများအား ၂၀၁၆ခုနှစ် မိုးရာသီမတိုင်မီ အခိုင်အမာပြုလုပ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်တွင် ဖိုးကတိုးရေကာတာနှင့် ညောင်ကုန်းရေကာတာများမှာ ၂၀၁၅မိုးရာသီက ကျိုးပေါက်ခဲ့သောကြောင့် လယ်သမားများမှာ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့၍ အမတော်ကြေးများကို ပြန်ဆပ်ရန် အခက်အခဲဖြစ်လျှက်ရှိသောကြောင့် လယ်/ဆည်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးများက ပြည်သူများ၏ အတိဒုက္ခများကို မျက်ကွယ်ပြု၍ (နိုင်ငံတော်အမြင်၊ စီးပွားရေးအမြင်၊ စိုက်ပျိုးရေးအမြင်)များကို ဖြေကြားခြင်းမရှိဘဲ (အောင်သာမြတိုင်းဒေသကြီးမန်နေဂျာ)က ဖြေကြားထားသောစာကို ဖတ်ကြားပြခဲ့သည့်အတွက် အမေးတစ်ခြား အဖြေတစ်ခြားဖြစ်လျှက်ရှိပါသောကြောင့် သက်ဆိုင်ရာဝန်ကြီးများမှ လွှတ်တော်ကို အလေးထားသည့်အနေနှင့် ပြန်လည်ဖြေကြားပေးစေလိုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်း၌ တည်ရှိသော ရေကာတာများမှာ ၂၀၁၅မိုးရာသီ ရေကြီးခြင်းကြောင့် တာတမံများတွင် ထူးပေါက်များဖြစ်ခြင်း၊ တာအိခြင်း၊ တာပေါ်ရေကျော်ခြင်း၊ ကျိုးပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့ရာတွင် ဖိုးကတိုးတာနှင့် ကျီးပင်ဆိပ်-အိုးဘိုတန်းတာ၊ မြင်ကဝ-ကျောက်အိုင်တာများတွင် ကျိုးသွားသော နေရာပေါက်များကို ပိတ်ဖို့ခြင်းကိုသာ ဆောင်ရွက်ပြီး (တာပြင်ခြင်းလုပ်ငန်း)ကို ဆောင်ရွက်ခြင်းမရှိသေး၊ ကျန်တာတမံများမှာလည်း ပြုပြင်ရန်လိုအပ်သော ငွေကြေးကို တင်ပြတောင်းခံ ထားသော်လည်း မည်သည့်နှစ်ဘတ်ဂျတ်၌ ဆောင်ရွက်မည်ဆိုသည်မှာ အတိအကျမပြောနိုင်သည့်အတွက် ယမန်နှစ် ၂၀၁၅မိုးရာသီက ရေကြီးခြင်းမျိုးဖြစ်လာခဲ့လျှင် မည်သည့်ဝန်ကြီးဌာနမှ တာဝန်ယူဖြေရှင်း ပေးမည်ကို သိရှိလိုပါ၍ ဖြေကြားပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာရှိ အလျား (၃)မိုင်ခန့် ရှိသော အလယ်ပျော့ချောင်း ရေနုတ်မြောင်းသည် တိမ်ကောလျှက်ရှိ၍ အနက်(၆)ပေ၊ အကျယ်(၁၈)ပေခန့် ပြန်လည်တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်တို့တွင် စစ်တောင်းမြစ်ဝ ကမ်းပါးပြိုသည့် ကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာရှိ အလျား(၃)မိုင်ခန့်ရှိသောအလယ်ပျော့ချောင်း ရေနုတ်မြောင်းသည် တိမ်ကောလျှက်ရှိပြီး ရေစီးရေလာ လုံးဝရပ်တန့်နေပါသဖြင့် လယ်မြေဧက(၁၂၀၀) ကျော်မှာ မိုးစပါး ရေကြီးနစ်မြုပ်မှုများ နေ့စဉ်ခံစားနေရပါသည်။

သို့ပါ၍ ယင်းရေနုတ်မြောင်းအား အနက်(၆)ပေ၊ အကျယ်(၁၈)ပေခန့် ပြန်လည်တူးဖော်ပေးမည်ဆိုပါက ရေဆွဲအားလွန်စွာကောင်းမွန်၍ လယ်မြေဧက (၁၂၀၀)ကျော် ကောင်းစွာထွန်ယက် စိုက်ပျိုးနိုင်မည်ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပေါင်းလောင်းမြစ်နှင့် ခပေါင်းချောင်းတို့ ပေါင်းစည်းမှုကြောင့် ဖြစ်တည်လာသော စစ်တောင်းမြစ်သည် မုတ္တမပင်လယ်ကွေ့သို့ စီးဝင်ရာ၌ ရေစီးရေလာကြမ်းတမ်းမှုနှင့် ဒီရေအတက်အကျတို့ကြောင့် ပဲခူးတိုင်းဒေသကြီးအရှေ့ရှိ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်တို့တွင် မြစ်ရေတိုက်စားမှု၊ ကမ်းပါးပြိုကျမှုတို့ဖြစ်ပေါ်ခဲ့ပြီး ပြည်သူများ၏ အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် လယ်ယာမြေများ ပျက်စီးခြင်းတို့ ကြုံတွေ့နေရပါသည်။

သနပ်ပင်မြို့နယ်၏ ကသစ်ခုံရွာဟောင်း၊ ကျွဲတဲ၊ ကမ်းပြို၊ ခလပ်စု၊ ရွှေအိုး၊ သနတ္တန်းကျေးရွာတို့သည် မြစ်ကမ်းနဖူးတွင် တည်ရှိသည့်အတွက် ပျက်စီးမှု အနည်းနှင့်အများကြုံနေရပါသည်။ လက်ရှိကမ်းပါးပြိုကျမှု ပြင်းထန်စွာခံစားနေရသည့် ကသစ်ခုံရွာဟောင်းသည် ယခင်က အိမ်ခြေ(၅၀၀)ကျော်ရှိသော စည်ကားသည့်ရွာကြီးဖြစ်ခဲ့သော်လည်း ယခုအခါ တစ်ရွာလုံးနီးပါး ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းပါမကျန် ပြောင်းရွှေ့နေကြရပါသည်။ ကျေးရွာပိုင် လယ်မြေဧက (၅၇၉၉)ဧက ပြိုကျပျက်စီးခဲ့ပြီး လတ်တလောအနေဖြင့် ပြောင်းရွှေ့ရွာတည်ရန် နေရာအခက်အခဲလည်း ဖြစ်ပေါ်နေပါသည်။

ကျေးရွာပြောင်းရွှေ့ရွာတည်ရန်အတွက် ပင်လယ်နှင့် (၃)မိုင်ကွာဝေးသော ကျွဲဖြူချောင်းကျေးရွာအုပ်စု၊

အနောက်ခေါင်း ချောင်းအနီး တာလမ်းနှင့် အလှမ်းမဝေးသော လယ်မြေဧက (၃၃)ဧကအား ဝယ်ယူနိုင်ရန် အရေးတကြီး လိုအပ်လျှက်ရှိပါသည်။

ခန့်မှန်းကုန်ကျစရိတ်အဖြစ် မြေနေရာဝယ်ယူခြင်း၊ နေအိမ်များပြောင်းရွှေ့ခြင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက်စာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း ပြောင်းရွှေ့ခြင်း၊ စုစုပေါင်း ကျပ်သိန်း (၃၅၀)ခန့် ကုန်ကျမည်ဖြစ်ပါသဖြင့် ဇွန်လ မိုးမကျမီ ပြည်သူများ၏ နေရာအခက်အခဲများကို ဖြေရှင်းရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ လယ်ယာစက်သုံးပစ္စည်းများ ရောင်းချမှုကတိစာချုပ် ဖောက်ဖျက်ခြင်း ”** မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ ထွန်စက်ဝယ်ယူသူများ အနေဖြင့် မူလကချုပ်ဆိုခဲ့သည့် စာချုပ်အတိုင်းသာလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါ၍ **စာချုပ်ပါရက်စွဲများ အတိုင်းသာ တိကျစွာပေးချေခွင့် ရှိကြောင်း**ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လက်ပံတန်းမြို့နယ်အတွင်း ဖိုးကတိုးရေကာတာနှင့် ညောင်ကုန်း ရေကာတာများ ၂၀၁၅ခုနှစ်မိုးရာသီက ကျိုးပေါက်ခဲ့၍ လယ်သမားများမှာ အမတော်ကြေးများ ပြန်လည်ပေးဆပ်ရန် အခက်အခဲကြုံတွေ့လျှက်ရှိသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက် ပေးနိုင်မည်ကို ”** သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ နည်းဥပဒေအခန်း(၆)၊ အပိုဒ်(၃၀)(က)တွင် “ ငွေချေးယူသူသည် သဘာဝ ဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ မကာကွယ်မတားဆီးနိုင်သောအကြောင်းကြောင့်ဖြစ်စေ၊ စိုက်ပျိုးရေး လုပ်ငန်းများ ပျက်စီးသဖြင့်၊ ဘဏ်မှချေးယူထားသော ငွေများကိုအချိန်မှန် ပြန်လည်မပေးဆပ်နိုင်ပါက ချေးငွေပြန်လည်ပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းပေးရန်၊ မြို့နယ်ဘဏ်ခွဲ မန်နေဂျာထံ လျှောက်လွှာ တင်သွင်းနိုင်သည် ” ဟုဖော်ပြထားပါသည်။

နည်းဥပဒေအခန်း(၆)၊ အပိုဒ်(၃၀)(ဃ)တွင် “ ဘဏ်ဒါရိုက်တာအဖွဲ့သည် ထိုက်သင့်သလို စိစစ်ပြီးနောက် ချေးငွေပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းနိုင်သည် ” ဟုဖော်ပြထားသည်။

နည်းဥပဒေ အခန်း(၆) အပိုဒ်(၃၂)တွင် “ ချေးငွေပေးဆပ်ရန်ပျက်ကွက်မှုသည် သဘာဝ ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မကာကွယ်မတားဆီးနိုင်သော အကြောင်းကြောင့်သော် လည်းကောင်း၊ ပျက်ကွက်ကြောင်း ထင်ရှားလျှင်ဘဏ်သည် အတိုးကိုဖြစ်စေ၊ ဒဏ်တိုးကိုဖြစ်စေ၊ (၂)ရပ်

လုံးကိုဖြစ်စေ၊ လျှော့ပေါ့နိုင်သည့် (သို့မဟုတ်) ပယ်ဖျက်နိုင်သည် ” ဟုဖော်ပြထားပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်၏ (၂၈-၃-၈၀)ပြည့်နှစ်ရက်စွဲပါစာအမှတ်၊ ၂၄၂၆၈/ နှစ်ဆိုင်း(၁၉-ဆောင်း) ညွှန်ကြားစာတွင် “ သီးနှံပျက်စီးဆုံးရှုံးမှုသည် ပုံမှန်သီးနှံထွက်၏ (၃)ပုံ(၁)ပုံနှင့် ၎င်းအထက်များလျှင် ချေးငွေရင်းအားလုံးကို နှစ်ဆိုင်းပေးဆပ်စေရန်၊ ရှေ့နှစ်သီးနှံပေါ်ချိန်တွင် အရင်းနှင့် ကျသင့်အတိုးကို ဆက်လက်ကောက်ခံရန်၊ နှစ်ဆိုင်းခွင့်ပြုသည့် ငွေရင်းပေါ်တွင် ဒဏ်တိုးတွက်ချက်ခြင်း မပြုရန် ” ဟုဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ လက်ပံတန်းမြို့နယ်မှ သီးနှံပျက်စီးဆုံးရှုံးသောတောင်သူများအနေဖြင့် ၂၀၁၅- မိုးချေးငွေ ပေးဆပ်ရာတွင် အထက်ဖော်ပြပါ နည်းဥပဒေ၊ ညွှန်ကြားစာများနှင့်အညီ နှစ်ဆိုင်းပေးဆပ်ခွင့်ပြုရန် အတိုးကိုဖြစ်စေ၊ ဒဏ်တိုးကိုဖြစ်စေ၊ (၂)ရပ်လုံးကိုဖြစ်စေ၊ လျှော့ပေါ့ပေးနိုင်ရန်(သို့)ပယ်ဖျက်ပေးရန်၊ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲသို့ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားမှုအပေါ် စိစစ်ပြီးမှန် ကန်ပါက နှစ်ဆိုင်းပေးခြင်း၊ အတိုးကိုဖြစ်စေ၊ ဒဏ်တိုးကိုဖြစ်စေ၊ (၂)ရပ်လုံးကိုဖြစ်စေ၊ လျှော့ပေါ့ပေးခြင်း၊ (သို့) ပယ်ဖျက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လက်ပံတန်းမြို့နယ်အတွင်းရှိ ဖိုကေတိုးတာ (၈. ၈)မိုင်ပါ (၅)ခုသည် ၂၀၁၅ခုနှစ် မိုးရာသီရေကြီးရေလျှံမှုကြောင့် တာရေတိုက်စားခြင်း၊ တာလုံးသေး၊ နိမ့်/ ကျိုးပေါက်ခြင်း နေရာများအား ၂၀၁၆ခုနှစ် မိုးရာသီမတိုင်မီ အခိုင်အမာ ပြုလုပ်ရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကို ရေဘေးကာကွယ်ထားသော ဧရာဝတီအရှေ့ဘက်ကမ်းတာမှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသောတာဖြစ်ပြီး မိုးညိုမြို့နယ်၊ ဘုရားကြီးကုန်းမှ စတင်ကာ မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်စပ် ထိန်တောမှ ဇလွန်မြို့နယ်စပ် ပေါက်ကုန်း ကျေးရွာအထိ အလျား(၂၇)မိုင် (၆)ဖာလုံဖြင့် ဧရာဝတီမြစ်ရေဘေးကာကွယ်ရန် တည်ဆောက်ထားခဲ့ပါသည်။ မြစ်မခမြစ်အနောက်ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ခမုံ-ညောင်ပင်သာတာ အလျား (၆)မိုင်၊ ခမုံ-ဆင်လမ်းတာ အလျား(၇)မိုင်၊ အသရော်အိပ်လဟာတာ (၆. ၅)မိုင်နှင့် မြစ်မခမြစ် အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများဖြစ်သော ကျီးပင်ဆိပ်-အိုးဘိုတန်းတာ အလျား(၅)မိုင်၊ မြင်ကဝ-ကျောက်အိုင်တာ အလျား(၇)မိုင်နှင့် ဖိုးကတိုးတာ(လက်ပံတန်း)အလျား(၄. ၃၈)မိုင်၊ ဖိုးကတိုးတာ (သာယာဝတီ)အလျား (၄. ၅)မိုင်တို့မှာလည်း ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော တာများဖြစ်ပြီး မြစ်မခမြစ်ရေဘေး ကာကွယ်ရန် တည်ဆောက်ထားရှိခဲ့ပါသည်။

ဧရာဝတီအရှေ့ဘက်ကမ်းတာ ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းဖြင့် လက်ပံတန်းမြို့နယ်အတွင်းရှိ လယ်မြေ(၄၆၂၉၇)ဧကနှင့် မြစ်မခမြစ်ရေကာတာ ပြုပြင်တည်ဆောက်ပေးခြင်းအားဖြင့် လယ်မြေ (၄၂၉၃၅)ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

(၂၀၁၅)ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရိုးတလျှောက်ရှိ မြို့ကြီးများတွင် (၂၀၁၅)ခုနှစ်၊ ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအတွင်း ရေကြီး

နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့နှင့် မိုးညိုမြို့နယ်များတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပါသည်။ မိုးညိုမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် (၅၂. ၆)ပေကို ကျော်လွန်၍ (၅၉. ၆)ပေထိ (၇)ပေမြင့်တက်ခဲ့ပြီး (၂၅)နှစ်တာ ကာလအတွင်း အမြင့်ဆုံးသို့ တက်ရောက်ခဲ့ပါသည်။

သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမှာ စိုးရိမ်ရေမှတ်အထက် (၇)ပေခန့် ထူးကဲမြင့်တက်မှုကြောင့် တာတမံများတွင် ထူးပေါက်များဖြစ်ပေါ်ခြင်း၊ လှိုင်းပုတ်၍ တာပဲ့ခြင်း၊ တာအိလျှောခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ရေခွေခြင်း၊ မြေအိတ် ဆင့်ခြင်း၊ တာပဲ့မှုအား တုတ်တန်းရိုက်၊ မြေအိတ်ချခြုံစည်းဖြည့်ကာကွယ်ခြင်း၊ တာအိလျှောခြင်းအား တုတ်တန်းရိုက်၍ မြေအိတ်ဆင့် ကာကွယ်ခြင်းနှင့် မြေအိတ်သဲအိတ်တို့ဖြင့် တာခြေထောက် (Banquette) ပြုလုပ်ပေးရခြင်းများစသည့် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရပါသည်။

လတ်တလောဆောင်ရွက်ထားရှိမှုအနေဖြင့် မြစ်မခမြစ်အရှေ့ဘက်ကမ်းတာများဖြစ်သော ကျီးပင်ဆိပ်-အိုးဘိုတန်းတာ၊ မြင်ကဝ-ကျောက်အိုင်တာနှင့် ဖိုးကတိုးတာတို့တွင် မိုးရာသီ ရေကျော်ကျိုးပေါက်မှုနေရာများ ပိတ်ဖို့ခြင်းလုပ်ငန်း (တာပြင်ခြင်းလုပ်ငန်း)အား (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေ (BE) (ပထမ(၃)လပတ်)ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ ကျီးပင်ဆိပ်-အိုးဘိုတန်းတာ ကျိုးပေါက် ပိတ်ဖို့ခြင်းလုပ်ငန်းအား (၃. ၅. ၂၀၁၆)ရက်နေ့မှစ၍ လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိရာ (၁၄. ၅. ၂၀၁၆)ရက်နေ့အထိ (၅%)၊ မြင်ကဝ-ကျောက်အိုင်တာ ကျိုးပေါက်ပိတ်ဖို့ခြင်းလုပ်ငန်းအား (၃. ၅. ၂၀၁၆)ရက်နေ့မှ စ၍ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိရာ (၁၄. ၅. ၂၀၁၆)ရက်နေ့အထိ (၅၀%)နှင့် ဖိုးကတိုးတာကျိုးပေါက်များ ပိတ်ဖို့ခြင်းလုပ်ငန်းအား (၃. ၅. ၂၀၁၆)ရက်နေ့တွင် လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ (၁၄. ၅. ၂၀၁၆)ရက်နေ့အထိ (၇၅%)ဆောင်ရွက်ပြီးဖြစ်ပြီး ကျန်လုပ်ငန်းများအား မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အတူ မြစ်မခမြစ် အနောက်ဘက်ကမ်းတာဖြစ်သော ခမုံ-ညောင်ပင်သာ ဆင်လမ်းတာမိုင်(၁၃)မိုင်ရှိသည့်အနက် (၀/၀ မှ ၈/၀) အထိ အလျား(၈)မိုင် တာပုံစံကျ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းအား (၃. ၅. ၂၀၁၆)ရက်နေ့မှ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိရာ (၁၄. ၅. ၂၀၁၆)ရက်နေ့အထိ (၈%) ဆောင်ရွက်ပြီးဖြစ်ပြီး ကျန်လုပ်ငန်းများအား မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီ အရှေ့ဘက်ကမ်းတာ တာနိမ့်ခြင်း၊ ထူးပေါက်ခြင်း၊ တာလုံးသေးခြင်းများ ပြုပြင်ရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)မှ (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် တာတမံတောင့်တင်းခိုင်မာရေး လုပ်ငန်းခေါင်းစဉ်အောက်မှ ပထမ (၃)လပတ်တွင် ရန်ပုံငွေကျပ်(၄၀၀. ၀၀၀)သန်းရရှိပြီးဖြစ်ပါသည်။ အဆိုပါရရှိထားသော ရန်ပုံငွေဖြင့် တာတမံ၏ တာလုံးသေး၊ တာနိမ့်၊ ထူးပေါက်နေရာများအား မူလတာဟောင်းအတိုင်း ပြန်လည်ပြုပြင်ရန် အတွက် အလျား(၇. ၀၁)မိုင် မြေကြီး (၇၆၉၂၃)ကျင်း ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းစတင်နိုင်ရန် စက်ယန္တရားများ ရွှေ့ပြောင်းသယ်ယူခြင်း ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိပြီးသော စက်ယန္တရားများဖြင့် လုပ်ငန်းများစတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့်

တာ(၅)ပေမြှင့်တင်ခြင်းလုပ်ငန်းများမှာ-

- ဧရာဝတီအရှေ့ဘက်ကမ်း တာမိုင်(၄/၄မှ ၂၇/၆)အတွင်း အလျား(၂၃. ၂၅)မိုင်၊ မြေကြီး(၈၀၇၃၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၄၈၄၃. ၈၀၀)သန်း၊
- ခမုံ-ညောင်ပင်သာဆင်လမ်းတာမိုင်(၈/၀မှ၁၃/၀)အထိ အလျား(၅)မိုင်၊ မြေကြီး(၁၂၂၅၀၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၇၃၅. ၁၃၀)သန်း၊
- ကျီးပင်ဆိပ်-အိုးဘိုတန်းတာ မိုင် (၂/၀ မှ ၇/၀)အထိ အလျား(၅)မိုင်၊ မြေကြီး(၁၁၃၆၀၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၆၈၁. ၉၁၂)သန်း၊
- မြင်ကဝ-ကျောက်အိုင်တာမိုင်(၀/၀မှ၇/၀)အထိ အလျား(၇)မိုင်၊ မြေကြီး(၁၅၆၇၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၉၄၀. ၂၆၆)သန်းနှင့်
- ဖိုးကတိုးတာမိုင်(လက်ပံတန်း)(၀/၀ မှ ၄/၃)အထိ အလျား(၄. ၃၈)မိုင်၊ မြေကြီး (၉၀၂၀၀) ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၅၄၁. ၃၀၂)သန်း၊
- ဖိုးကတိုးတာမိုင်(သာယာဝတီ)(၄/၃ မှ ၈/၇)အထိ အလျား(၄. ၅)မိုင်၊ မြေကြီး (၉၃၈၂၃) ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၅၆၃. ၀၀၀)သန်းဖြစ်ပါသည်။

အမှတ်စဉ် (၁)ပါ လုပ်ငန်းဖြစ်သော လက်ပံတန်းမြို့နယ်၊ ဧရာဝတီအရှေ့ဘက်ကမ်းတာ အခိုင်အမာပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအောက်မှ (တာမိုင် ၄/၄ မှ ၂၇/၆ အတွင်း)အလျား(၂၃. ၂၅)မိုင် ရှိသည့်အနက် အထူးအလေးပေး ဆောင်ရွက်ရမည်ဖြစ်သော အလျား(၁၃. ၇၅)မိုင်အား (၂၀၁၆-၂၀၁၇)ခုနှစ် ပြည်ထောင်စု ရန်ပုံငွေ(ငွေလုံးငွေရင်း) တာတမံ တောင့်တင်းခိုင်မာရေး ခေါင်းစဉ်အောက်မှ ဆောင်ရွက်မည့် အလျား (၁၃. ၇၅)မိုင်၊ မြေကြီး(၂၆၂၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၃၃၉. ၂၀၀)သန်းဖြင့် ရန်ပုံငွေ တင်ပြတောင်းခံထားပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် အမှတ်စဉ် (၂) မှ အမှတ်စဉ် (၅) အထိ တာ (၅) ပေ မြှင့်တင်ခြင်း လုပ်ငန်းများအား (၂၀၁၆-၂၀၁၇) ခုနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေ (RE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် လက်ပံတန်းမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများအတွက် လိုအပ်ရန်ပုံငွေများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြတောင်းခံထားရာ ရန်ပုံငွေရရှိပါက လုပ်ငန်းများ အမြန်ဆောင်ရွက်မည်ဖြစ်ပြီး ရန်ပုံငွေမရရှိခဲ့ပါက ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။ (၂၀၁၅)မိုးရာသီအတွင်း ရေကြီးခြင်းမျိုး ဖြစ်ပေါ်ခဲ့ပါက မပြုပြင်ရသေးသော ရေဘေးကာကွယ်ရေး တာများအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်း၍ ကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာရှိ အလျား(၃)မိုင်ခန့်ရှိသော အလယ်ပျော့ချောင်း ရေနုတ်မြောင်းသည် တိမ်ကောလျှက်ရှိ၍ အနက်(၆)ပေ၊ အကျယ်(၁၈)ပေခန့် ပြန်လည် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာအုပ်စုရှိ အလယ်ပျော့ချောင်းမှာ ကုလားချောင်းကြီး-ခလပ်စု ရေနုတ်မြောင်းမှ စတင်စီးဆင်းလာပြီး ကုလားချောင်းကြီး ကျေးရွာ အနောက်ဘက်မှ ဖြတ်သန်း၍ ကွင်းလျားရှည်ချောင်းအတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ အဆိုပါချောင်းမှာ တိမ်ကောလျှက်ရှိပြီး ရေစီးရေလာ ကောင်းမွန်ခြင်းမရှိသည့်အတွက် ကုလားချောင်းကြီးကျေးရွာနှင့် ဝဲပြန်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၁၂၀၀)ခန့်မှာ ရေကြီးနစ်မြုပ်မှုနှင့် ကြုံတွေ့နေရပါသည်။

အလယ်ပျော့ချောင်းအား ပြန်လည်တူးဖော်ပေးခြင်းဖြင့် ရေဆွဲအားကောင်းမွန်လာမည်ဖြစ်ပြီး လယ်မြေဧက(၁၂၀၀)ကျော်အား ရေနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ အလယ်ပျော့ချောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား (၃) မိုင်၊ မြေကြီး(၁၉၉၅၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၄၄. ၁၀၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအား (၂၀၁၆-၂၀၁၇) ခုနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေ (RE)တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်တို့တွင် စစ်တောင်းမြစ်ဝ ကမ်းပါးပြိုသည့် ကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပေါင်းလောင်းမြစ်နှင့် ခပေါင်းချောင်းတို့ ပေါင်းစည်းမှုကြောင့် ဖြစ်တည်လာသော စစ်တောင်းမြစ်သည် မုတ္တမပင်လယ်ကွေ့သို့ စီးဝင်ရာ၌ ရေစီးရေလာကြမ်းတမ်းမှုနှင့် ဒီရေအတက်/အကျတို့ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ် တို့တွင် မြစ်ရေတိုက်စားမှု၊ ကမ်းပါးပြိုကျမှုတို့ဖြစ်ပေါ်ခဲ့ပြီး ပြည်သူအများ၏ အိုးအိမ်၊စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် လယ်ယာမြေများ ပျက်စီးခြင်းတို့ ကြုံတွေ့နေရပါသည်။

သနပ်ပင်မြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၌ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ၂၀၁၅-၂၀၁၆ခုနှစ်တွင် ကွင်းပေါင်း(၈)ကွင်း၊ ဦးပိုင်ပေါင်း(၇၆)ဦးပိုင်၊ တောင်သူပေါင်း(၇၃)ဦး၊ ဧရိယာ(၆၅၈)ဧကရှိ လယ်မြေများ ကမ်းပြိုခဲ့ပါသည်။

ကမ်းပြိုကျေးရွာအုပ်စု၌ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ကွင်းပေါင်း(၂)ကွင်း၊ ဦးပိုင်ပေါင်း(၉၀)၊ တောင်သူပေါင်း(၁၁၇)ဦး၊ ဧရိယာ(၃၀၆)ဧက ကမ်းပြိုခဲ့ပြီး ၄င်း ၂၀၀၉-၂၀၁၀ခုနှစ်မတိုင်မီ ကမ်းပြိုမှုများ မရှိခဲ့ကြောင်း ဖြေကြားအပ်ပါသည်။

ရွှေအိုးကျေးရွာအုပ်စု၌ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ကွင်းပေါင်း(၂)ကွင်း၊ ဦးပိုင်ပေါင်း(၁၈၄)ဦးပိုင် တောင်သူပေါင်း(၅၀)ဦး၊ ဧရိယာ(၁၆၄၂)ဧကရှိ လယ်မြေများ ကမ်းပြိုခဲ့ပါသည်။

သနတ္တန်းကျေးရွာအုပ်စု၌ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကွင်းပေါင်း(၇)ကွင်း၊ ဦးပိုင်ပေါင်း(၇၂)ဦးပိုင်၊ တောင်သူပေါင်း(၆၉)ဦး၊ ဧရိယာ (၂၅၂)ဧကရှိ လယ်မြေ၊ ၂၀၁၂-၂၀၁၃ခုနှစ်တွင် ကွင်းပေါင်း(၄)ကွင်း၊ ဦးပိုင်ပေါင်း(၃၂)ဦးပိုင်၊ တောင်သူပေါင်း(၁၉)ဦး၊ ဧရိယာ (၈၉)ဧကရှိ လယ်မြေများ ကမ်းပြိုခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ခုနှစ် အထိ ကွင်းပေါင်း(၇)ကွင်း၊ ဦးပိုင်ပေါင်း(၁၀၄)ဦးပိုင်၊ တောင်သူပေါင်း(၈၈)ဦး၊ ဧရိယာ (၃၄၁)ဧကရှိ လယ်မြေများ ကမ်းပြိုခဲ့သော်လည်း ၄င်း ၂၀၁၃-၂၀၁၄ခုနှစ်နောက်ပိုင်းတွင် ကမ်းပြိုမှုများ မရှိခဲ့ကြောင်း ဖြေကြားအပ်ပါသည်။

ကသစ်ခုံကျေးရွာအုပ်စုတွင် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ၂၀၁၅-၂၀၁၆ခုနှစ်တွင် ကွင်းပေါင်း(၅)ကွင်း၊ ဦးပိုင်ပေါင်း(၅၀၁)ဦးပိုင်၊ တောင်သူပေါင်း(၃၅၇)ဦး၊ မြေဧရိယာ(၄၁၉၈) ဧကရှိ လယ်မြေများ ကမ်းပြိုခဲ့ပါသည်။

လက်ရှိကမ်းပါးပြိုကျမှု ပြင်းထန်စွာခံစားနေရသည့် ကသစ်ခုံရွာဟောင်းအား ကျေးရွာပြောင်းရွှေ့ ရွာတည်ရန်အတွက် ကျွဲဖြူချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၂)၊ ကသစ်ပင်တောင်ကွင်းရှိ ဧရိယာ(၃၁. ၂၄)ဧကတွင် လျာထားဆောင်ရွက်လျှက်ရှိပါသည်။ သို့သော် တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ရန်ရှိသော်လည်း ကသစ်ခုံကျေးရွာ ဒေသခံများအနေဖြင့် ကျေးရွာ(အသစ်)လျာထားဆောင်ရွက်မည့်လုပ်ငန်းများကို ကသစ်ခုံ ကျေးရွာသူ/ရွာသားများ၏ ဆန္ဒ သဘောထားများ ညီညွတ်မှုမရှိသဖြင့် စည်းရုံးဆောင်ရွက်လျှက်ရှိကြောင်း ဖြေကြားအပ်ပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးတို့ လိုက်ပါဆောင်ရွက်ခဲ့သော ကသစ်ခုံကျေးရွာသို့ ကွင်းဆင်း စစ်ဆေးသည့် (၂၄-၄-၂၀၁၆)ရက်နေ့ခရီးစဉ်တွင် ဝန်ကြီးချုပ်မှ ကသစ်ခုံကျေးရွာအတွက် လိုအပ်သော သောက်သုံးရေများ ကျေးရွာရွှေ့ပြောင်းစရိတ် သိန်း(၅၀)နှင့် အခြားထောက်ပံ့မှုများကို ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သော အခက်အခဲများကိုပါ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီထောက်ပံ့ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းကို ကသစ်ခုံရွာသူ/ရွာသားများအား စည်းရုံးပြောကြားခဲ့ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ ထို့အပြင် ပဲခူးခရိုင်အတွင်း (၈)မြို့နယ် ရှိသည့်အနက် ဝေါ၊ သနပ်ပင်၊ ကဝစသည့် မြို့နယ်များမှာ စစ်တောင်းမြစ်ဘေးရှိ ကျေးရွာများသည် ရေမြေသဘောသဘာဝအရ အနိမ့်ပိုင်းဖြစ်သည့် အလျောက် နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ ကမ်းပြိုမှုများကို ရှေးယခင် ဆယ်စုနှစ်များကပင် နှစ်စဉ်နှစ်တိုင်း သဘာဝအလျောက် ကြုံတွေ့လျှက်ရှိသော ဒေသများဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေတောင်မြို့နယ်၊ လမိုင်း ကျေးရွာအုပ်စုရှိ မီးသွေးချောင်းတံတားဟောင်း အရှည်(၁၀၀)ပေ၊ အနက် (၃၀)ပေ နေရာတွင် တံတားအသစ်တစ်စင်း ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် လမိုင်းကျေးရွာအုပ်စုရှိ မီးသွေးချောင်းတံတားသည် လွန်ခဲ့သော(၁၅)နှစ်ခန့်ကတည်းက လုံးဝပျက်စီးခဲ့ပါသည်။ ၎င်းတံတား၏ အရှည်ပေမှာ (၁၀၀)၊ အနက်မှာ ပေ(၃၀)ရှိပါသည်။ ၎င်းတံတားသည် ညောင်စာရေး၊ တရုတ်မှော်နှင့် မိုးညိုမြို့နယ်သို့ ဆက်သွယ်သော ခရိုင်ချင်းဆက်လမ်းပေါ်တွင် တည်ရှိပါသည်။ ဒေသခံပြည်သူများအနေဖြင့် ၎င်းတံတားကို ပြန်လည်မပြုပြင်တော့ဘဲ၊ ၎င်းတံတားအထက်ဖက် ချောင်းကျဉ်းသောနေရာတွင် ကိုယ်ထူကိုယ်ထ တံတားငယ်(၁)စင်း ဆောက်လုပ်၍ သွားလာနေရပါသည်။ ၎င်းတံတားငယ်သည်လည်း ကုန်တင်ကားများသွားသည့်အခါ ကြံ့ခိုင်မှုအားနည်းနေပါသဖြင့် ယခင်တံတားဟောင်းနေရာတွင် တံတားအသစ်(၁)စင်း ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် အခြားသောမြို့ရွာများတွင် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ သောက်သုံးရေအခက်အခဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေတိုရေရှည် စီမံချက်များဖြင့် မည်သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"သနပ်ပင်မြို့နယ်၊ သနတ္တန်း နှင့် ဝေါမြို့နယ် ဝင်းကဒတ်လမ်းအလျား (၃၃၀၀)ပေ အကျယ်(၇)ပေ မြေသားလမ်းအား ဂဝံလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်**

**ပေးနိုင်ခြင်း ရှိ/မရှိနှင့် သနပ်ပင်မြို့နယ် ကျုံပါချောင်းဝနှင့် ဝေါမြို့နယ် ကတွတ်ကျေးရွာမြို့နယ်ချင်းဆက်လမ်း အကျယ်(၁၂)ပေ၊ အရှည် (၃မိုင်၁ဖာလုံ)နှင့် ပေ(၁၀၀)ဖောက်လုပ်ခဲ့ပြီး ဂဝံလမ်းအဆင့်ဖြစ်ရန် ရံပုံငွေချထားပေးပြီးဖြစ်သော်လည်း လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်း မရှိပါ၍ ၎င်းလမ်းအား ပြီးစီးအောင် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ သနပ်ပင်မြို့နယ်သည် မိုးအခါတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ပြီး နွေအခါတွင် သောက်သုံးရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည့် မြို့နယ်တစ်ခုဖြစ်ပါသည်။

ယခုနှစ်တွင် သစ်တောများ ပျက်စီးမှု၊ အယ်လ်နီညိုရာသီဥတုနှင့် ပြောင်းလဲလာသော ဂေဟစနစ်များကြောင့် သောက်သုံးရေရှားပါးမှု ပြဿနာပိုမိုကြုံတွေ့နေရပါသည်။

သနပ်ပင်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာပေါင်း(၉၉)ရွာ ရှိသည့်အနက် (၂၀၁၆)ခုနှစ် မတ်လ ဒုတိယအပတ်တွင်ကျေးရွာပေါင်း(၁၆)ရွာ၊ မတ်လကုန်တွင် ကျေးရွာပေါင်း (၃၀)ရွာ၊ ဧပြီလ ဒုတိယအပတ်တွင်ကျေးရွာပေါင်း(၄၄)ရွာ၊ ယခုဧပြီလကုန်တွင် (၇၁)ရွာ၊ သောက်သုံးရေ ပြတ်လပ်မှုများဖြစ်ပေါ်နေပြီး ကျန်သည့်ရွာများတွင်လည်း မေလဆန်းမှ မေလကုန်အထိ သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်နိုင်ပါသည်။

သောက်သုံးရေပြတ်လပ်မှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ (ဥပမာ -ဝမ်းပျက်၊ ဝမ်းလျှောခြင်းနှင့် အရေပြားရောဂါများရရှိနိုင်ခြင်း)၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး၏ အဓိကဖြစ်သော ကလေးငယ်များ၏ ကျန်းမာရေးကိုယ်ရည်ကိုယ်သွေးထိခိုက်နိုင်ခြင်းတို့ ဖြစ်မည်ကို ထင်ရှားစွာတွေ့ရှိရပါသည်။

သောက်သုံးရေပြတ်လပ်မှုမှာ သနပ်ပင်မြို့နယ်(၁)မြို့နယ်တည်းသာမဟုတ်ဘဲ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြားသောမြို့ရွာများတွင်လည်းဖြစ်ပေါ်နေပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများ၏ သောက်သုံးရေအခက်အခဲကို ရေတို၊ ရေရှည်စီမံချက်များဖြင့် မည်သို့ဖြေရှင်းဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်းမေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်ဆက်သွယ်လျှက်ရှိသော လမ်းများဖြစ်သည့် (၁) သနပ်ပင်မြို့နယ်၊ သနတ္တန်းနှင့် ဝေါမြို့နယ် ဝင်းကဒတ်လမ်းအား ပြည်သူများမှ ကိုယ်ထူကိုယ်ထဖြင့် အလျားပေ ၃၃၀၀၊ အကျယ်ပေ ၇ ပေ မြေသားလမ်းဖောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။

သို့ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေသားလမ်းမှ ဂဝံလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်

ပေးနိုင်ခြင်း ရှိ မရှိနှင့် သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝနှင့် ဝေါမြို့နယ်ကတွတ်ကျေးရွာ မြို့နယ်ချင်းဆက် လမ်းအား ယခင်အစိုးရလက်ထက်မှ အကျယ် ၁၂ ပေ၊ အရှည် ၃မိုင် ၁ဖာလုံနှင့် ပေ ၁၀၀ ဖောက်လုပ်ခဲ့ပြီး ဂဝံလမ်းအဆင့်ဖြစ်ရန် သတ်မှတ်ရန်ပုံငွေချထားပြီးဖြစ်သော်လည်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက် ခဲ့ခြင်း မရှိပါ။

သို့ပါ၍ နိုင်ငံတော်၏ငွေကြေးများ ပြည်သူ့အကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အထက်ပါလမ်းပြီးစီးအောင် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်သည့် အစီအစဉ် ရှိ မရှိ သိရှိလိုပါကြောင်းမေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာတွင် ၂၀၁၆-၂၀၁၇ရာသီ၌ ကမာဖရုံအင်း(ကရင်ချောင်း)အား လုပ်ပိုင်ခွင့် ချပေး/ မပေး သိရှိလိုကြောင်း "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာ၊ ကမာဖရုံ ကျေးရွာ ကရင်ချောင်းဒေသတွင် ဆည်မြောင်းဦးစီးဌာနမှ တောင်သူလယ်သမား၏ လယ်မြေများ ရေကြီးနစ်မြုပ်ဘေးမှ ကာကွယ်ရန် ရေနုတ်တူးမြောင်း ဖောက်လုပ်ပေးထားခဲ့ပါသည်။ ၎င်းတူးမြောင်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ကမာဖရုံအင်းကို လေလံချ လုပ်ကိုင်စေခဲ့ပါသဖြင့် (၂၀၁၄-၂၀၁၅)ခုနှစ်တွင် တောင်သူလယ်သမားများမှ မခံမရပ်နိုင်၍ တိုင်းဒေသကြီး အစိုးရထံ တင်ပြတိုင်တန်းခဲ့ရာ ၎င်းအင်းအား ရပ်ဆိုင်းစေခဲ့ပါသည်။ (၂၀၁၅-၂၀၁၆)ခုနှစ်တွင် တစ်ဖန် ၎င်းအင်းထပ်မံလုပ်ဆောင်သဖြင့် တောင်သူ လယ်သမားမှ ထပ်မံတိုင်တန်းခဲ့၍ ရပ်ဆိုင်းသွားခဲ့ပါသည်။ ယခု (၂၀၁၆-၂၀၁၇)ခုနှစ် ရာသီတွင်လည်း ယခင်နှစ်များနည်းတူ အင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည်ဆိုပါက တောင်သူလယ်သမား၏ ဆုံးရှုံးမှုများနှင့် ထပ်မံကြုံတွေ့ရဦးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ရာသီတွင် ကမာဖရုံအင်း (ကရင်ချောင်း)အား လုပ်ပိုင်ခွင့်ချပေး မပေး သိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"စိုက်ပျိုးရေး ဘဏ်၏ ချေးငွေအား စိုက်ပျိုးရာသီကာလမတိုင်မီ ဆောလျင်စွာထုတ်ချေးပေးနိုင်ခြင်း ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)** ။ ။ ပဲခူးတိုင်းဒေသကြီးသည် လယ်ယာလုပ်ကိုင်စားသောက်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ လယ်သမားများစွာရှိသော တိုင်းဒေသကြီးဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးအတွက် ဆန်/စပါး ထွက်ရှိအားထားရာတိုင်းလည်း ဖြစ်ပါသည်။ လယ်ယာလုပ်ကိုင်သော တောင်သူလယ်သမားများ၏ ရင်းနှီးမြှုပ်နှံရသော အရင်းအနှီးမှာ များပြားသဖြင့် တောင်သူများသည် ထိုရင်းနှီးမြှုပ်နှံမှုအပေါ်တွင် အခက်အခဲများစွာကို ကျော်လွှားရပါသည်။

ထိုသို့ လယ်ယာလုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်ရန် ပြင်ပမှ ငွေတိုးကြီးများဖြင့် ရယူဖြေရှင်းကြရပါသည်။ ထို့အတွက် မိမိတောင်သူများ၏ ဝင်ငွေအပေါ် အကျိုးအမြတ် နည်းစေခြင်းကြောင့် တောင်သူများမှာ ဆင်းရဲဒုက္ခ မလွတ်မြောက်နိုင်ဘဲ အကြွေးဝဲလည်နေရပါသည်။

ထိုကဲ့သို့သော တောင်သူများ၏ရင်းနှီးမြှုပ်နှံမှုအခက်အခဲကို နှစ်စဉ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးထားပါသည်။ နိုင်ငံတော်၏ စီမံချက်သည် တောင်သူ လယ်သမားများအတွက် အားထားရာ စိုက်ပျိုးစရိတ်ချေးငွေဖြစ်ပါသည်။ သို့ရာတွင် ထိုထက်ပိုမို ထိရောက် စေရန် စိုက်ပျိုးရေးဘဏ်များ၏ ချေးငွေအား စိုက်ပျိုးရာသီကာလမရောက်မီ ဆောလျင်စွာ ထုတ်ချေး ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါ၍ ထိုချေးငွေအား ဆောလျင်စွာ ထုတ်ချေးပေးနိုင်ခြင်း ရှိ မရှိ သိရှိလို ပါကြောင်း သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အရှေ့ဘက်ကံကလေးမှ ရေတွင်းကုန်းပါ ကျေးရွာ(၄)ရွာသို့ ဆက်သွယ်သည့် ရွာချင်းဆက်လမ်းမကြီး (ဖွံ့ဖြိုးရေးလမ်း)အား ကျောက်ချောလမ်း (သို့) ဂဝံလမ်းအပြည့် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **“ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုရှိ ချိန်းချောင်း အမှတ်(၃) သစ်သားတံတား အလျား(၁၁၈)ပေ၊ အမြင့်(၄၆)ပေ၊ အကျယ်(၁၅)ပေအား တံတားအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း များကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အရှေ့ဘက် ကံကလေး၊ ရေတွင်းကုန်း၊ ကျောင်းကုန်း၊ အင်းပရိ၊ ဒလဆိပ်ကျေးရွာများသို့ သွားသည့် ရွာချင်းဆက်လမ်းမကြီး(ဖွံ့ဖြိုးရေးလမ်း)သည် ပိန်းဇလုပ်မြို့မှ ရေတွင်းကုန်းရွာအဝင်အထိသာ ဂဝံခင်းလမ်းဖြစ်ပါသည်။ ရေတွင်းကုန်းရွာအဝင်မှစ၍ ရွာတွင်းဖြတ်လမ်း အပါအဝင် ဒလဆိပ်တာအထိ (၁)မိုင်(၆)ဖာလုံအရှည်ခန့် လမ်းပိုင်းမှ ဂဝံတစ်ဝက် တစ်ပျက် မြေသားလမ်း ဖြစ်ပါသည်။ ခင်းထားသည့် ဂဝံလမ်းပိုင်းမှာလည်း တစ်ချို့နေရာများတွင် ပျက်စီး နေပါသည်။ ရေတွင်းကုန်းကျေးရွာသည် အထက်တန်းကျောင်း(ခွဲ) ရှိသောရွာ ဖြစ်ပါသည်။ အဆိုပါ လမ်းမကြီးသည် ကံကလေးရွာ၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ အင်ကုန်းကျေးရွာအုပ်စု၊ ဒလဆိပ်ကျေးရွာ အုပ်စု၊ စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ ရွှေကျင်မြို့နယ်မှ ကျေးရွာများနှင့် ပိန်းဇလုပ်မြို့ကို ဆက်သွယ်သည့် အဓိကလမ်းမကြီး ဖြစ်ပါသည်။ ဖော်ပြပါ ကျေးရွာများမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည် ပို့ဆောင်ရေးအတွက် အားထားရာ လမ်းမကြီးဖြစ်သောကြောင့် ကျောက်ချောလမ်း (သို့) ဂဝံလမ်း အပြည့် ခင်းပေးရန် အစီအစဉ် ရှိ မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စုရှိ ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိ ဖွံ့ဖြိုးရေး လမ်းပေါ်၌ တည်ရှိသော ချိန်းချောင်းအမှတ်(၃) သစ်သားတံတားသည် အလျား(၁၁၈)ပေ၊ အမြင့်(၄၆)ပေ၊ အကျယ်(၁၅)ပေ ရှိပါသည်။ ယခုအခါ အဆိုပါသစ်သားတံတားသည် ယိုယွင်းပျက်စီး နေပြီး ကား၊ သုံးဘီး၊ လှည်း၊ ဆိုင်ကယ်များသွားလာ၍ မရတော့ဘဲ ပြိုကျတော့မည့် အခြေအနေဖြစ်နေပါသည်။ ယင်းတံတားသည် ရေတွင်းကုန်းကျေးရွာအုပ်စု အရှေ့ဘက်၌ရှိသော ဒလဆိပ်ကျေးရွာအုပ်စုနှင့် စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ ရွှေကျင်မြို့နယ်မှ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကိစ္စ၊ ကုန်စည် ပို့ဆောင်ရေးကိစ္စများသာမက ရေတွင်းကုန်းကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၏ သွားလာရေး၊ ပညာရေးကိစ္စများပါ မှီခိုအားထားနေရသည့် တံတားဖြစ်ပါသည်။ ပိန်းဇလုပ်မြို့နှင့်ဆက်သွယ်ရာ အဓိကလမ်းမကြီးပေါ်တွင်ရှိသည့် အဆိုပါယိုယွင်းပျက်စီးနေသော ချိန်းချောင်းအမှတ်(၃)တံတားအား ကောင်းမွန်ခိုင်ခံ့သည့် တံတားအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေတောင်မြို့နယ်၊ လမိုင်းကျေးရွာအုပ်စုရှိ မီးသွေးချောင်း တံတားဟောင်း အရှည်(၁၀၀)ပေ၊ အနက် (၃၀)ပေနေရာတွင် တံတားအသစ်တစ်စင်း ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရွှေတောင်မြို့နယ်၊ လမိုင်းကျေးရွာအုပ်စုရှိ မီးသွေးချောင်းတံတားမှာ နှစ်ကာလကြာမြင့်ပြီ ဖြစ်သောကြောင့် ဆွေးမြည့်ပျက်စီးနေ၍ဖျက်သိမ်းထားပါသည်။ ယခုအခါ ကျေးရွာသူ/သားများက ယာယီအသုံးပြုနိုင်ရန် ပေ(၄၀)အရှည်ရှိ သစ်သားတံတားဆောက်လုပ်အသုံးပြုလျှက်ရှိပါသည်။ အဆိုပါတံတားအား (၁၀၀'×၁၄'×၃၀') Bored Pile ကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ကုန်ကျငွေကျပ်(၁၅၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။အဆိုပါတံတားအား ကျေးရွာအုပ်စု (၈)အုပ်စု၊ ကျေးရွာ(၄၇)ရွာ၊ကျေးလက်နေပြည်သူ(၂၀၇၆၆)ဦး အကျိုးပြုသွားလာလျှက်ရှိပါသည်။ အဆိုပါ ကုန်ကျငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]**။ ။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် အခြားသောမြို့ရွာများတွင် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ သောက်သုံးရေအခက်အခဲကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရေတိုရေရှည် စီမံချက်များဖြင့် မည်သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း"**

မေးခွန်းနှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်တွင် ၂၀၁၆ ခုနှစ် မတ်လ၊ ဧပြီ၊ မေလအတွင်း အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာနိုင်သော ကျေးရွာ (၇၁)ရွာဖြစ်ပေါ်နိုင်ပါသည်။

ဖေဖော်ဝါရီလ နောက်ဆုံးအပတ်မှစတင်၍ သောက်သုံးရေပြတ်လပ်မှု ဆောလျင်စွာဖြစ်ပေါ်လာနိုင်သည့် ကျေးရွာ(၄)ရွာတွင် ဆည်မြောင်းလက်တံမှတဆင့် မြေသားရေကန်ထဲသို့ ရေကြိုတင် ဖြည့်သွင်းခြင်းကိုလည်းကောင်း၊ ကျေးရွာ (၇)ရွာတွင် ယာယီရေလှောင်ကန် (၇)ကန်ပြုလုပ်၍ ရေကြိုတင် ဖြည့်သွင်းခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

သနပ်ပင်မြို့နယ်တွင် ရေရှားပါးကျေးရွာများအား (၂၄. ၂. ၂၀၁၆)ရက်နေ့မှ စတင်ရေဖြန့်ဝေလျှက်ရှိရာ (၃၀. ၄. ၂၀၁၆)ရက်နေ့အထိ ကျေးရွာပေါင်း(၂၈)ရွာအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ NGOအဖွဲ့အစည်း၊ အလှူရှင်များနှင့် ပူးပေါင်း၍ ရေဂါလံပေါင်း (၃၀၅၈၀၀)ဂါလံ ဖြန့်ဝေပေးခဲ့ပါသည်။ ဆက်လက်၍မေလအတွင်း ကျေးရွာပေါင်း (၇၁)ရွာအား ရေဖြန့်ဝေပေးရန် လျာထားပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၆ ခုနှစ် မတ်၊ ဧပြီ၊ မေလအတွင်း အယ်လ်နီညိုရာသီဥတုကြောင့် မြို့နယ် (၂၀)မြို့နယ်၏ ကျေးရွာပေါင်း (၂၇၃)ရွာ သောက်သုံးရေရှားပါးပြတ်လပ်နိုင်သည်ဟု ခန့်မှန်းပါသည်။ အဆိုပါကျေးရွာများအား ဦးစီးဌာနမှ ကြိုတင်အသိပေးချက်များ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ အစီအမံများ ကြိုတင်ဖြန့်ဝေထားပြီး စက်သုံးဆီများစုဆောင်းကာ (၃၀. ၄. ၂၀၁၆)ရက်နေ့အထိ ရေပေးဝေပြီး (၈၂)ရွာနှင့် ဆက်လက်ရေပေးဝေရန် လျာထား (၂၇၃)ရွာဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးမှုဖြစ်ပေါ်နိုင်သော မြို့နယ် (၂၂)မြို့နယ်မှ ကျေးရွာပေါင်း (၃၂၉)ရွာအား တွင်းတိမ်၊ တွင်းနက်၊ မြေသားရေကန်များတူးဖော်ခြင်းလုပ်ငန်းများအား ရေရှည်ဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြထားရှိပြီးဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းသောက်သုံးရေရှားပါးမှုအား ဖြေရှင်းပေးနိုင်ရေးအတွက် မြို့နယ် (၁၉)မြို့နယ်မှ ရက် (၁၀၀)အတွင်း၌ ကျေးရွာပေါင်း (၁၃၀)ရွာတွင် တွင်းတိမ် (၁၁၅)တွင်း၊ လက်တူးတွင်းကျယ် (၁၅)တွင်းအား မူလရန်ပုံငွေဖြင့် ခွင့်ပြုငွေကျပ် (၅၂၇. ၅)သန်းဖြင့်လည်းကောင်း၊ မြို့နယ် (၄)မြို့နယ်တွင် ကျေးရွာ(၂၆)ရွာ၌ တွင်းဆေး၊ တွင်းမှုတ်ပြုလုပ်ခြင်းလုပ်ငန်း (၃၇)ခု၊ မြို့နယ် (၁၂)မြို့နယ်တွင် ကျေးရွာ (၄၉)ရွာ၌ မြေသားကန်အနက်နှိုက်ခြင်းလုပ်ငန်း (၁)ခုအား မွမ်းမံရန်ပုံငွေကျပ် (၃၆၂. ၅)သန်းဖြင့် ရေရှည်စီမံကိန်းများအား စတင်အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]။** ။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်၊ သနတ္တန်း နှင့် ဝေါမြို့နယ် ဝင်းကဒတ်လမ်း အလျား (၃၃၀၀)ပေ အကျယ်(၇)ပေ မြေသားလမ်းအား ဂဝံလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် သနပ်ပင်မြို့နယ် ကျုံပါချောင်းဝနှင့် ဝေါမြို့နယ် ကတွတ်ကျေးရွာ**

**မြို့နယ်ချင်းဆက်လမ်း အကျယ်(၁၂)ပေ၊ အရှည် (၃မိုင်၁ဖာလုံ)နှင့် ပေ(၁၀၀)ဖောက်လုပ်ခဲ့ပြီး ဂဝံလမ်းအဆင့်ဖြစ်ရန် ရံပုံငွေချထားပေးပြီးဖြစ်သော်လည်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ခဲ့ခြင်း မရှိပါ၍ ၎င်းလမ်းအား ပြီးစီးအောင် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်၊ သနတ္တန်းကျေးရွာနှင့် ဝေါမြို့နယ်၊ ဝင်းကဒတ်ကျေးရွာဆက်သွယ်ထားသော လမ်းပိုင်းအား ကျေးရွာနေပြည်သူများမှ ကိုယ်ထူကိုယ်ထဖြင့် မြေသားလမ်း အလျား (၃၃၀၀')၊ အကျယ် (၇')၊ အမြင့် (၃') ဖောက်လုပ်ထားပြီးဖြစ်သည်။ သနတ္တန်း-ဝင်းကဒတ်လမ်းပိုင်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက (၀/၅မိုင်×၇'×၉")အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂၀)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်ရေး တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝနှင့် ဝေါမြို့နယ်၊ ကဒွက်ကျေးရွာ မြို့နယ်ချင်းဆက်လမ်းအား ယခင်အစိုးရလက်ထက်မှ အကျယ် (၁၂')၊ အရှည် (၃/၁)မိုင်(မြေ+ဂဝံ) လမ်းဖောက်ရန် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ (၁၁၆. ၈၅)သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ကျုံပါချောင်းဝတံတား ထိပ်အနီး ကျန်ရှိနေသောလမ်းပိုင်းနှင့် ဂဝံလမ်းတစ်လျှောက်ဖြည့်စွက်ခင်းရမည့် နေရာများအား တစ်ပတ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာတွင် ၂၀၁၆-၂၀၁၇ရာသီ၌ ကမာဖရံအင်း(ကရင်ချောင်း)အား လုပ်ပိုင်ခွင့် ချပေး/ မပေး သိရှိလိုကြောင်း "** မေးခွန်းနှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်ရှိ ကရင်ချောင်းအင်းသည် ၁၉၀၅ခုနှစ်မှစတင်၍ ဂရန်အင်းအဖြစ် သတ်မှတ်တည်ရှိပြီး အင်းတစ်အင်းချင်းအလိုက်  စည်းကမ်းချက်သတ်မှတ်၍ နှစ်စဉ် လေလံရောင်းချခဲ့ရာ၂၀၁၅-၂၀၁၆ခုနှစ်အထိ ဖြစ်ပါသည်။ ကရင်ချောင်း အင်းဂရန် ဆွဲဝယ်လုပ်ကိုင်ရရှိသူများသည် ကရင်ချောင်း အင်းဂရန်၏ သနပ်ပင်မြို့နယ် ကမာဖရံကျေးရွာထိပ်တွင် အရှည်(၁၅၀)ပေခန့်ရှိ မြင်းဝန်းဆည်တစ်ခု ပြုလုပ်၍ အစဉ်အဆက် ငါးဖမ်းဆီးဆောင်ရွက်ခဲ့ကြပါသည်။ ကရင်ချောင်းအင်းအား နှစ်စဉ်လုပ်ကိုင်စဉ်က ဒေသခံတောင်သူများနှင့် ပြဿနာတစ်စုံတစ်ရာမှမရှိဘဲ စပါးခင်းများရေနစ်မြုပ်မှု မရှိခဲ့ပါ။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ စပါးခင်းများ၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ကရင်ချောင်းအင်း၏ အင်းရိုးချောင်းအတိုင်း အလျားအလိုက် တူးဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ တူးဖော်မှုကြောင့် မိုးရာသီကာလတွင် ကွင်းရေများ လျင်မြန်စွာကျဆင်းမှုကြောင့် ရေကြီးနစ်မြုပ်မှု မရှိတော့ပါ။ ၎င်းတူးမြောင်းမှ ရေများ၊ အနုတ်အသိမ်းမြန်ဆန်သဖြင့် ကရင်ချောင်းအင်း၏ အင်းငါးများ အခြားဂရံအင်းများသို့ လွတ်ထွက်မသွားစေရန် အင်းလုပ်ကိုင်သူမှ ငါးဖမ်းကိရိယာအမျိုးမျိုးဖြင့် ထိန်းချုပ်ရာတွင် ဒေသခံတောင်သူများမှ စပါးခင်း ရေကြီးနစ်မြုပ်မှာ စိုးရိမ်၍ တင်ပြတိုင်ကြားခြင်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ခုနှစ်တွင် ဒေသခံတောင်သူများ၏ တိုင်ကြားမှုကြောင့် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်း

ဌာနမှ အဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စေခဲ့ရာ ၄င်းအင်းအား ငါးဖမ်းကိရိယာ ပြောင်းလဲ၍ ငါးဖမ်းလုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။ ထိုသို့ သုံးသပ်အကြံပြုချက်ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ (၉-၉-၂၀၁၄) ရက်စွဲပါစာအမှတ် တငလ/အင်းအိုင်/၂၀၁၄(၂၀၁၃-၂၀၁၄)ဖြင့် မြင်းဝန်း ဆည်အစား ဒေသအခေါ် (ပထန်) ပိုက်မြင်းဝန်းအား ယင်းကျဲလက်စွယ်ကာရံ၍ ငါးဖမ်းဆောင်ရွက်ရန် ငါးဖမ်းကိရိယာ ပြောင်းလဲအသုံးပြုရန် ခွင့်ပြုပေးခဲ့ပါသည်။ ထိုသို့ ငါးဖမ်းကိရိယာပြောင်းလဲ၍ ငါးဖမ်းဆီးဆောင်ရွက်ခြင်းကြောင့် စပါးခင်းများ ရေကြီးနစ်မြုပ်မှုမရှိတော့ကြောင်း တွေ့ရှိရပါသည်။ အင်းလုပ်ငန်းကိုလည်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်း ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာနေ တောင်သူ(၇၅)ဦးမှ (၄-၈-၂၀၁၅) ရက်နေ့တွင် ကရင်ချောင်းအင်း၏ ငါးဖမ်းဆီးပြုလုပ်မှုကြောင့် ရေကြီးနစ်မြုပ်၍ လယ်မြေ(၅၀၀၀)ဧကခန့် နစ်မြုပ်လျှက်ရှိကြောင်း တင်ပြတိုင်ကြားချက်အပေါ် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ အဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးစေခဲ့ရာ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ (၆-၈-၂၀၁၅)ရက်နေ့နှင့် (၁၂-၈-၂၀၁၅) ရက်နေ့များတွင် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအရ ကရင်ချောင်းအင်းလုပ်ကိုင်သူသည် အင်းငါးဖမ်းလုပ်ကိုင်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေဆဲဖြစ်သည်ကို တွေ့ရှိရပြီး အင်းများ၊ ပိုက်များ ကာရံထားခြင်း မရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ကရင်ချောင်းအင်း ပတ်ဝန်းကျင်ရှိ သနပ်ပင်မြို့နယ် ကမာဖရံကျေးရွာရှိ အနိမ့်ပိုင်း စပါးစိုက်ခင်းများ ရေနစ်မြုပ်မှုမရှိဘဲ ချောင်းအတွင်းရေသည် (၃)ပေခန့်သာရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ကုန်းပိုင်းကျရောက်သည့် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာရှိ စပါးခင်းများလည်း ရေနစ်မြုပ်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ထို့အတူ ကရင်ချောင်းအင်း၏ အင်းငါးဖမ်းလုပ်ငန်းကိုလည်း ရပ်စဲခြင်းမရှိဘဲ ပြောင်းလဲသတ်မှတ်သည့် ငါးဖမ်းကိရိယာဖြင့် ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။

သနပ်ပင်မြို့နယ်ရှိ ကရင်ချောင်းအင်းအား ၂၀၁၆-၂၀၁၇ခုနှစ်တွင် အင်းလေလံ ရောင်းချခြင်း မပြုပါက သနပ်ပင်မြို့နယ်၏ အင်းခွန်ငွေလျာထားချက် ပြည့်မီကျော်လွန်အောင် မရရှိခြင်း၊ ငါးအထွက်နှုန်း ကျဆင်းသဖြင့် GDPထုတ်လုပ်မှုကျဆင်းခြင်း၊ အင်းဂရန်အား ထိန်းသိမ်းစောင့်ရှောက်မှုမရှိသဖြင့် အင်းပျက်စီးမှုများ ဖြစ်ပေါ်စေခြင်း၊ သယံဇာတထိန်းသိမ်းမှု မရှိတော့သဖြင့် ငါးထုတ်လုပ်မှု ထိခိုက်ကျဆင်းစေနိုင်ခြင်းတို့ ပေါ်ပေါက်စေနိုင်ပါသည်။ ထို့အပြင် အခြားမလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ကရင်ချောင်းအင်းအား ထိန်းသိမ်းမည့် ဂရန်ကိုင်မရှိသဖြင့် ငါးများ စည်းမဲ့ကမ်းမဲ့ဖမ်းဆီးသဖြင့် လူမှုရေးပဋိပက္ခများ ဖြစ်ပေါ်လာပြီး ဆက်လက်ချထား လုပ်ကိုင်ခွင့်ပြုပါက ရေစီးရေလာကောင်းမွန်စေရန်အတွက် အင်းချောင်းအတွင်း ပြောင်းလဲသတ်မှတ် ထားသည့် ငါးဖမ်းကိရိယာ သို့မဟုတ် ရေစီးရေလာကို အဟန့်အတား မဖြစ်စေသည့် ငါးဖမ်းကိရိယာ အမျိုးအစားသတ်မှတ်၍ လေလံတင်ရောင်းချပါက ဒေသခံတောင်သူများ၏ စပါးခင်းများ ရေနစ်မြုပ်မှု မရှိစေဘဲ နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်ငွေလည်း ရရှိနိုင်မည်ဖြစ်သဖြင့် အင်းကိုလည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသောကြောင့် ဆက်လက်၍ လေလံတင်ရောင်းချ လုပ်ကိုင်ခွင့် ပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“စိုက်ပျိုးရေးဘဏ်၏ ချေးငွေအား စိုက်ပျိုးရာသီကာလမတိုင်မီ ဆောလျင်စွာထုတ်ချေးပေးနိုင်ခြင်း ရှိ/မရှိ ”**မေးခွန်းနှင့် စပ်လျဉ်း၍မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဘဏ်ပိုင်မတည်ရင်းနှီးငွေမရှိပါ။ တောင်သူ များအားထုတ်ချေးရန် လိုအပ်သောစိုက်ပျိုးစရိတ်ချေးငွေအတွက် ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူရပါသည်။ စီးပွားရေးဘဏ်ချေးယူသောငွေကြေးသည် နိုင်ငံတော်ဘတ်ဂျက်ငွေကြေးမဟုတ်ပါ။ ပြည်သူများစုဆောင်းထားသော ပြည်သူပိုင်ငွေကြေးသာဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စီးပွားရေးဘဏ်မှချေးယူသော ငွေကြေးဖြင့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကိုထုတ်ချေးပါသည်။ တောင်သူများပြန်လည်ပေးဆပ်လာသောအခါ ၎င်းငွေကြေးကို စီးပွားရေးဘဏ်သို့ ပြည်လည်ပေးဆပ်ပြီး စီးပွားရေးဘဏ်မှ ချေးငွေအသစ်ပြန်လည်ရယူသည့်ဖြစ်စဉ်ဖြင့် ဆောင်ရွက်ရပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများအားစပါးသီးနှံရိတ်သိမ်းချိန် နိုဝင်ဘာ၊ ဒီဇင်ဘာလ များမှ နောင်နှစ်ဧပြီလ (၁၅)ရက်ထိ၊စပါးသီးနှံကိုဈေးကောင်းကောင်းဖြင့် အချိန်ယူရောင်းချပြီး လုံလောက်သော ချေးငွေပေးဆပ်ကာလကို ခွင့်ပြုပေးထားပါသည်။

စိုက်ပျိုးစရိတ်ချေးငွေကိုစိုက်ပျိုးချိန်အမီ ရ/မရသည်၊တောင်သူများ၏ ပေးဆပ်မှုအပေါ် အဓိက အခြေခံပါသည်။

၂၀၁၅-ခု မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေပေးဆပ်မှုအခြေအနေ

(ကျပ်သန်းပေါင်း)

| ပေးဆပ်ကာလ | ချေးငွေ | ဆပ်ငွေ | ကျန်ငွေ | ကောက်ခံရရှိမှုရာခိုင်နှုန်း |
|---|---|---|---|---|
| ၃၀. ၁၁. ၁၅ | ၂၁၃၅၁၀. ၄၂ | ၉၈၃. ၄၁ | ၂၁၂၅၂၇. ၀၁ | ၀. ၄၆% |
| ၃၁. ၁၂. ၁၅ | | ၄၄၇၉. ၆၃ | ၂၀၉၀၃၀. ၇၉ | ၂. ၁၀% |
| ၃၁. ၁. ၁၆ | | ၁၂၆၃၇. ၇၅ | ၂၀၀၈၇၂. ၆၇ | ၅. ၉၂% |
| ၂၉. ၂. ၁၆ | | ၂၅၇၉၈. ၆၉ | ၁၈၇၇၁၁. ၇၃ | ၁၂. ၀၈% |
| ၃၁. ၃. ၁၆ | | ၁၀၄၃၄၅. ၂၄ | ၁၀၉၁၆၅. ၁၈ | ၄၈. ၈၇% |
| ၃၀. ၄. ၁၆ | | ၁၁၉၀၇၉. ၉၅ | ၉၄၄၃၀. ၄၇ | ၅၅. ၇၇% |

နိုင်ငံတော်၏ရက်(၁၀၀)စီမံချက်နှင့်အညီ ၂၀၁၅-ခုမိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို (၁၆. ၄. ၂၀၁၆) နေ့အတွင်း အကျေပေးဆပ်ပြီးသောအစုအဖွဲ့များအား ၂၀၁၆-မိုးစပါးစိုက်ပျိုး စရိတ်ချေးငွေကို စိုက်ပျိုးချိန်အမီ မေလ (ဒုတိယ)အပတ်မှစတင်၍ ကြိုးပမ်းထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အရှေ့ဘက် ကံကလေးမှ ရေတွင်း ကုန်းပါ ကျေးရွာ(၄)ရွာသို့ ဆက်သွယ်သည့် ရွာချင်းဆက်လမ်းမကြီး (ဖွံ့ဖြိုးရေးလမ်း)အား ကျောက်ချောလမ်း (သို့) ဂဝံလမ်းအပြည့် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုတ်မြို့၊ အရှေ့ဘက် ကံကလေး၊ ရေတွင်းကုန်း၊ ကျောင်းကုန်း၊ အင်းပရိ ဒလဆိပ်ကျေးရွာများသို့သွားသည့် ရွာချင်းဆက်လမ်းမကြီး(ဖွံ့ဖြိုးရေးလမ်းမကြီး)သည် ပိန်းဇလုပ်မြို့မှ ရေတွင်းကုန်းရွာအထိသာ ဂဝံခင်းလမ်းဖြစ်ပါသည်။ ရေတွင်းကုန်းရွာအဝင်မှစ၍ ရွာတွင်းဖြတ်လမ်းအပါအဝင် ဒလဆိပ်တာအထိ (၁/၆)မိုင် အရှည်ခန့်လမ်းပိုင်းမှာ ဂဝံတစ်ဝက်တစ်ပျက် မြေသားလမ်း ဖြစ်ပါသည်။ ဂဝံခင်းထားသော တစ်ချို့အပိုင်းများမှာ ပျက်စီးလျှက်ရှိနေပါသည်။

ဎင်းလမ်းအား အရှည်(၁)မိုင်(၆)ဖာလုံ၊ အကျယ် (၁၂)ပေ၊ (၀)လက်မ၊ ထု (၀)ပေ၊ (၉)လက်မ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၇၅. ၇၇)သန်း ကုန်ကျမည်ဖြစ်ပြီး (သို့မဟုတ်) အရှည် (၁)မိုင် (၆)ဖာလုံ၊ အကျယ် (၁၀)ပေ၊ (၀)လက်မ၊ ထု (၀)ပေ၊ (၉)လက်မ ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါက ခန့်မှန်းကုန်ကျငွေကျပ် (၇၈. ၇၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်းအား ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၆၉၄)အိမ်၊ လူဦးရေ(၃၅၉၉)ဦး၊ အကျိုးပြု သွားလာလျှက်ရှိပါသည်။ အဆိုပါကုန်ကျငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်ရေး တင်ပြသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုရှိ ချိန်းချောင်း အမှတ်(၃) သစ်သားတံတား အလျား(၁၁၈)ပေ၊ အမြင့်(၄၆)ပေ၊ အကျယ်(၁၅)ပေအား တံတားအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** မေးခွန်းနှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စုရှိ ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိ ဖွံ့ဖြိုးရေးလမ်းပေါ်၌ တည်ရှိသော ချိန်းချောင်းအမှတ်(၃) သစ်သားတံတားသည် အလျား(၁၁၈)ပေ၊ အမြင့် (၄၆)ပေ၊ အကျယ် (၁၅)ပေရှိပါသည်။ ယခုအခါ အဆိုပါတံတားသည် ယိုယွင်းပျက်စီးနေပြီး ကား၊ သုံးဘီးဆိုင်ကယ်များ သွားလာရာတွင် အခက်အခဲများ ဖြစ်ပေါ်နေပါသည်။

ဎင်းတံတားအား အုတ်ခုံခံ ကွန်ကရစ်တံတား၊ (၁၂၀ပေ-၀လက်မ × ၁၅ပေ-၀လက်မ × ၂၀ပေ-၀ လက်မ) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၈၀)သန်း ကုန်ကျမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၃၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ နံနက်ပိုင်းကို (၁၂း၁၅)နာရီတွင် ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ်(၄)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပြည်မြို့နယ်၊ ရွှာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် ကျောင်းဈေးနှင့်အများပြည်သူအပန်းဖြေနားနေရန် ပန်းခြံများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပြည်မြို့နယ် ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် လူဦးရေများနေသော ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးရွာများတွင် ဘက်စုံသားဖွားဆရာမများ ထပ်မံတိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ရွှာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် မူလမြေပုံရေးဆွဲ သတ်မှတ်စဉ်ကာလက ကျောင်း၊ ဈေးနှင့် အများပြည်သူအပန်းဖြေနားနေရန် ပန်းခြံများပါဝင်ခဲ့ပါသည်။ ယခုအခါ တိုးတက်လာသော ကျောင်းသားဦးရေနှင့် လူဦးရေအရ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် ကျောင်း၊ ဈေးနှင့် ပန်းခြံတို့ လိုအပ်လာပါသည်။ ထို့ကြောင့် ပြည်မြို့နယ်၊ ရွှာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် ကျောင်း၊ ဈေးနှင့် အများပြည်သူအပန်းဖြေနားနေရန် ပန်းခြံများကို ပြုလုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန လက်အောက်တွင်ရှိသော ကျေးလက် ကျန်းမာရေးဌာနခွဲများတွင် ရွာများစွာ၊ လူဦးရေများစွာ ရှိနေသည့်အတွက်လည်းကောင်း၊ အချို့ရွာအချင်းချင်း ဆက်သွယ်ရေးခက်ခဲမှုကြောင့်လည်းကောင်း ကျေးလက်နေပြည်သူများမှာ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးဝန်ဆောင်မှုအား ခံစားခွင့်မရှိပါ။ ထို့အတွက်လူဦးရေများနေသော ကျေးလက်ကျန်းမာရေး ဌာနခွဲများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော

ကျေးရွာများတွင် ကျေးလက် ကျန်းမာရေးဌာနခွဲမှ ဘက်စုံသားဖွားဆရာမများ ထပ်မံတိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" အုတ်ဖိုမြို့နယ် နန္ဒင်းကုန်းအုပ်စု အ. မ. က ညောင်နီကုန်းကျောင်းမှာ ဟောင်းနွမ်းပျက်စီးနေ၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ အုတ်ဖိုမြို့နယ်၊ နန္ဒင်းကုန်း အုပ်စု၊ အ. မ. က ညောင်မြို့ကုန်းကျောင်းမှ ဟောင်းနွမ်းပျက်စီးနေရာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဇီးကုန်းမြို့နယ်၊ သက်န်ကျေးရွာအုပ်စု၊ အလယ်တန်းကျောင်းခွဲ သက်န်ရွာတွင် ပေ၁၂၀' × ၃၀' သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ဇီးကုန်းမြို့နယ်၊ တယ်ပင်ကန်ကျေးရွာအုပ်စု၊ နဂျီချောင်းအခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် (၁၂၀'× ၃၀') သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ သက်န်ကျေးရွာအုပ်စု၊ အလယ်တန်းကျောင်း(ခွဲ) သက်န်ရွာတွင် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ (၅၈)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ(၂၉)ဦး စုစုပေါင်း(၈၇)ဦး စာသင်ကြားလျှက်ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၄၀ပေ ၃၀ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်သာရှိပြီး ကျောင်း၏ အနောက်ဘက်အား အဖီထိုး၍ ဖြစ်သလို စာသင်ကြားနေရပါသည်။ ကျောင်းတက်ချိန်အား နှစ်သုတ်ခွဲတက်၍ သင်ကြားနေရပါသည်။ သို့ပါ၍ (၁၂၀ပေ×၃၀ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ တယ်ပင်ကန်ကျေးရွာအုပ်စု၊ နဂျီချောင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ (၇၁)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ(၇၄)ဦး စုစုပေါင်း(၁၄၅)ဦး စာသင်ကြားလျှက်ရှိပါသည်။ ကျောင်း၏ အဆောက်အဦမှာ (၆၀ပေ×၃၀ပေ) အုတ်ညှပ် သွပ်မိုးတစ်ထပ်၊ (၃၀ပေ×၂၃၀ပေ) သစ်သားဆောင် (ပျက်စီး/ခြေပျက်)ဖြစ်ပြီး ကျောင်းသားဦးရေနှင့် ကျောင်းဆောင် လုံလောက်မှုမရှိပါ၍ ကျောင်းတက်ချိန် နှစ်သုတ်ခွဲတက်နေရပါသည်။ သို့ပါ၍ လိုအပ်လျှက်ရှိသော ကျောင်းဆောင် (၁၂၀ပေ×၃၀ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းဆိပ်ကျေးရွာ ကျပ်သန်း(၆၀၀)တန်ဆေးရုံသစ် သောက်သုံးရေရရှိရေး အတွက် ဆေးရုံဝင်းအတွင်း၌သာ တူးဖော်ရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာအုပ်စု ကွင်းဆိပ်ကျေးရွာ ကျပ်သန်း(၆၀၀)တန် ဆေးရုံသစ်အတွက် သောက်သုံးရေရရှိရေးအတွက် ဆေးရုံဝန်းပြင်ပမှ သွယ်ယူဆောင်ရွက်မည်ဟု သိရပါသည်။ သို့ပါ၍ ဆေးရုံဝန်းအတွင်းမှသာ တူးသင့်ပါကြောင်း တင်ပြ မေးမြန်းခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနှင့် ပတ်သက်ပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းစီ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်၊ ရွာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် ကျောင်းဈေးနှင့် အများပြည်သူ အပန်းဖြေနားနေရန် ပန်းခြံများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်မြို့နယ်၊ ရွာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေနေရာမရှိပါသဖြင့် ဈေးနှင့်ပန်းခြံများ ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ် ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် လူဦးရေများ နေသော ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများတွင် ဘက်စုံသားဖွားဆရာမများ ထပ်မံတိုးချဲ့ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့် စပ်လျဉ်း၍ လူဦးရေ(၄၀၀၀)တွင်ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ထပ်မံတိုးမြှင့်ပေးရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာများနှင့် လူဦးရေများပြားသောနေရာများအတွက် ကျန်းမာရေးဌာနခွဲများ အသစ်တိုးမြှင့် ပေးလျက်ရှိပါကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဆိုပြုတင်ပြရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၏ (၇-၄-၂၀၁၄) ရက်စွဲပါစာအမှတ် ၊ ၁၆၂၃/ ပခတ-၂(ခ) ကမခွဲ/၂၀၁၄အရပြည်မြို့နယ်၊ မှော်ဇာကျေးလက်ကျန်းမာရေးဌာန၊ ရွှေတံခါးကျေးလက် ကျန်းမာရေးဌာနခွဲအောက်ရှိ ရွာ(၉)ရွာအား မှုတ်ရှည်ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ်သို့လည်းကောင်း မအူကျေးလက်ကျန်းမာရေးဌာနခွဲအောက်ရှိ ရွာ(၆)ရွာနှင့် နယ်မြေ(၂)ခုအား နဝဒေးကျေးလက်ကျန်းမာရေး ဌာနခွဲအဖြစ်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ရန် ကျန်းမာရေးဦးစီးဌာနသို့တင်ပြထားပါသည်။ ဝက်ထီးကန် တိုက်နယ်ကျန်းမာရေးဌာန ၊ သဲကြီးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် အင်းဝင်းကျေးရွာအား ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ်တိုးချဲ့ရန် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၏ (၁၅-၅-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၂၂၀၅/ပခတ-၂(ခ) ကမခွဲ/၂၀၁၅အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လည်းကောင်း တင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေး ဌာနခွဲအသစ်များတိုးမြှင့်နိုင်ရေး အတွက် ထပ်မံတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" အုတ်ဖိုမြို့နယ် နန္ဒင်းကုန်းအုပ်စု အ. မ. က ညောင်နီကုန်း ကျောင်းမှာ ဟောင်းနွမ်းပျက်စီးနေ၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ် နန္ဒင်းကုန်းအုပ်စု၊ အမက-ညောင်နီကုန်း ကျောင်းတွင် ကျောင်းသားဦးရေ (၃၃)ဦး ရှိပါသည်။ ဆရာအင်အားမှာ မူအုပ် (၁)ဦး၊ မူပြ (၄)ဦး၊ ထွေလုပ်(၁)ဦး၊ စုစုပေါင်း(၆)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၅၆ × ၃၂)ပေ တစ်ဆောင်ရှိပါသည်။ ကျောင်းအဆင့် တည်နေရာမှာ ($D_{32}$) ဖြစ်ပါသည်။

အဆိုပါကျောင်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းစာရင်းတွင် မြို့နယ်ဦးစားပေး အမှတ်စဉ် (၃၄)ဖြင့် တင်ပြထားသော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မပါရှိသေးပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းစာရင်းတွင် ဆက်လက်ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဇီးကုန်းမြို့နယ်၊ သက်န်ကျေးရွာအုပ်စု၊ အလယ်တန်းကျောင်းခွဲ သက်န်ရွာတွင် ပေ ၁၂၀' × ၃၀' သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ "** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ သက်န်အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (D) သည် (၄၀ × ၃၀) ပေရှိပြီး ကျောင်းသားဦးရေ (၈၇)ဦး၊ ကျောင်းအုပ် (၁)ဦး၊ ဆရာ/ဆရာမဦးရေမှာ လယ်ပြ (၄)ဦး၊ မူပြ (၃)ဦး၊ စုစုပေါင်း (၈)ဦးရှိပါသည်။ အဆိုပါကျောင်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းစာရင်းတွင် မြို့နယ်ဦးစားပေး တိုးချဲ့ကျောင်းဆောင် အမှတ်စဉ် (၂)ဖြင့် တင်ပြထားသော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လျာထားစာရင်းတွင် မပါရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းစာရင်းတွင် ဦးစားပေး ထပ်မံထည့်သွင်းတင်ပြသွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဇီးကုန်းမြို့နယ်၊ တယ်ပင်ကန်ကျေးရွာအုပ်စု၊ နဂျီချောင်း အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် (၁၂၀'× ၃၀') သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ နဂျီချောင်း အခြေခံပညာအလယ်တန်းကျောင်းခွဲ (D) သည် (၆၀ × ၃၀) ပေ ၊ (၃၀ × ၂၀)ပေရှိပြီး ကျောင်းသားဦးရေ (၁၄၇)ဦး၊ ကျောင်းအုပ် (၁)ဦး၊ ဆရာ/ဆရာမဦးရေမှာ လယ်ပြ (၆)ဦး၊ မူပြ (၅)ဦး၊ စုစုပေါင်း (၁၂)ဦးရှိပါသည်။ အဆိုပါကျောင်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းစာရင်းတွင် မြို့နယ်ဦးစားပေး တိုးချဲ့ကျောင်းဆောင် အမှတ်စဉ်(၁)ဖြင့် တင်ပြထားသော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လျာထားစာရင်းတွင် မပါရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းစာရင်းတွင် ဦးစားပေး ထပ်မံထည့်သွင်းတင်ပြသွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ရွှေကျင်မြို့နယ် ကွင်းဆိပ် ကျေးရွာအုပ်စု၊ ကွင်းဆိပ်ကျေးရွာ ကျပ်သန်း(၆၀၀)တန်ဆေးရုံသစ် သောက်သုံးရေ ရရှိရေးအတွက် ဆေးရုံဝင်းအတွင်း၌သာ တူးဖော်ရန် အစီအစဉ် ရှိ/မရှိ "** မေးခွန်းနှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ် ကွင်းဆိပ်တိုက်နယ်ဆေးရုံဝန်းအတွင်းမှသာ တူးသင့်ပါသည်ဆိုသောအဆိုမှာ မှန်ကန်ပါသည်။ ၎င်းကုမ္ပဏီကို ဆေးရုံဝင်းအတွင်းမဖြစ်မနေတူးရန် ညွှန်ကြားမည်ဖြစ်ပါသည်။ တူးလျှင်လုံလောက်သောရေ မရရှိခဲ့ပါက ဒေသအာဏာပိုင်များ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ကျန်းမာရေးအကြီးအကဲများနှင့် ဆွေးနွေးပြီးမှသာ ပြင်ပတွင်တူးရန် သင့်/မသင့် ဆုံးဖြတ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ပြည်မြို့နယ်၊ ရွာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်တွင် ကျောင်းဈေးနှင့် အများပြည်သူ အပန်းဖြေနားနေရန် ပန်းခြံများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် ထပ်ဆင့်မေးခွန်းအဖြစ် ၎င်းမေးမြန်းသည်မှာ ရွာဘဲနယ်မြေ၊ ဗိုလ်တစ်ထောင်ရပ်ကွက်၏ မူလရေးဆွဲခဲ့သောမြေပုံတွင် ကျောင်းဈေးနှင့် အများပြည်သူ အပန်းဖြေနားနေရန် ပန်းခြံနေရာများအား သိသာထင်ရှားစွာ မြေပုံရေးဆွဲခဲ့ပြီး မြေပုံရေးဆွဲခဲ့သူ များမှာလည်း ယခုအချိန်ထိ သက်ရှိထင်ရှားရှိပါသည်။ ယခုအခါ ၎င်းနေရာများသည် ဥပဒေနှင့် မညီသော အဆောက်အဦများရှိနေ၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ပူးပေါင်းညှိနှိုင်း၍ ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် ထပ်ဆင့်မေးမြန်းခြင်း ဖြစ်ပါကြောင်း ပြောကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးသက်ဝင်းလှိုင်၏ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်၍ ဥပဒေနှင့်မညီသော အဆောက်အဦများအား စည်ပင်သာယာရေး ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်၍မရကြောင်းနှင့် ဒေသခံသက်ဆိုင်ရာဌာနများအား မေးမြန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထပ်ဆင့်မေးခွန်းအား ဖြေကြားပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ယခုလတ်တလော ပြည်မြို့နယ်တွင် စိစစ်ပေါ်ပေါက်လျက်ရှိသည့် အရည်အသွေးပြည့်မီခြင်းမရှိသည့် ကျောင်းဆောင်များအတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အရေးယူပေးပါရန်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တင်ဒါများကိုလည်း သေချာစွာစိစစ်ပြီးမှ ချထားပေးပါရန် တိုက်တွန်းကြောင်း" အရေးကြီးအဆိုကို တင်သွင်းခြင်းနှင့် အတည်ပြုခြင်း**

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ယခုလတ်တလော ပြည်မြို့နယ်တွင် စိစစ်ပေါ်ပေါက်လျက်ရှိသည့် အရည်အသွေးပြည့်မီခြင်းမရှိသည့် ကျောင်းဆောင်များအတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အရေးယူပေးပါရန်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တင်ဒါများကိုလည်း သေချာစွာစိစစ်ပြီးမှ ချထားပေးပါရန် တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (Autumn Dream) ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဇီးအုပ်အုပ်စု၊ ဇီးအုပ်ကျေးရွာ အလယ်တန်းကျောင်းခွဲရှိ ပေ(၃၀)၊ ပေ(၆၀)ကျောင်းဆောင်သစ်နှင့် လဘအုပ်စု၊ ချောင်းကောက်ကွေ့ကျေးရွာ မူလတန်းကျောင်းရှိ ပေ(၃၀) ၊ ပေ(၆၀)ကျောင်းဆောင်သစ်တို့မှာ

တည်ဆောက်ပြီး (၆)လအတွင်း နံရံများကွဲအက်ခြင်း၊ ဖောင်ဒေးရှင်းများ နိမ့်ကျပျက်စီးခြင်းများ ဖြစ်ပေါ်လျှက်ရှိနေပါသည်။ ထိုကျောင်းဆောင်များအား ဆောက်လုပ်စဉ် အချိန်ကတည်းက သတ်မှတ်အရည်အသွေးပြည့် ဆောက်လုပ်ရေးပစ္စည်းများ သုံးစွဲမှုမရှိခြင်းကြောင့် ကျောင်းကြီးကြပ်ရေးအဖွဲ့များမှ ကုမ္ပဏီအား မကြာခဏ အတိုက်အခံ ပြောဆိုခဲ့ကြရပါသည်။ သို့သော်လည်း ကျောင်းဆောင် တည်ဆောက်ရေးတွင် အဆင့်ဆင့် ကြပ်မတ်ရန် တာဝန်ရှိသည့် မြို့နယ်၊ ခရိုင်ပညာရေးမှူးတို့က ကျောင်းကြီးကြပ်ရေးကော်မတီဘက်မှ တင်ပြမှုတို့အား လျစ်လျူရှုခဲ့ပါသည်။ အဆိုပါကျောင်းဆောင်များမှာ တိုတောင်းသောကာလအတွင်း ယခုကဲ့သို့ ကွဲအက်ပျက်စီးခြင်းများကြောင့် နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးခဲ့ရသလို ထိုကျောင်းဆောင်များတွင် ပညာသင်ကြားကြမည့် နောင်အနာဂတ်၏ မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူ ကလေးများ၏ အသက်အန္တရာယ် စိုးရိမ်နေကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အခြေခံအဆောက်အဦများစွာ လိုအပ်နေသော ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထိုကဲ့သို့ လိုအပ်ချက်များစွာရှိနေသည့် နိုင်ငံတစ်ခုအတွက် ယခုကဲ့သို့ တာဝန်ခံမှုကင်းမဲ့သော လုပ်ရပ်များကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးနေကြခြင်း များမှာ လုံးဝမဖြစ်သင့်တော့ပါ။ ထိုအတွက်ကြောင့် ယခုတလော ပြည်မြို့နယ်တွင် စိစစ်ပေါ်ပေါက် လျှက်ရှိသည့် အရည်အသွေးပြည့်မီခြင်း မရှိသော ကျောင်းဆောင်များအတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများအား စံနမူနာပြ အနေဖြင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တင်ဒါများကိုလည်း သေချာစွာစိစစ်ပြီးမှ ချထားပေးပါရန် လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသက်ဝင်းလှိုင်၏အဆိုကို ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်က ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင် တင်ပြသွားသကဲ့သို့ ပြီးခဲ့သော ၅နှစ်တာကာလအတွင်း ကြို့ပင်ကောက်မြို့နယ်၌ ပညာရေးဌာနမှ ဆောက်လုပ်ခွင့်ကျပြီး ဆောက်လုပ်ခဲ့ကြသော စာသင်ကျောင်းအသီးသီးမှာလည်း တစ်နှစ်ချင်းအတွင်း၌လည်းကောင်း၊ တစ်နှစ်ကျော်ကြာကာလ၌လည်းကောင်း ပျက်စီးခြင်း၊ ယိုယွင်းခြင်း၊ ကွာဟခြင်း၊ အောက်ခင်းများ ကွဲအက်ခြင်းတို့ ဖြစ်ပေါ်လာကြပါတယ်။ ဒီလိုဖြစ်ရတာသည် ပြည်မြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ် နှစ်ခုတည်းတွင် ဖြစ်ပေါ်နေခြင်း မဟုတ်ပါ။ တိုင်းဒေသကြီးတစ်ခုလုံးအတွင်းမှာ ရှိနေကြသည့် မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ပညာရေးဘတ်ဂျက်နှင့် ဆောက်လုပ်သော စာသင်ကျောင်းများရဲ့ ရာခိုင်နှုန်းအတော်များများ တည်ဆောက်ပြီးသည်နှင့် များမကြာမီ၊ လပိုင်း၊ နှစ်ပိုင်းအတွင်းမှာ ခိုင်ခန့်မှုမရှိဘဲ ပျက်စီးမှုများကို တွေ့မြင်ကြားသိနေရပါတယ်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်သော စာသင်ကျောင်းများသာမက အခြားအစိုးရဌာနများ၏ နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်သော လုပ်ငန်းပေါင်းစုံဟာလည်း အဆောက်မြန် အပျက်မြန် ဖြစ်နေတာကို တွေ့ကြရပါတယ်။ ယခုပင်လျှင် လွှတ်တော်ဝန်းအတွင်းခင်းထားသော တမံသလင်းလမ်းများ ပင်လျှင် နှစ်မကြာသေးဘဲ ကွဲအက်ပျက်စီးစပြုနေပြီဖြစ်ပါတယ်။

ယခုကဲ့သို့ နိုင်ငံနှင့်အဝှမ်း၊ နိုင်ငံတော်ဘတ်ဂျက်သုံးပြီး တည်ဆောက်ပြုပြင်လုပ်ငန်းအားလုံးလိုလို အပျက်မြန်ပြီး ပုဂ္ဂလိကပိုင်များ၏ တည်ဆောက်ပြုပြင်လုပ်ငန်းများမှာ ခိုင်ခန့်မှုအားကောင်း၍ ဆောလျင်စွာ ပျက်စီးမှုမရှိသလောက်ဖြစ်ပါတယ်။ အဲဒါရဲ့အဖြေဟာ ဘာလဲလို့ဆိုရင် ဆောက်လုပ်သူများနှင့် ဆောက်လုပ်ခွင့်ရတဲ့ ကုမ္ပဏီများရဲ့ အားနည်းမှု၊ ပေါ့လျော့မှု၊ မသမာမှုများကြောင့် ဖြစ်ရသလို အခြား အကြောင်းအချက်အနေဖြင့် ဆောက်လုပ်သူများအပေါ် ကြီးကြပ်မှုအားနည်းခြင်း၊ ကြီးကြပ်ရန် အခွင့်မသာခြင်းတို့ကြောင့်လည်းဖြစ်ပါတယ်။ အမှန်တကယ် ငွေလုံးငွေရင်းသုံးမည့် ဆောက်လုပ်ရေး ဘတ်ဂျက်များ၏ အသေးစိတ်တွက်ချက်မှုတွင် အသုံးပြုမည့် ပစ္စည်းများ၏ တန်ဖိုးများကို အကောင်းဆုံးနှင့် အမြင့်ဆုံး တန်ဖိုးများနှင့် လုံလောက်အောင်တွက်ချက်တင်ပြထားပါသော်လည်း တည်ဆောက်ပြီးများမကြာမီ ကွဲအက်ပျက်စီးပြီး ပြိုကျမည်ကဲ့သို့ ဖြစ်တတ်ကြပါသည်။

သို့ပါ၍ နောင်အခါလာမည့်ကာလများတွင် ပညာရေးဘတ်ဂျက်ဖြင့်ပြုလုပ်သော တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် စာသင်ကျောင်းများပါမက နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်ပြုပြင်သော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေများကို ထိရောက်မှန်ကန်စွာသုံးစွဲနိုင်ရေး လျာထားသော ဘတ်ဂျက်ငွေနှင့်ကိုက်ညီပြီး အာမခံချက်ရှိ၍ အရည်အသွေးကောင်းများနှင့် ပြည့်စုံသည့် တည်ဆောက်ပြုပြင်သည့် လုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ပြည်မြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၏ အဆိုကို ဆွေးနွေးသင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်ကတော့ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ နတ်တလင်းမြို့နယ်မှ ဖြစ်ရပ်များကို အခြေခံ၍ ပြည်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နတ်တလင်းမြို့နယ်တွင် အထက်တန်းကျောင်း (၅)ကျောင်း၊ အလယ်တန်းကျောင်း (၇)ကျောင်း၊ မူလတန်းကျောင်း (၁၈၅)ကျောင်း၊ မူလတန်းကျောင်းခွဲ (၂၄)ကျောင်း ရှိပါတယ်။ ၎င်းအနက် အန္တရာယ်ရှိသော ကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့မည့်ကျောင်းများ၊ ဥပဓိရုပ်မကောင်းသော ကျောင်းများဟူ၍ (၃)မျိုးခွဲခြားပြီး ကျောင်းဆောင်သစ်များ၊ တိုးချဲ့ဆောင်များ ပြင်ဆင်ခြင်းများကို နိုင်ငံတော် အစိုးရအား တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ နတ်တလင်းမြို့နယ်၏ အရှေ့ဘက်ခြမ်း၌ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဒဂုံမင်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သော စာသင်ကျောင်း(၄)ကျောင်းအနက် (၃)ကျောင်းသည် အန္တရာယ်ရှိ ကျောင်းများစာရင်းတွင် ပါဝင်နေပြီဖြစ်ပါတယ်။ ၎င်းကျောင်းဆောင်များသည် ပေ ၄၀ × ပေ ၃၀ အကျယ် ဖြစ်ပြီး လျာထားသတ်မှတ်ငွေ ကျပ်(၁၄၄)သိန်းဖြစ်ပါတယ်။ ၎င်းအန္တရာယ်ကျောင်းများမှာ အုတ်တန်း ညောင်ဝိုင်းကျောင်း၊ ရင်းထိုက်စမ်းကျောင်း၊ အိုးဘိုကုန်းကျောင်းတို့ ဖြစ်ပါတယ်။ ရှားတော-ညောင်ဝိုင်းကျောင်း

ကတော့ အန္တရာယ်ရှိကျောင်းစာရင်းမပါဝင်ပါဘူး။ အုတ်တန်းညောင်ဝိုင်းကျောင်းနှင့် ရင်းတိုက်စမ်းကျောင်းများဟာ မူလကျောင်းဆောင်အဟောင်းကို ဖျက်ဆီးခြင်းမပြုသောကြောင့် စာသင်ကြားရေးမှာ အဆင်ပြေမှုရှိနေသေးသော်လည်း အိုးဘိုကုန်းကျောင်းကတော့ မူလကျောင်းဆောင်ဟောင်းမရှိသောကြောင့်ဆရာများရော ကျောင်းသားများပါ စိုးရိမ်ကြောက်ရွံ့စွာ ပညာသင်ကြားနေရပါသည်။

ယခု ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ ၎င်းကျောင်း (၄)ကျောင်းအနက် (၃)ကျောင်းပြန်ပါလာတာတွေ့ရပါတယ်။ မူလကျောင်းဆောင်အဟောင်းလည်းမရှိ အမှန်တကယ်အန္တရာယ်ရှိနေသော အိုးဘိုကုန်းကျောင်းပြန်ပါမလာတာကို တွေ့ရပါတယ်။ ထို့ကြောင့် ကျောင်းတစ်ကျောင်းအတွက် ကုန်ကျငွေကျပ် (၁၄၄)သိန်း၊ (၂)နှစ်ခန့်သာခံသော အန္တရာယ်ရှိ ကျောင်း(၃)ကျောင်းအတွက် ငွေကျပ် (၄၃၂)သိန်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာသည့်အပြင် ပညာသင်ကြားနေရသော အနာဂတ်မျိုးဆက်ကျောင်းသား၊ ကျောင်းသူကလေးများ၏အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်ကို စိုးရိမ်ရသည့်အတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် သဘောတူလက်ခံဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့မှ တိကျမှန်ကန်စွာ အရေးယူဆောင်ရွက်ပေးမှသာလျှင် နောက်နောင်ယခုကဲ့သို့ ဘဏ္ဍာငွေလေလွင့်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်သည့်အတွက် ပြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင် တင်သွင်းသောအဆိုသည် ပဲခူးတိုင်းဒေသကြီး တစ်ခုလုံးသာမကဘဲ တစ်နိုင်ငံလုံးပါ သက်ဆိုင်သော အဆိုဟု ယူဆပါသောကြောင့် ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး “ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်သူလူထုအကျိုးကို ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေလို့ ဦးစွာမေတ္တာပို့သလိုက်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်ဖြစ်ပြီး ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၏ အရေးကြီးအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာသင်ကျောင်းတည်ဆောက်ပြီး (၆)လအတွင်း အဆောက်အဦနံရံများကွဲအက်ခြင်း၊ ဖောင်ဒေးရှင်းများ နိမ့်ကျပျက်စီးခြင်းများရှိနေခြင်းကို ယေဘုယျဆန်ဆန် ခြုံငုံသုံးသပ်ကြည့်ပါက အချက်(၂)ချက်တွေ့ရပါသည်။ ပထမအချက်ကတော့ သဘာဝဘေးအန္တရာယ်များကြောင့် အဆောက်အဦများ ယိုယွင်းပျက်စီးနိုင်ခြင်းနှင့် ဒုတိယအချက်ကတော့ B.Q (အခြေခံအရည်အသွေး) ပြည့်မီအောင်ဆောက်လုပ်မှုမရှိခြင်းတို့ကြောင့် အဆောက်အဦများ ယိုယွင်းပျက်စီးနိုင်ပါသည်။ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိဘဲတည်ဆောက်ပြီး (၆)လအတွင်း နံရံများ ကွဲအက်ခြင်း၊ ဖောင်ဒေးရှင်းများနိမ့်ကျခြင်းများ ဖြစ်ပေါ်နေသော ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်

ဇီးအုပ် အုပ်စု၊ ဇီးအုပ်ကျေးရွာအလယ်တန်းကျောင်းခွဲနှင့် ဘအုပ်စု ချောင်းကောက်ကွေ့ကျေးရွာ မူလတန်းကျောင်းရှိ ပေ ၆၀ × ပေ ၃၀ ကျောင်းဆောင်သစ် အဆောက်အဦတို့ကို တာဝန်ယူတည်ဆောက်ခဲ့သည့် ကုမ္ပဏီသည် BQ ပြည့်မီအောင် ဆောက်လုပ်ခြင်းမရှိကြောင်း လေ့လာသုံးသပ်နိုင်ပြီး ပြည်သူ့ဘဏ္ဍာများ အလေအလွင့်ဖြစ်စေပါသည်။

ပြည်သူ့ဘဏ္ဍာနှင့် ဆောက်လုပ်သော မည်သည့်အဆောက်အဦမဆို သတ်မှတ်အရည်အသွေး ပြည့်မီအောင် ဆောက်လုပ်ပေးမှုမရှိခြင်းသည် ပြည်သူ့ဘဏ္ဍာအလွဲသုံးစားမှုမြောက်ပြီး ဥပဒေချိုးဖောက်ရာ ကျသည့်အတွက် ဥပဒေကြောင်းအရ အရေးယူသင့်သလို အမည်ပျက်စာရင်းသွင်းခြင်းနှင့် ကုမ္ပဏီ အမည်ပြောင်း လျှောက်လာပါကလည်း မည်သည့်နေရာတွင်မျှ တင်ဒါချထားပေးခြင်းမပြုရန် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်သင့်ပါသည်။

(၆)လအတွင်း ကျောင်းဆောင်သစ်များ ယိုယွင်းပျက်စီးသွားခြင်းကို နိုင်ငံ့အကျိုးလိုလားသူ မည်သူ တစ်ဦးတစ်ယောက်မျှ လက်ခံနိုင်လိမ့်မည်မဟုတ်သည့်အတွက် ပဲခူးတိုင်းအတွင်း ဖြစ်ပျက်နေသော လက်ရှိ အခြေအနေများကို ထိရောက်စွာအရေးမယူလျှင် အခြားကုမ္ပဏီများလည်း ယခုအကျင့်ဆိုးများအတိုင်း ဆက်လက်လုပ်ဆောင်နေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကိစ္စအား စံနမူနာထားလျက် ပဲခူးတိုင်းဒေသကြီးအကျိုးနှင့် မြန်မာတစ်နိုင်ငံလုံး တွင် ဖြစ်ပျက်နေသော ယခုကဲ့သို့ ပုံစံတူအဖြစ်အပျက်များနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုလျက် ယင်းကိစ္စအား ပြင်းပြင်းထန်ထန်အရေးယူသင့်ပါကြောင်းနှင့် ယခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် တင်ဒါများကိုလည်း သေချာစိစစ်ပြီးမှ ချထားပေးသင့်ကြောင်း ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်၏ **"ယခု လတ်တလော ပြည်မြို့နယ်တွင် စိစစ်ပေါ်ပေါက်လျက်ရှိသည့် အရည်အသွေးပြည့်မီခြင်းမရှိသည့် ကျောင်းဆောင်များအတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အရေးယူပေးပါရန်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တင်ဒါများကိုလည်း သေချာစွာ စိစစ်ပြီးမှ ချထားပေးပါရန် တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန]။** ။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လဘကျေးရွာအုပ်စု အမက-ချောင်းကောက်ကွေ့ရှိ (၆၀×၃၀)ပေ ကျောင်းဆောင်သစ်သည် လေပြင်းတိုက်ခံရခြင်းကြောင့် မျက်နှာကြက်များ၊ ကလစ်ဘုတ်များ လန်ကျကာ ပျက်စီးသွားခြင်းသာ ဖြစ်ပါသည်။ အဆိုပါ ပျက်စီးမှုများကို (Autumn Dream)ကုမ္ပဏီမှ ပြန်လည်ပြုပြင်နေပြီဖြစ်ပါသည်။

အလက(ခွဲ) ဇီးအုပ်ရှိ (၆၀×၃၀)ပေ ကျောင်းဆောင်သစ်နံရံများ အက်ကွဲရခြင်းမှာ မြေလျှောင်ဒဏ်နှင့် မြေသားနိမ့်ကျမှုကြောင့်လည်းကောင်း၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးတွင် အနီးကပ်တည်ရှိပြီး တုန်ခါမှုကြောင့်ဖြစ်ရသည်ဟု တင်ပြလာပါသည်။ ယင်းသို့ ပျက်စီးမှုများကို သက်ဆိုင်ရာကျောင်းအုပ်မှ

မြို့နယ်ပညာရေးမှူးရုံးသို့ တင်ပြမှုမရှိခြင်း၊ (Autumn Dream)ကုမ္ပဏီသို့လည်း အသိပေးအကြောင်းကြားခြင်း မရှိခဲ့ကြောင်း သိရပါသည်။

၁၂-၅-၂၀၁၆ နေ့ညပိုင်းတွင် (Autumn Dream)ကုမ္ပဏီမှ တာဝန်ရှိသူMD ဦးသန့်ဖြိုးမောင်နှင့် ဦးစိုးမြင့်ထွန်းတို့သည် ပြည်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်အောင်ထွန်းတို့နှင့်အတူ အလက(ခွဲ) ဇီးအုပ်သို့ သွားရောက်ပြီး ပျက်စီးမှုများကို ပြုပြင်ပေးရန်အတွက် ကျောင်းအုပ်ကြီး ဦးစိုးဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ ဇီးအုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တို့နှင့် တွေ့ဆုံဆွေးနွေး ခဲ့ပါသည်။

သို့ရာတွင် ဇီးအုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က သူ့အနေနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ တင်ပြပြီးဖြစ်၍ ပြင်ဆင်ခွင့်မပြုနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်အောင်ထွန်းက အုပ်ချုပ်ရေးဘက်အနေနှင့် ဘာမှမပြောလိုသော်လည်း ပညာရေးဌာနအနေနှင့် ကျောင်းအုပ်နှင့် ညှိနှိုင်း၍ ဌာနလုပ်ငန်းတစ်ရပ်အနေဖြင့် ကုမ္ပဏီနှင့် ညှိနှိုင်းကာ ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

၁၃-၅-၂၀၁၆ရက်နေ့တွင် ကုမ္ပဏီမှ အလုပ်သမားများက အလက(ခွဲ)ဇီးအုပ်သို့ ရောက်ရှိပြီး အက်ကွဲ ပျက်စီးမှုများကို ပြုပြင်မည်လုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်မှ ထိုအလုပ်သမားများကို ရဲခေါ်၍ ဖမ်းခိုင်းမည်ဟုပြောသဖြင့် ကြောက်လန့်ကာ အလုပ်မဆင်းရဲဘဲ ပြန်လာခဲ့ရပါသည်။

ထိုအကြောင်းကို (Autumn Dream)ကုမ္ပဏီမှ တာဝန်ရှိသူ ဦးစိုးမြင့်ထွန်းနှင့် ဒုတိယမြို့နယ် ပညာရေးမှူး ဦးနိုင်အောင်ထွန်းတို့က ပြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထံသို့ ၁၃-၅-၂၀၁၆ ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် သွားရောက်တွေ့ဆုံ၍ တင်ပြထားပါသည်။

ထို့ကြောင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်၏ ဟန့်တားနှောင့်ယှက်မှုများကြောင့် အလက(ခွဲ)ဇီးအုပ် (၆၀×၃၀)ပေ အဆောက်အဦအသစ်၏ ပျက်စီးယိုယွင်းမှုများကို (Autumn Dream)ကုမ္ပဏီက ပြုပြင်ရန် နှောင့်နှေးကြန့်ကြာမှုများ ရှိနေပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

တင်ဒါလုပ်ငန်းများကိုလည်း သေချာစွာစိစစ်ပြီး ချထားပေးလျှက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသက်ဝင်းလှိုင်တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **“ယခုလတ်တလော ပြည်မြို့နယ်တွင် စိစစ်ပေါ်ပေါက်လျက်ရှိသည့် အရည်အသွေးပြည့်မီခြင်းမရှိသည့်ကျောင်းဆောင်များ အတွက် ဆောက်လုပ်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အရေးယူပေးပါရန်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တင်ဒါများကိုလည်း သေချာစွာစိစစ်ပြီးမှ ချထားပေးပါရန် တိုက်တွန်းကြောင်း”** အရေးကြီးအဆိုဖြစ်ပါတယ်။

ဒါ့ကြောင့် အရေးကြီးအဆိုကို အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ယခုတင်သွင်းသော အရေးကြီးအဆိုကို အတည်ပြုဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အရေးကြီးအဆိုကို အတည်ပြုရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် ဦးသက်ဝင်းလှိုင်၏ အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန် "** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ အမည်စာရင်းတင်ပြထားပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်နိုင် ဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် နံပါတ်စဉ်(၁၄)တွင် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးရဲလင်းနိုင်တင်ပြခဲ့သော အဆိုကို အချက်(၃)ချက်ဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမအချက်မှာ- ပေါင်းတည်-ပေါက်မှော်-ကြို့ကုန်းလမ်းသည် ပေါင်းတည်မြို့နယ် တစ်မြို့နယ်ထဲသာမက နတ်တလင်းမြို့နယ်ရှိ ချဉ်ယုတ်ကွင်းအုပ်စုမှ လူဦးရေ(၁၉၅၀)ဦး၊ ချောင်းဂွအုပ်စုမှ လူဦးရေ(၂၈၀၀)ဦး၊ ပေါက်ကုန်းအုပ်စုမှ လူဦးရေ(၁၄၅၀)ဦး၊ သာယာကုန်းအုပ်စု(၁၅၅၀)ဦး၏ အားထားရမည့်လမ်းဖြစ်ပါတယ်။

ဒုတိယအချက်မှာ- သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ သွားရေးလာရေး အခက်အခဲများစွာ ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ မိုးတွင်းဆိုလျှင် ဝန်ထမ်းများ ခြေလျင်လျှောက်ပြီး စာသင်သွားရခြင်း၊ ကျောင်းသားကျောင်းသူတို့မှ လမ်း၏အခက်အခဲကြောင့် ကျောင်းထွက်နှုန်း မြင့်မားနေခြင်း၊ ဆိုင်ကယ်စီး၍မရ၊ ကားသွား၍မရ အခြေအနေများဖြင့် ရင်ဆိုင်နေရပါသည်။ ပေါက်မှော်-ကြို့ကုန်းဆက်သွယ်ထားသည့်လမ်းမှာ လမ်းအရာပင်ရှိပြီး နွေရာသီတွင်ပင် ဆိုင်ကယ်၊ စက်ဘီးသွားလာ၍မရသောကြောင့် လယ်ကန်သင်းရိုးကမှ သွားလာနေရပါသည်။

တတိယအချက်မှာ- တောင်သူလယ်သမားများဘဝ တိုးတက်စေရန်လည်းကောင်း၊ အနာဂတ် မျိုးဆက်သစ်များ ခေတ်မှီပညာတတ်များ ပေါ်ထွန်းစေရန်အတွက်လည်းကောင်း၊ မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီစေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက်လည်းကောင်း၊ ဒေသခံများ ဆက်သွယ်သွားလာရေး အတွက် အဆိုပါကျေးလက်လမ်းမှာ ကောင်းမွန်ရန် အထူးပင်လိုအပ်နေပါသည်။ ထို့ကြောင့် ပေါင်းတည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးရဲလင်းနိုင် တင်ပြခဲ့သော ပေါင်းတည်-ပေါက်မှော်-ကြို့ကုန်းလမ်းအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးပါရန်အဆိုအား ထောက်ခံကြောင်းဆွေးနွေးတင်ပြအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးဝင်းဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ်၏ နံပါတ်စဉ်(၁၄)တွင် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးရဲလင်းနိုင် တင်ပြခဲ့သောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျေးလက်နေပြည်သူများမှာ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးဟာ အသက် သွေးကြောတမျှ အရေးကြီးလှပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေး နေရပါသည်။ အဆိုပါ ပေါင်းတည်-ပေါက်မှော်-ကြို့ကုန်းလမ်း အုပ်စုချင်းဆက်လမ်း ကောင်းမွန်မည်ဆိုပါက ထိုဒေသအတွက် ရရှိမည့်အကျိုးကျေးဇူးမှာ အလွန်များလှပါတယ်။ တောင်သူလယ်သမားများ၏ စိုက်ပျိုး ထုတ်ကုန်များမှာလည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် အချိန်နှင့်တပြေးညီ ဈေးကွက်သို့ တင်ပို့နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးလာစေမှာဖြစ်ပါတယ်။

အဆိုပါလမ်းသည် ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်တို့မှ တောင်သူလယ်သမားများ အားထားရမည့်လမ်းဖြစ်ပါတယ်။ ပေါင်းတည်မြို့နယ်၏ ပေါက်အိုင်ကြီးအုပ်စုတွင် လူဦးရေ(၈၇၀)ဦး၊ ကုက္ကိုလ်ပင်အုပ်စုတွင် လူဦးရေ(၂၁၀၀)ဦး၊ ညောင်ကပွင်အုပ်စုတွင် လူဦးရေ(၁၉၀၀)ဦး၊ ကြို့ကုန်းအုပ်စုတွင် လူဦးရေ(၁၁၀၀)ဦး၊ ကြဲ့ကြဲ့ကျအုပ်စုတွင် လူဦးရေ(၂၇၀၀)ဦး၊ ကိုယ်ဝန်ဆောင်အုပ်စုတွင် လူဦးရေ (၂၃၀၀)ဦး တို့ အားထားရပြီး ပေါင်းတည်မြို့နယ်နှင့် နတ်တလင်းမြို့နယ် နှစ်မြို့နယ်ပေါင်း လူဦးရေ (၁၇၇၂၀)ဦး၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် အမှန်တကယ်အကျိုးပြုမည့် လမ်းဖြစ်ပါတယ်။

ထို့အပြင် ဒေသခံပြည်သူလူထု (၁၁၈၇)ဦးက ဒေသလိုအပ်ချက်အတွက် တက်ကြွစွာပါဝင်ပြီး လက်မှတ်ရေးထိုး တောင်းဆိုဆန္ဒပြုထားသည့်အတွက် ပြည်သူများ၏ ဆန္ဒနှင့်တစ်သားတည်းကျသော အဆိုတင်သွင်းမှုဖြစ်ပါသည်။ ပြည်သူလူထု၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးရဲလင်းနိုင်တင်ပြခဲ့သော အဆိုကို ထောက်ခံကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရဲလင်းနိုင်၊ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန်"** အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး]**။ ။ ပေါင်းတည်-ကုက္ကိုလ်ပင်-ပေါက်မှော်-ကြို့ကုန်းလမ်းအား ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင်မြေနီခင်းခြင်း (၅/၀ မိုင်×၁၂'× ၇ ") ဆောင်ရွက်ရန်အတွက် ကုန်ကျငွေကျပ်(၅၇. ၅)သန်းဖြင့် လျာထားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသော (၄/၃)မိုင်အား ဆက်လက်ဆောင်ရွက်နိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရဲလင်းနိုင်၊ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်၊ ပေါက်မှော်၊ ကြို့ကုန်းလမ်း ပြန်လည်ပြုပြင်ရန်"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲ ပေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၆၈)ဦးအနက် ထောက်ခံသူ(၅၀)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီး ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင် ပြောကြားသည့် လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများကိုယ်တိုင်သာ ပြန်လည်ဖြေကြားပေးရန်ဖြစ်ကြောင်း ပြောကြားပါသည်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၄း၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၆ခုနှစ်၊ မေလ(၁၇)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ဒုတိယပုံမှန်အစည်းအဝေး**

စတုတ္ထနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်**

**[ ၂၀၁၆ ခုနှစ် ၊ မေလ ၁၇ ရက် ]**

**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၇ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၈. ၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင် [ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဝန်ကြီးချုပ်တာဝန် ဆောင်ရွက်ရန်ရှိပါသဖြင့်လည်းကောင်း၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်နှင့် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်တို့သည် ဝန်ကြီးတာဝန်ဆောင်ရွက်ရန် ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့သည် အရေးကြီးတာဝန်များ ထမ်းဆောင်ရန် ရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဦးနှင့် ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းတို့သည် ကျန်းမာရေး မကောင်းပါသဖြင့်လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဝင်းနှင့် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၁၇-၅-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာနအမည် ပြောင်းလဲပေးရန် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပေးရန်အတွက် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး]**။ ။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၁၃-၅-၂၀၁၆ရက်စွဲပါစာအမှတ် ၅/ ၁ - ၁၄ / ဦး ၁အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အား ဝန်ကြီးဌာန(၇)ခုဖြင့် ဖွဲ့စည်းထားရှိပြီး ဝန်ကြီးဌာနများအောက်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား အတည်ပြုပေးရန် Cabinet အစည်းအဝေးတွင် တင်ပြခဲ့ရာ (၂၈-၄-၂၀၁၆)ရက်နေ့ Cabinet အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ် ၅(ခ)အရ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ်

အမည်ပြောင်းလဲရန်အတွက် လွှတ်တော်သို့ တင်ပြသွားရေး ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမည် ပြောင်းလဲရေးအတွက် လွှတ်တော်တွင် အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက တင်ပြသည့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအမည်အား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝနကြီးဌာနအဖြစ် အမည်ပြောင်းလဲပေးရန် တင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်က သဘောတူသည့်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲရန် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က မေးမြန်းသည့် မေးခွန်း(၁)ခုသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တစ်ဦးက ပြန်လည်ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်တစ်ဦးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ပုံများနှင့် ပတ်သက်၍ အချို့ကျေးရွာများတွင် စနစ်ကျနမှု မရှိ၍ စနစ်တကျ ပြန်လည်ရွေးချယ်ပေးနိုင်ခွင့်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရပ်ကွက်/ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ပုံများနှင့် ပတ်သက်၍ အချို့ကျေးရွာအုပ်စုများတွင် စနစ်ကျနမှုမရှိ၍ သတ်မှတ်ချိန်အတွင်း ကန့်ကွက်ထားမှုများရှိပါသည်။ သို့ပါ၍ စနစ်တကျ ပြန်လည်ရွေးချယ်ပေးနိုင်ခွင့် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးသည် အရေးကြီးတာဝန်ထမ်းဆောင်နေသည့်အတွက် ၂၀၁၄ခုနှစ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်တစ်ဦးက ၎င်း၏ကိုယ်စား ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး]**။ ။ ပဲခူးတိုင်းဒေသကြီး အတွင်း ခရိုင်(၄)ခရိုင်၊ မြို့နယ်(၂၈)မြို့နယ်၊ မြို့(၅၁)မြို့၊ ရပ်ကွက်(၃၂၅) ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၄၁၀) အုပ်စုနှင့် ကျေးရွာပေါင်း(၆၄၄၁)ရွာဖြင့် ဖွဲ့စည်းထားရှိပါသည်။ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအား ခန့်အပ်တာဝန်ပေးအပ်ရာတွင် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ(၆)နှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ရပ်မိရပ်ဖ(၅)ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ပြီး အဆိုပါကြီးကြပ်ရေးအဖွဲ့မှ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ ပုဒ်မ(၅)နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအားရွေးချယ်၍ မြို့နယ် အုပ်ချုပ်ရေးမှူးထံတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများမှလည်း ဥပဒေ၊ နည်းဥပဒေပုဒ်မ(၅)နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ရွေးချယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြဆောင်ရွက်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခန့်ထားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းကို (ပြည်ထောင်စု ဥပဒေ လွှတ်တော်အမှတ်-၁)အရ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်စွဲပါစာဖြင့် ထုတ်ပြန်ထားသော ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ဥပဒေပါအတိုင်း အများကြည်ညို လေးစားခြင်းခံရသော ရပ်မိရပ်ဖ၊ ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းပြီး ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို အများသဘောဆန္ဒအရ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ရပ်ကွက်(၃၂၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၄၁၀) အုပ်စုတို့ဖြင့် ဖွဲ့စည်း ထားသည့်အနက် ရွှေကျင်မြို့နယ်မှ ကျေးရွာအုပ်စု(၄၁)အုပ်စုသည် နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်း ကျေးရွာများဖြစ်၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့် ထားနိုင်ခြင်းမရှိပါ။ ယနေ့အချိန်ထိ ရပ်ကွက်(၃၁၄) ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၃၅၆)အုပ်စုတို့တွင် အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုရွေးချယ်မှုများနှင့်ပတ်သက်၍ တိုင်ကြားကန့်ကွက်မှုများရှိပါက စုံစမ်း စစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးလျှက်ရှိပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးတွေ့ ရှိချက်များအရ ဆက်လက်တာဝန်ပေးခြင်း၊ ပြန်လည်ရွေးချယ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ စနစ်ကျမှုမရှိ၍ ကန့်ကွက်မှု များကြောင့် ပြန်လည်ရွေးချယ်ခဲ့ရသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အရေအတွက်မှာ ခရိုင်(၄)ခရိုင်မှာ စုစုပေါင်း(၈၀)ဦးရှိပြီး ပြန်လည်ရွေးချယ်ဆောင်ရွက်ပြီး ဦးရေမှာ (၆၅)ဦးဖြစ်၍ စိစစ် ဆောင်ရွက်ဆဲဦးရေမှာ(၁၅)ဦးဖြစ်ပါသည်။

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားရေးကိစ္စနှင့်စပ်လျဉ်း၍

၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒအမှတ်- ၁ဖြင့် "ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ-၉တွင် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်×××"ဟု ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၃ဖြင့် "ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ - ၉၊ ပုဒ်မခွဲ(က)တွင် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်×××" ဟုပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ဖြင့် " ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမာန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်×××"ဟု ပြဋ္ဌာန်းခဲ့ပါသည်။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများအရ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် ရွေးချယ်ရန်ကျန်ရှိနေသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ရွေးချယ်ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့် အညီ ရွေးချယ်ဆောင်ရွက်လျှက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ရွေးချယ်တာဝန်ပေး ဆောင်ရွက်လျှက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ နံနက်ပိုင်းကို (၁၀း၂၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၂)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၂)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသိန်း[တိုင်းဒေသကြီး ဝန်ကြီးချုပ်]**။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၇-၅-၂၀၁၆ ရက်စွဲပါ စာအမှတ် ၅ / ၃ - ၂ / ဦး ၇အရ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်ထားပေးနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၂)ဦးအဖြစ် ဦးမောင်မောင်အေး (ဘ)ဦးတုတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၄/ပသန(နိုင်)၀၁၇၀၁၄နှင့် ဒေါ်လွင်လွင်အေးကျော် (ဘ)ဦးအေးကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/ပမန(နိုင်)၀၂၇၆၆၆ တို့အား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်ထောင်စု

တရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီးဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ပေးပို့အပ်ပါတယ်။

## တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး (၂)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်း အဆိုပြုတင်ပြခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းအစီအစဉ်ဖြစ်သည့်အတွက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ကြီးခင်မောင်ဝင်း[တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်]။** ။လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းသော ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် အဆိုပြုခံရသူ ဒေါ်လွင်လွင်အေးကျော်အား ခန့်အပ်တာဝန်ပေးနိုင်ရန် ဥပဒေကြောင်းအရ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈(ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ်ခန့်အပ်ရန် အမည်စာရင်းများကိုပြုစု၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့ပြီး လွှတ်တော်မှ သဘောတူညီသူများကိုသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ်လည်းကောင်း နိုင်ငံတော်သမ္မတမှ ခန့်အပ်တာဝန်ပေးအပ်ရမည်ဖြစ်ပါသည်။

ပုဒ်မ ၃၁၀အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်-

- အသက်(၄၅)နှစ်ထက်မငယ် အသက်(၆၅)နှစ်ထက်မကြီးသူ
- အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ

- ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ခရိုင်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၁၀)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၁၅)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ သို့မဟုတ် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ၊ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူ၊ နိုင်ငံရေးပါတီဝင်မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ

ဂ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ ပုဒ်မခွဲ(ခ)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပါရှိပါသည်-

- အသက်(၂၅)နှစ် ပြည့်ပြီးသူ
- နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ
  ခြွင်းချက်။ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀(ဂ)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိခြင်း၊ ဥပဒေပုဒ်မ ၁၂၁ တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရဟု ပါရှိပါသည်-

- ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ
- ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ မတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ
- စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ

- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ
- သာသနာ့ဝန်ထမ်း
- နိုင်ငံ့ဝန်ထမ်း

  ခြွင်းချက်။ ယင်းစကားရပ်သည်-

  ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များနှင့် အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် မသက်ဆိုင်စေရ။
- နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ

  ခြွင်းချက်။
  - နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစား လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊
  - နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း၊ နိုင်ငံတော်ကသုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့်အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်များ မပါဝင်။

- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်း ပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းလာသော ဒေါ်လွင်လွင်အေးကျော်အား ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီမှ (၁၂-၅-၂၀၁၆)ရက်နေ့တွင် ဥပဒေကြောင်းအရေ စိစစ်ခဲ့ရာ ဒေါ်လွင်လွင်အေးကျော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁နှင့် ၃၁၀ တို့ပါ သတ်မှတ်ထားသော ဥပဒေများနှင့် ပြည့်စုံညီညွတ်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးသင့်ပါကြောင်း ဥပဒေကြောင်းအရ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးအောင်ကိုမင်း[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]။** ။ လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တိုင်းဒေသကြီးအဆင့်ရှိ ပုဂ္ဂိုလ်များအားလုံးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်မြေ(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ အဖွဲ့ဝင် ဦးအောင်ကိုမင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် ထောက်ခံဆွေးနွေးမှာကတော့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဆိုပြုတင်ပြခဲ့သော ဦးမောင်မောင်အေးအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် အတည်ပြုပေးနိုင်ရန် ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဦးမောင်မောင်အေးသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်-

- အသက်(၄၅)နှစ်ထက်မငယ် အသက်(၆၅)နှစ်ထက်မကြီးသူ
- အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ
- ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ခရိုင်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး (၁၀)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၁၅)နှစ်

အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ သို့မဟုတ် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ၊ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူ၊ နိုင်ငံရေးပါတီဝင်မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ

ဂင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ ပုဒ်မခွဲ(ခ)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပါရှိပါသည်-

- အသက်(၂၅)နှစ် ပြည့်ပြီးသူ
- နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ

  ခြွင်းချက်။ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀(ဂ)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိခြင်း၊ ဥပဒေပုဒ်မ ၁၂၁ တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရဟု ပါရှိပါသည်-

- ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ
- ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ မတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ
- စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား

သော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ

- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ
- သာသနာ့ဝန်ထမ်း
- နိုင်ငံ့ဝန်ထမ်း

ခြွင်းချက်။ ယင်းစကားရပ်သည်-

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များနှင့် အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် မသက်ဆိုင်စေရ။

- နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ

ခြွင်းချက်။

- နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစား လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊
- နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း၊ နိုင်ငံတော်ကသုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့်အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်များ မပါဝင်။

- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်း ပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊ ဆိုသည့်အချက်များနှင့် ပြည့်စုံသည့်အတွက် ဥပဒေကြောင်းအရ ထောက်ခံအပ်ပါတယ်။

## တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်ပြခဲ့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၂)ဦး၏ အမည်စာရင်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၂)ဦး၏ အမည်စာရင်းအား အဆိုပြုတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်၍ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၂)ဦးအဖြစ် ဦးမောင်မောင်အေး (ဘ)ဦးတုတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၄/ပသန(နိုင်)၀၁၇၀၁၄နှင့် ဒေါ်လွင်လွင်အေးကျော် (ဘ)ဦးအေးကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/ပမန(နိုင်)၀၂၇၆၆၆ တို့အား လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်-

- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၉)ခု၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် တွေ့ဆုံမှုများ၊ ကြားနာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ခံဆွေးနွေးတင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]** ။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ အောက်ပါဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)(၁၂-၅-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မိန့်ခွန်း။
- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏(၁-၁၁-၂၀၁၅)ရက်မှ (၃၀-၄-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ (၁-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီအစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)(၁၃-၅-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)(၁၆-၅-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေချုပ်၏ (၈-၄-၂၀၁၆)ရက်မှ (၃၀-၄-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံ ရေးရာ ကော်မတီ အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်

- (၃-၃-၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ Philipp Annawitt (UNDP) ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံမှု။
- (၁၄-၃-၂၀၁၆)ရက်နေ့နှင့် (၁၇-၃-၂၀၁၆)ရက်နေ့တွင် ကာကွယ်ဆေးထိုးနှံရာမှ မွေးကင်းစ ကလေးငယ်(၂၈)ဦး၏ ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေ ဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ ကြားနာမှု။
- (၂၈-၄-၂၀၁၆)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပပြုလုပ်မှု။
- (၁၁-၅-၂၀၁၆)ရက်နေ့တွင် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ပေါင်းစုလုပ်အား ကူညီပေးရေးအဖွဲ့ Network Activites Group (NAG) လာရောက်တွေ့ဆုံမှု။
- (၁၀-၅-၂၀၁၆)ရက်နေ့မှ (၁၁-၅-၂၀၁၆)ရက်နေ့ထိ တိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ အလုပ်သမား ကိစ္စရပ်များ စွမ်းရည်မြှင့်တင်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားပြဿနာ ဖြေရှင်းရေးခုံသမာဓိ ကောင်စီအဖွဲ့ဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်မှု။
- (၁၄-၅-၂၀၁၆)ရက်နေ့မှ (၁၅-၅-၂၀၁၆)ရက်နေ့ထိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် များအား ဘတ်ဂျက်နှင့်ပတ်သက်သည့် စွမ်းရည်မြှင့်သင်တန်း ကျင်းပပြုလုပ်မှုတို့ကို မှတ်တမ်း တင်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၏ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

## တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအား အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွှတ်တော်များနှင့် အစိုးရအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းပြီး ပြောင်းလဲတိုးတက်မှုများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အကောင်းဆုံး ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၅)နှစ်သက်တမ်းအတွက် ပထမဆုံး အဆိုမေးခွန်းအဖြေများ စတင်ဆောင်ရွက်သော လုပ်ငန်းစဉ် ဖြစ်သည့် လွှတ်တော်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ပထမခြေလှမ်းဖြစ်ပြီး အောင်မြင်စွာလှမ်းနိုင်ခဲ့သည်ဟု ပြောခွင့်ရရှိပြီးဖြစ်ကြောင်း၊ မိမိတို့မေးမြန်းခဲ့သော အဆိုမေးခွန်းများအား ပြန်ပြီးအကဲဖြတ်ကြည့်နိုင်ရန် လိုအပ်ကြောင်းနှင့် မေးမြန်းခဲ့သော အဆိုမေးခွန်းများသည် ပြည်သူများအား မည်ရွေ့မည်မျှ အကျိုးပြုနိုင်သည့်မေးခွန်း၊ ပြည်သူ့ဘဝကို မည်ရွေ့မည်မျှတိုးတက်ဖွံ့ဖြိုးအောင် အကျိုးပြု ဆောင်ရွက်နိုင်မည့် မေးခွန်းများ၊ အဖြေများဖြစ်သည်ကို ဆန်းစစ်၍လိုမည်ဟုထင်ပါကြောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များသည် လိုအပ်ချက်များအား လွှတ်တော်သို့တင်ပြကြပြီး တင်ပြလာသည့် အကြောင်းအရာမှန်သမျှအား တာဝန်ရှိသော သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများက ပြန်လည်ဖြေကြား ပါကြောင်း၊ အပြန်အလှန်နားလည်မှုရှိရန် လိုအပ်ပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှု (Co-operation)နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု (Co-ordination)ရှိမည်ဆိုလျှင် အားလုံးအောင်မြင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃)ရပ်အနက်မှ ဥပဒေပြုရေး တာဝန်များကို အဓိကဖော်ဆောင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအားလုံး အတည်ပြုပေါ်ပေါက်ခဲ့ပြီးဖြစ်သည့်အတွက် ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အတွက် ဥပဒေပြုရေးတာဝန်၊ စောင့်ကြည့်လေ့လာ စိစစ်ရေးတာဝန်နှင့် အပြန်အလှန်ထိန်းကျောင်းရေး တာဝန်များကို တိုင်းဒေသကြီး လွှတ်တော်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးမှ အဂတိတရား ကင်းစင်စွာဖြင့် ပြည်သူလူထုအတွက် မေတ္တာစေတနာထားပြီး **“ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ”** ဟူသော ဒီမိုကရေစီ အခြေခံဆောင်ပုဒ်အတိုင်း ပြည်သူများနှင့်သွားရောက်တွေ့ဆုံခြင်း၊ ပြည်သူများ၏ ဆန္ဒသဘောထားများရယူခြင်း၊ သတင်းအချက်အလက်များ ခိုင်လုံအောင်စုဆောင်းခြင်း၊ သက်ဆိုင်ရာ နယ်မြေခံအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုအတွင်း ရပိုင်ခွင့်နှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအား လိုက်နာ ဆောင်ရွက်တတ်စေရန် ပညာပေးစည်းရုံးပေးကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ရလိုတာတောင်းဆိုမှုပြုနိုင်သလို မိမိတို့ကိုယ်တိုင်က ပေးဆပ်ပါဝင်လုပ်ကိုင်ကြရမည့် တာဝန်၊ ဝတ္တရားပိုင်းများကိုလည်း ဆောင်ရွက်

စေလိုပါကြောင်း၊ ဒါမှသာ လွှတ်တော်နှင့် ပြည်သူလူထု တစ်သားတည်းကျပြီး အောင်မြင်နိုင်မှာ ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦးမှ မေးခွန်းပေါင်း (၁၃၃)ခု မေးမြန်းခဲ့ပါကြောင်း၊ မေးခွန်း (၄၈)ခုကို ဖြေကြားခဲ့ပြီး စာဖြင့် (၈၁)ခုအား ဖြေကြားခဲ့ပါကြောင်း၊ အဆို ( ၄ )ခုနှင့် အရေးကြီးအဆို (၁)ခုတွင် ( ၄ )ခုကို လွှတ်တော်တွင် အတည်ပြုပြီး ( ၁ )ခုအား ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ အစီရင်ခံစာများပေးပို့ခဲ့ပါကြောင်း၊ အစီရင်ခံစာများတွင် ပါဝင်သည့် အကြံပြုချက်များသည် အလွန်ကောင်းမွန်ပါကြောင်း၊ နောင်အစည်းအဝေးပွဲများတွင် မေးခွန်းများ၊ အဆိုများအား စိစစ်ရေးကော်မတီဖွဲ့စည်း၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နောင်ကျင်းပမည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းကောင်း၊ အဆိုကောင်းများကိုလည်း ဝိုင်းဝန်းကြိုးပမ်း ပြင်ဆင်ထားနိုင်ပါရန် ပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။